
www.burmeseclassic.com

# စိတ္တအဂ္ဂ

တမလွန် သစ္စာ




www.burmeseclassic.com

www.burmeseclassic.com

# တာမလွန်သစ္စာ

## ဓိကြွေအာဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ထူးခြားသောညေ့်သည်

တမလွန်သံယောဇဉ်

အဏ္ဏဝါပြင်မှဒေါသ

ရမ္မက်သားရဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)



## ထူးခြားသောဧည့်သည်

တစ်နေ့သ၌ ညနေစောင်းအချိန်တွင် ကျွန်ုပ်နေထိုင်ရာ ရန်ကုန်မြို့၊ ဗားကရာချောက်အနီးရှိ နှပ်ထပ်ပျဉ်ထောင်အိမ်ကြီး ၏ရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ရောက်လာပြီးလျှင် အသား ညိုညိုနှင့် လွန်စွာပိန်လှီသောလူကြီးတစ်ဦးသည် လွယ်အိတ် တစ်လုံးကို စလွယ်သိုင်းလွယ်လျက် လက်တစ်ဖက်တွင် အခြား လွယ်အိတ်ဟောင်းတစ်လုံးကိုစုကိုင်ကာ မြင်းလှည်းပေါ်မှ ခပ် ဖြည်းဖြည်း ဆင်းသက်လာလေ၏။

ထိုသူမှာ ... တဘက်အဖြူတစ်ထည်ကို ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းထားပြီး ဖျင်ကြမ်းတိုက်ပုံကို ပုဆိုးကြမ်းအကွက်ကျဲတိုတိုနှင့် တွဲဖက်ဝတ်ထားရာ ရန်ကုန်မြို့နှင့် ဝေးကွာသည့် တောရွာတစ်ရွာမှလာသော တောသားတစ်ဦးမှန်း သိသာလှပေသည်။

ထိုသူငှားလာသောမြင်းလှည်းမှာ ကြည့်မြင်တိုင်ကမ်းနားဈေးအနီးရှိ မြင်းလှည်းဂိတ်မှ ကျွန်ုပ် တစ်ခါတစ်ရံစီးလေ့ရှိသော မြင်းလှည်းဖြစ်ရာ ယင်းမြင်းလှည်းမောင်းသမား စံမတူ (ခေါ်) မြင့်ဦးမှာလည်း ကျွန်ုပ်နှင့် ရင်းနှီးသူဖြစ်ပေ၏။

"ဆရာကြီး ... ဆရာကြီးရဲ့ဧည့်သည်လာတယ်"

စံမတူ (ခေါ်) မြင့်ဦးက လှမ်းအော်ပြောသဖြင့် ကျွန်ုပ်လည်း ဧည့်သည်ဆိုသူ၏မျက်နှာကို အိမ်ရှေ့ဝရန်တာထက်ရှိ ပက်လက်ကုလားထိုင်ပေါ် ထိုင်လျက်မှ လှမ်းကြည့်အကဲခတ်လိုက်သော်လည်း ထိုသူ့ကို ကျွန်ုပ် မသိချေ။

"ဘယ့်နှယ် ... ဒီအသားမည်းမည်း၊ ပိန်လှီလှီလူကြီးက ငါ့ရဲ့ဧည့်သည်တဲ့၊ သူ့ကိုလည်း ငါ မသိပါလား"

ထိုတောသားဧည့်သည်ကမူ ကျွန်ုပ်ရှိရာသို့ မျှော်ကြည့်ပြီး ကျိုးတိုးကျဲတဲသွားများပေါ်အောင် ပြုံးလိုက်ရှာ၏။

သူပြုံးလိုက်မှ ... သူ့မျက်နှာကို တစ်နေရာရာ၌





ရင်းရင်းနှီးနှီး မြင်ဖူးသလိုလို စိတ်ဝယ် ခံစားလိုက်ရတော့သည်။

မြင်းလှည်းပြန်လည်ထွက်ခွာသွားချိန်မှာပင် ထိုလူသည် စေ့ရုံစေ့ထားသည့် ခြံတံခါးကို တွန်းဖွင့်ကာ ကျွန်ုပ်၏ခြံဝင်းထဲသို့ ခပ်ဖြည်းဖြည်း လှမ်းလျှောက်ဝင်လာပြီးလျှင် ဖိနပ်ချွတ် ဝရန်တာဆီ အားယူလှမ်းတက်လာလေ၏။

ယင်းအချိန်အထိ ထိုသူ့ကို ကျွန်ုပ်မမှတ်မိသေးချေ။

ထိုသူက ကျွန်ုပ်ရှိရာဆီ လှမ်းလာပြီး ကျွန်ုပ်၏ရှေ့မှ ကြိမ်ဆက်တီခုံဟောင်းလေးပေါ်သို့ ခပ်ဖြည်းဖြည်း ထိုင်ချလိုက်လေသည်။

သူ့ကိုကြည့်ရသည်မှာ အတော်မကျန်းမမာဖြစ်နေပုံရပြီး ဤမျှ လှမ်းလျှောက်လာရသည်ကိုပင် လွန်စွာ မောပန်းဟန်ဖြင့် ဟောဟဲဆိုက်နေရှာလေ၏။

ပါးစပ်ဟကာ အသက်ကို ပြင်းပြင်းရှူနေသည့် ထိုလူ၏ ရင်ဘတ်က မြင့်ချည် နိမ့်ချည် ဖြစ်လျက်ရှိရာ အနီးသူသည်ကား စာရေးဆရာအိမ်နှင့် ဆေးဆရာအိမ် မှားဝင်လာသူများလားဟု ကျွန်ုပ် သံသယပွားမိတော့သည်။

သူ့ကို မျက်မှောင်ကြီးကြုတ်ကြည့်နေသည့် ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အားယူပြုံးပြလိုက်ပြီးနောက် အတော်အတန် အမောပြေသွားဟန်ဖြင့် ခပ်တိုးတိုးပြောသည်။

"မင်းကို တွေ့ . . . တွေ့မှ တွေ့ပါ့မလားလို့ . . . စိန် . . . စိန်ခြူး ကြာညောင်ရယ်"

ထိုအခါမှ . . . ကျွန်ုပ်မှာ မျက်လုံးပြူးသွားမိတော့၏။ ကျွန်ုပ်၏နာမည်ရင်းမှာ မောင်စိန်ခြူးဖြစ်ရာ ငယ်သူငယ်ချင်းများက နောက်ပြောင်ပြီး စိန်ခြူးကြာညောင်ဟု ခေါ်လေ့ရှိခဲ့ကြလေ၏။

သို့ဆိုလျှင် အသက်ငါးဆယ်ခန့်ရှိမည့် ထိုလူမှာ ကျွန်ုပ်၏ငယ်သူငယ်ချင်းများထဲမှ ဖြစ်ရမည်မို့ ကျွန်ုပ် မျက်လုံးပြူးသွားရခြင်းဖြစ်ပေသည်။

ကျွန်ုပ်လည်း ငယ်သူငယ်ချင်းများထဲမှ မည်သူများဖြစ်မည်နည်းဟု စေ့စေ့ကြည့်မိရာ ထိုသူက ထပ်မံပြုံးလိုက်သည့်တွင် သူ၏ငယ်ရုပ်ကို ဖမ်းမိတော့၏။

"ဟာ . . . ဟေ့ . . . သူ သူကြီးမဟုတ်လား"

"ဟုတ်တယ်လေကွာ စိန်ခြူးရဲ့။ မင်း ငါ့ကို မမှတ်မိဘူးလားကွဲ့"





"ဟာ သူကြီး . . . သူငယ်ချင်း မင်းကွာ၊ ငယ်ငယ်က ဖြူဖြူချောချော ဝဝလုံးလုံးနဲ့ ခု ဘယ့်နှယ်ဖြစ်ရတာတုံး။ မည်းပြီး ပိန်လို့ပါလား"

ကျွန်ုပ်၏ငယ်သူငယ်ချင်း သူကြီး (ခေါ်) အောင်သိန်းမှာ သက်ပြင်းကြီးချပြီး ကြိမ်ဆက်တီခုံ၏နောက်မှီ၌ ကျောမှီလိုက်ရင်း ခပ်ဖြည်းဖြည်း ပြောရှာလေသည်။

"ငါ မမာဘူးသူငယ်ချင်း။ ရင်ကြပ်ပန်းနာဖြစ်တာ သုံးနှစ်လောက်ရှိပြီ။ ရင်ကြပ်ပန်းနာရောဂါ ပျောက်ဆေးတွေစားတော့ ဆေးကဆေးပူတွေကွ။ ဒါကြောင့် ရင်ကြပ်ပန်းနာတော့ သက်သာပါရဲ့ ဒါပေမဲ့ အဲဒီဆေးပူတွေကြောင့် ဝမ်းသွားတဲ့အခါ စအိုက တအားပူတယ်ကွာ။ နောက်တော့ စအိုဝကယားပြီး အနာဖြစ်လာတယ်။ ရွာနီးချုပ်စပ်ကရော ဘိုကလေးကရော ဆေးဆရာတွေပြတာလည်း စုံနေပြီကွာ။ စအိုမြစ်ပွားနာ ဖြစ်နေတာတဲ့"

"ဟာ"

သူငယ်ချင်းဖြစ်သူမှာ လွန်စွာကြောက်စရာကောင်းလှသော မြစ်ပွားနာဖြစ်နေသည်ဆိုသောကြောင့် ကျွန်ုပ်အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



များစွာတုန်လှုပ်ကာ စိတ်မကောင်းဖြစ်ရလေသည်။

"ဖြစ်မှုဖြစ်ရလေ သူငယ်ချင်းရယ်"

"ကံပဲပေါ့ကွာ၊ မြစ်ပွားနာအတွက် ဆေးတွေသောက်ရ ပြန်တော့လည်း ဆေးက ဆေးပူတွေပဲကွ။ ဒီတော့ လူက ပိန်ချုံး သထက်ချုံးပြီး ဆေးဒဏ်ကြောင့် အသားအရေလည်း မွဲခြောက်၊ ဆံပင်တွေလည်း ကျွတ်ကုန်ပြီ သူငယ်ချင်း"

သူကြီး (ခေါ်) အောင်သိန်းက ဦးခေါင်း၌ ရစ်ပတ်ထားသည့် တဘက်ဖြူဖြူပွပွကြီးကို အသာဖြည်ချွတ်လိုက်ရာ သူ၏ ခေါင်းမှာ ကတုံးဖြစ်နေကြောင်း တွေ့ရလေ၏။

"ဆံပင်တွေကျွတ်လွန်းလို့ ကတုံးရိတ်ထားတာလေ"

ဟုပြောရင်း သူ့ခေါင်းကို လက်ဖဝါးတစ်ဖက်ဖြင့် ခပ်ဖြည်းဖြည်း ပွတ်နေသည်ကို စိတ်မချမ်းသာစွာ ငေးကြည့်ရင်း ကျွန်ုပ်က မလွှဲမရှောင်သာစွာ တဲ့တိုးမေးရတော့သည်။

"ဒါဆို ...မင်း အခု ငါ့ဆီလာတာ ဒီရန်ကုန်မှာ ဆေးကုချင်လို့ပေါ့ ဟုတ်လား။ ငါ့အိမ်မှာတည်းပြီး ဆေးကုမယ်ပေါ့ ဟုတ်လား"

ထိုအခါ ...သူကြီးက မျက်တောင်လေး ပုတ်ခတ်





ပုတ်ခတ်ပြုရင်း ဖြည်းဖြည်းတိုးတိုး မေးရှာလေသည်။

"အေး ...ငါ ငါ ... မင်းရဲ့အိမ်မှာ တည်းလို့ဖြစ်ပါတယ်နော် သူငယ်ချင်း။ ငါ့မှာလည်း ရန်ကုန်မှာနေတဲ့ သူငယ်ချင်းဆိုလို့ မင်းတစ်ယောက်တည်း ရှိလို့ပါကွာ။ မင်း ရန်ကုန်မှာ စာရေးဆရာကြီးဖြစ်နေတယ်၊ ဗားကရာဘက်မှာ နေတယ်လို့ ချိုလိန်က ပြောဖူးလို့ပါ"

"ဩော် ...ဖေမောင်ထွန်းလား၊ အဲဒီကောင်နဲ့မင်း တွေ့သေးတယ်ပေါ့"

"မနှစ်က ရွာဘုရားပွဲမှာ တွံတေးက ရွှေခတ္တာအငြိမ့်ပွဲ ဝင်တယ်လေကွာ။ ချိုလိန်က ရွှေခတ္တာအငြိမ့်ခေါင်းဆောင် မင်းသမီး ခတ္တာရဲ့ယောကျ်ားကွ။ ဒီတော့ အဲဒီကောင်ပါ ရွာပါလာပြီး ငါနဲ့တွေ့တာပါပဲ။ ငါက ရန်ကုန်သွားချင်တယ်ဆိုတော့ ရန်ကုန်မှာ မင်းရှိတယ်တဲ့။ မင်းက သူငယ်ချင်းတွေဆို တအားကူညီတယ်တဲ့။ သွားလိုက်ဆိုပြီး မင်းရဲ့စာရေးဆရာနာမည်ပါ ပြောလိုက်လို့ ငါလာနိုင်တာကွ။ ရန်ကုန်ဆိပ်ရောက်ရင် ဘယ်မြင်းလှည်းသမား ပို့ခိုင်း,ပို့ခိုင်း မင်းအိမ်ကို ရောက်တယ်တဲ့"

သူတစ်ပါးကို ချောက်ချရာ၌ နိုးတူးဖြစ်သော ယော်သူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်း ဖေမောင်ထွန်း (ခေါ်) ချိုလိန်ကို ကျွန်ုပ် စိတ်ထဲမှ ကြိတ်ဆဲလိုက်မိတော့၏။

"တောက် . . . သေခါနီးကောင်ကို ငါ့ဆီ မရောက်ရောက်အောင် လွှတ်လိုက်တယ်။ သင်းကတော့ အောက်မြန်မာပြည်အနှံ့ သူ့မယားအငြိမ့်ကရာ ရွာရိုးကိုးပေါက် လျှောက်လိုက်နေတယ် . . . ဟင်း ဟင်း"

ကျွန်ုပ်အနေဖြင့် နှစ်ပေါင်းများစွာ ကွဲကွာနေသည့် ငယ်သူငယ်ချင်းတစ်ဦးအား ပြန်လည်ဆုံတွေ့ရသဖြင့် ဝမ်းပန်းတသာဖြစ်မိသော်လည်း ကုရာနတ္ထိ ဆေးမရှိသည့် မြစ်ပွားနာရောဂါစွဲကပ်လျက်ရှိပြီး မီးစာကုန်ဆီခမ်းဖြစ်ကာ မကြာမီ လူ့လောကမှ ထွက်ခွာလုလု လူနာတစ်ဦးအဖြစ် အိမ်မှာခေါ်တင်ထားရန် ဝန်လေးနေမိသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

တွေတွေဝေဝေဖြင့် ငေးငိုင်ငိုင်ဖြစ်သွားသည့် ကျွန်ုပ်၏ အရိပ်အကဲကို အကဲခတ်မိဟန်ဖြင့် သူကြီး (ခေါ်) အောင်သိန်းက မျက်နှာလေး ညှိုးငယ်လျက်မှ ကျွန်ုပ်ကို အသနားခံသလို လေသံပျော့ပျော့လေးဖြင့် ပြောလာပြန်သည်။

"သူငယ်ချင်း . . . ငါ့ကိုလက်ခံထားဖို့ မင်းမှာ အခက်





အခဲ အတော်ဖြစ်နေသလားကွာ။ ဒါ . . . ဒါဆိုလည်း ဒီတစ်ညတော့ မင်းအိမ်မှာ အိပ်ပါရစေ။ မနက်ဖြန်မနက်ကျရင် ရွှေတိဂုံဘုရားက ဇရပ်တစ်ဆောင်ဆောင်မှာ ပြောင်းနေပါ့မယ်ကွာ။ ချိုလိန်ကလည်း ပြောတယ် . . .။

ရန်ကုန်မှာ မင်းကို ရှာမတွေ့ရင် ရွှေတိဂုံဘုရားရောက်အောင်သွားတဲ့၊ ဘုရားဝန်းကျင်က ဇရပ်တစ်ဆောင်ဆောင်မှာ တည်းခိုလို့ရတယ်တဲ့"

သူ၏အပြောကြောင့် ကျွန်ုပ်မှာ များစွာ စိတ်မကောင်းဖြစ်သွားရလေသည်။

"သူငယ်ချင်းရာ . . . ရန်ကုန်မှာ ငါတစ်ယောက်လုံးရှိပါလျက်နဲ့ မင်းလည်း ငါနဲ့တွေ့ပါလျက်နဲ့ ဘုရားစောင်းတန်းက ဇရပ်မှာ သွားတည်းရမယ်လို့ မဟုတ်တာကွာ။ ငါ စဉ်းစားနေတာက မင်းတည်းခိုဖို့ကိစ္စအတွက် မဟုတ်ပါဘူး။ မင်းရဲ့ကျန်းမာရေးအတွက်ပါ . . .၊

ဒါထက် ဘိုကလေးကနေ ငါတို့မိသားစု ထွက်လာတော့ မင်းတို့ ငါတို့ရဲ့အသက်က ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိတယ်နော်။ မင်းရဲ့မိဘတွေရော ရှိသေးသလား။ မင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်လည်းကျတယ် မဟုတ်လား။ ပြီးတော့ ဘိုကလေးက ဟိုကောင်တွေရော၊ အဒူလေးလှမြင့်တို့ ဇာဇာလှမြင့်တို့ ကုလားကြီးကျော်ကျော်တို့ရော ရှိသေးရဲ့လား''

သူကြီး (ခေါ်) အောင်သိန်းသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်ပြီးလျှင် –

''အင်း . . . အဲဒီကောင်တွေလည်း အကုန်သေကုန်ပါပြီကွာ။ ငါ့ရဲ့မိဘတွေလည်းမရှိတော့ပါဘူး။ ငါလည်း မိန်းမရပြီးတဲ့နောက် ဘိုကလေးကနေ ငါ့မိန်းမရဲ့ရွာ ဘီလူးရယ်ကို ပြောင်းခဲ့တယ်ကွ။ သူ . . . သူငယ်ချင်း အဲဒီကိစ္စတွေကို ငါ အေးအေးဆေးဆေးကျ ပြောပြပါ့မယ်ကွာ။ ခု . . . ငါ ခရီးပန်းလာလို့ နည်းနည်းမောလာတယ်ကွာ၊ ငါ . . . ငါ နားချင်တယ် သူငယ်ချင်းရာ''

ဟု လေသံဖျော့ဖျော့လေးဖြင့် ပြောလိုက်ရာ ကျွန်ုပ်လည်း ယခုမှ မိမိ၏ ဧည့်ဝတ်မကျေပွန်မှုကို သတိပြုမိပြီး တပည့်ဖြစ်သူ မောင်ဗေဒါအား အော်ခေါ်ရတော့သည်။

''ဗေဒါရေ . . . ဗေဒါ''

''ဗျာ . . . ဆရာ''





ဗေဒါက အိမ်နောက်ဖေးဘက်မှ ပြေးထွက်လာတော့သည်။

''ဗေဒါရေ . . . ဒီက ငါ့ရဲ့သူငယ်ချင်းအတွက် ဒီအောက်ထပ် ခေါင်းရင်းဘက်ကအခန်းမှာ အိပ်ရာနေရာ ပြင်ပေးစမ်းကွာ၊ မြန်မြန်လုပ်၊ သူက အနားယူချင်နေပြီ။ တအောင့်လောက်ကြာရင် ညစာစားကြမယ်၊ ဟင်းတွေ နွေးထားလိုက်ဦး''

''ဟုတ်ကဲ့ဆရာ''

ဤတွင် . . .

အောင်သိန်းက သူ၏ရှေ့စားပွဲပုလေးပေါ် ချထားသည့် လွယ်အိတ်ဟောင်းလေးအား ခပ်ဖြည်းဖြည်း ကောက်ယူမြှောက်ပြပြီး –

''ဒီမှာသူငယ်ချင်း . . . ငါ ကကုရုံခြောက်တွေ ယူလာတယ်''

ဟုပြောကာ ဗေဒါအား လှမ်းပေးလိုက်လေသည်။

အိမ်အတွင်းခန်းသို့ ဗေဒါဝင်သွားစဉ် အောင်သိန်းက ကျွန်ုပ်ကို ငေးရီရီမျက်လုံးများဖြင့် ကြည့်ရင်း ခပ်တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း . . . ငါ ရန်ကုန်ကိုလာတာ ဆေးလည်း ကုရင်း၊ ငါ့ရဲ့ ပျောက်နေတဲ့ သားကိုပါ ရှာရင်း . . . ဆိုပါတော့ ကွာ"

"ဘာ . . . မင်းရဲ့ပျောက်နေတဲ့သား ဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်း၊ ငါ့ရဲ့ဘဝမှာ ယုံရခက်တဲ့ကိစ္စ တွေ အများကြီးကြုံခဲ့ရတယ် သူငယ်ချင်း။ အဲဒီအဖြစ်အပျက် တွေကို မှတ်တမ်းရေးပြီး ဟောဒီလွယ်အိတ်ထဲမှာ ထည့်ထား တယ် . . .။

မင်းနောက်တော့ဖတ်ကြည့်ပေါ့။ ငါ ငါကိုယ်တိုင်းလည်း ပြောပြပေးမှာပါ . . .၊

ငါ့ရဲ့ အမိကရည်ရွယ်ချက်က ဆေးကုသဖို့ထက် ရန် ကုန်မှာရောက်နေတယ်လို့ သတင်းသဲ့သဲ့ကြားရတဲ့ ငါ့ရဲ့သားကို ရှာဖို့ပဲ သူငယ်ချင်း။ သူ့ကိုတွေ့တဲ့အချိန်မှာ ငါ့ရဲ့ဖြစ်ရပ်တွေ ပြောပြချင်တယ်"

"မင်းရဲ့စကားက အဆန်းပါလား။ မင်း ဘာတွေကြုံခဲ့ လို့လဲ သူငယ်ချင်း"

"မယုံနိုင်လောက်စရာ အင်မတန် ထူးခြားတဲ့အဖြစ်





တွေ ကြုံခဲ့ရတာပါ။ အဲ . . . အဲဒါတွေ မင်းကို ပြောပြပါဦး မယ်"

သူက လွယ်ထားသည့်လွယ်အိတ်ကို လက်ဖြင့်ပုတ်ပြ ပြန်သည်။

"အဲဒီအဖြစ်အပျက်တွေကို မှတ်တမ်းတင် ရေးထားပါ တယ်ကွာ"

ထိုစဉ် ဗေဒါက အိမ်ရှေ့ဘက်သို့ထွက်လာသည်။

"ဆရာ . . . ဒီက ဦးအတွက် အိပ်ရာနေရာပြင်ပြီးပါ ပြီ"

"ကဲ သူငယ်ချင်း . . . သူကြီး . . . မင်း အနားယူဦး ကွာ။ တအောင့်လောက်ကြာမှ ညစာစားကြတာပေါ့"

"အေး . . . အေးပါ . . . သူငယ်ချင်းရယ်၊ ကျေးဇူးပါ ပဲကွာ"

ကျွန်ုပ်၏သူငယ်ချင်း သူကြီး (ခေါ်) အောင်သိန်းက ကြိမ်ဆက်တီခုံမှ ခပ်ဖြည်းဖြည်းအားယူကာ ထသည်။ ပြီးနောက် ဗေဒါခေါ်ဆောင်ရာနောက်သို့ ခပ်ဖြည်းဖြည်းလှမ်းကာ လိုက်ပါ သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏာအကြာဝယ် ပေဒါပြင်ပေးသည့် အိပ်ရာပေါ် သူ နှမ်းလျစွာ လဲလျောင်းလိုက်သည်။ ထိုသို့ လဲလျောင်းပြီးနောက် တွင်မူ မည်သည့်အခါမျှ သူ ပြန်မထနိုင်တော့ချေ။

⁂

"ဆရာကတော့ အိမ်ပေါ်မှာ နေရင်းထိုင်ရင်း အိုင်ယာလန်ထီပေါက်တာပဲ"

ပေဒါက ကျွန်ုပ်၏အဖြစ်ကို ရယ်ဖွဲ့ဖွဲ့ကာ ပြောလေသည်။

"အေးပေါ့ကွာ ... ဘာတတ်နိုင်မှာလဲ။ သေမယ့်ကောင်က သေမယ့်နေ့မှာမှ ငါ့ရဲ့အိမ်ပေါ်တက်လာတယ်။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသလိုပါပဲ။ အသုဘတစ်ခုကို သဂြိုဟ်ပေးလိုက်ရတာဟာ ကျောင်းဆယ်ကျောင်းဆောက်လှူတာထက် ကုသိုလ်ပိုရတယ်လို့ပဲ မှတ်လိုက်ပါ့မယ် ပေဒါရယ်"

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ငယ်သူငယ်ချင်းဖြစ်သူ သူကြီး (ခေါ်) အောင်သိန်း၏ဈာပနကိစ္စ အဝဝအား ဆောင်ရွက်ပေးပြီးနောက် သူ၏လွယ်အိတ်ကြီးထဲမှ သတင်းစာစက္ကူဖြင့် ပတ်ကာ ဘန်ချည်ကြိုးဖြင့် ချည်ထားသည့် ကော်ပီစာအုပ်ကို ထုတ်ယူလိုက်ပြီး အိမ်ရှေ့ဝရန်တာမှာပင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်လျက် အေးဆေးစွာ ဖတ်ရှုလေ့လာကြည့်လိုက်ရာ –

ဖတ်ရင်း ဖတ်ရင်း ... သူကြီး (ခေါ်) အောင်သိန်း တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းတို့ကို လွန်စွာ စိတ်ဝင်စားလာမိတော့၏။

အောင်သိန်းမှာ ငယ်စဉ်ကပင် တည်တည်ငြိမ်ငြိမ်နေတတ်ပြီး မဟုတ်မှန်သောစကားကို ပြောတတ်သူမဟုတ်ချေ။ လူကြီးသူမတစ်ဦးနှယ် ကလေးအပြည့်ဖြင့် နေထိုင်တတ်သူဖြစ်သောကြောင့်လည်း သူ့ကို ကျွန်ုပ်တို့ သူငယ်ချင်းတစ်စုက သူကြီးဟူသည့်ဘွဲ့ ပေးထားကြခြင်း ဖြစ်ပေသည်။

သို့နှယ် ... ငယ်စဉ်ကတည်းက မမှန်စကားမပြောဘဲ တည်တည်ကြည်ကြည်နေတတ်သည့် သူကြီး (ခေါ်) အောင်သိန်းကိုယ်တိုင် ရေးထားသောမှတ်တမ်းမှာ မဟုတ်ကဟုတ်က





ရေးထားခြင်း လုံးဝမဖြစ်နိုင်ချေ။

သူကိုယ်တိုင် အကယ်ပင် ကြုံတွေ့ခံစားခဲ့ရသမျှကို ရေးသားမှတ်တမ်းတင်ထားခြင်း ဖြစ်ရမည်ဟု ကျွန်ုပ်ယုံကြည်မိပေသည်။

သို့သော် သူ၏အဖြစ်အပျက်များသည်ကား လုံးဝ မယုံနိုင်ဖွယ်ရာများ ဖြစ်ပေ၏။

မည်သို့ဆိုစေ အောင်သိန်း ကြုံဆုံခဲ့သည့်အဖြစ်အပျက်များကို လုံးစေ့ပတ်စေ့သိရပြီးနောက် သူ့ကိုယ်စား ထမ်းဆောင်ရမည့် တာဝန်ကြီး ကျွန်ုပ်၏ပခုံးပေါ် ကျရောက်လာခဲ့ပါတော့၏။

ဤနေရာတွင် သူ၏ဖြစ်ရပ်များကို စာဖတ်ပရိသတ်များနားလည်သိမြင်နိုင်စေရန် ကော်ပီစာအုပ်ပါ သူ၏မှတ်တမ်းတို့ကို ဝတ္ထုသွားဖြင့် ဖော်ပြပေးလိုက်ပါသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## တမလွန်သံယောဇဉ်

အောင်သိန်းသည် မိဘများကွယ်လွန်သွားပြီးနောက် ဘိုကလေးမြို့၌လည်း ဆွေမျိုးသားချင်းများ မရှိတော့သည်နှင့် ငယ်သူငယ်ချင်းဖြစ်သူ တာတီး (ခေါ်) စိုးဝင်းနှင့်အတူ ပင်လယ်ဘက်သို့ထွက်သော ငါးဖမ်းစက်လှေဖြင့်လိုက်ကာ အသက်မွေးမှု ဆက်လက်ပြုနေလေ၏။

ပင်လယ်ထဲ၌ တစ်လကိုးသီတင်းကြာမျှ ငါးဖမ်းပြီးနောက်တွင်လည်း ဘိုကလေးသို့မပြန်ဘဲ ဘိုကလေးမြို့မှ မြစ်ရိုးအတိုင်း စုန်ဆင်းသွားလျှင် နှစ်မိုင်ခန့်အကွာရှိ သူငယ်ချင်းဖြစ်သူ





တာတီး (ခေါ်) စိုးဝင်း နေထိုင်ရာ ဘီလူးရယ်ရွာ၌သာ လိုက်ပါနေထိုင်သည်က များလေသည်။

တာတီးသည် မူလက ဘိုကလေးသားဖြစ်သော်လည်း ဘိုကလေးမြို့သို့ ပင်လယ်ထွက်ကုန်များ လာရောင်းလေ့ရှိသော ဘီလူးရယ်ရွာသူ မငွေမှုန်နှင့် ညားပြီးနောက် ဘီလူးရယ်ရွာသို့ လိုက်ပါနေထိုင်သူဖြစ်၏။

အောင်သိန်းသည် တာတီး၏အိမ်သို့ မကြာခဏလိုက်ပါနေထိုင်ရင်း တာတီး၏ခယ်မဖြစ်သူ စိန်မှုန်နှင့် ခင်မင်ရင်းနှီးရာမှ ရည်ငံမိကြလေသည်။

ယင်းသို့ဖြင့် နှစ်နှစ်ခန့်အကြာတွင် တာတီးသည် အရက်အလွန်အကျွံသောက်ရာမှ အရက်နာကျပြီး အဖျားပါဝင်ကာ ကွယ်လွန်သွားလေရာ ငွေမှုန် စိန်မှုန် ညီအစ်မကို အောင်သိန်းကပင် စောင့်ရှောက်ထားရလေ၏။

ငွေမှုန်မှာ လင်ဖြစ်သူတာတီး ကွယ်လွန်သွားချိန်တွင် ကိုယ်လေးလက်ဝန်ဖြင့် ကျန်ရစ်ခဲ့ရာမှ ကိုယ်ဝန်ရင့်ကာ မွေးဖွားသည်တွင် ကလေးမီးမဖွားနိုင်သဖြင့် မီးတွင်း၌ပင် ကလေးရောလူကြီးပါ ကွယ်လွန်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လောကအလယ်တွင် မျက်စိသူငယ် နားသူငယ်ဖြင့် ကျန်ရစ်ရှာသည့် စိန်မှုန်ကို အောင်သိန်းမှလွဲ၍ စောင့်ရှောက်မည့်သူ မရှိတော့ချေ။

"စိန်မှုန် ... နင် ဘာမှအားမငယ်နဲ့၊ နင့်ကို ငါ လက်ထပ်မယ်"

"အို ... လက်ထပ်ပြီးရင် ကိုအောင်သိန်းက ဘယ်မှာနေမှာလဲ။ စိန်မှုန်ကတော့ မိဘနှစ်ပါးရော အစ်မငွေမှုန်ပါ ခေါင်းချခဲ့တဲ့ ဒီဘီလူးရယ်ကနေ ဘယ်မှ မပြောင်းနိုင်ဘူးနော်"

"အေးပါဟာ၊ နင်နဲ့ညားပြီးရင် ဘိုကလေးကအိမ်ပိုင်းလေးကို ရောင်းပြီး ဒီရွာမှာပဲ လာနေပါ့မယ်"

သို့ဖြင့် အောင်သိန်းသည် ဘိုကလေးမြို့ကိုစွန့်ခွာကာ ဘီလူးရယ်ရွာ၌ အပြီးပြောင်းရွှေ့ နေထိုင်လေသည်။

အောင်သိန်းမှာ ငါးဖမ်းစက်လှေဖြင့်လိုက်ကာ တစ်လကိုးသီတင်းကြာမှ ရွာသို့ပြန်လာရရာ ဤသည်မှာလည်း ပင်လယ်ပိုင်းမှ ရေလုပ်သားတို့၏ ဓလေ့ပင်ဖြစ်ချေ၏။

ဘီလူးရယ်ရွာမှ အရွယ်ကောင်းသည့်ယောကျ်ားအားလုံးလိုလိုမှာ ပင်လယ်သို့ ငါးဖမ်းထွက်သူများပင် ဖြစ်ကြလေသည်။





ဤသို့ဖြင့် အောင်သိန်းတို့လင်မယားမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လာခဲ့ကြရာမှ သားလေးတစ်ယောက် ထွန်းကားလာခဲ့လေသည်။

"စိန်မှုန်ရေ ... ငါတို့ရဲ့သားလေးကို လူ့လောကထဲ ရဲရဲဝံ့ဝံ့ လျှောက်လှမ်းဝင်ရောက်ပြီး လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ဆောင်ရွက်နိုင်စေဖို့ လူရဲဆိုတဲ့နာမည် ပေးရအောင်ကွာ"

"ကောင်းသားပဲ ကိုအောင်သိန်း၊ သားလေးက ဗုဒ္ဓဟူးသားလေးဆိုတော့ လူရဲလို့နာမည်ပေးတာ ကောင်းပါတယ်။ စိန်မှုန်တော့လေ သားလေးရလာတာကို သိပ်ဝမ်းသာတာပဲ သိလား။ အရင်ကဆို ကိုအောင်သိန်း ပင်လယ်ဘက်ထွက်သွားရင် ကျွန်မမှာ တစ်ယောက်တည်း အားငယ်ပြီးကျန်ရစ်ခဲ့ရတာ ညတိုင်း ဘေးအိမ်ပိုင်းက အရီးလေးဒေါ်မြကို ခေါ်ခေါ်အိပ်ရတာလည်း အားနာလှပြီ။ ခုဆို သားလေးရှိလာတော့ စိန်မှုန် အားသိပ်ရှိတာပဲ။ အခြားအဖော်မလိုတော့ဘူး"

"အေးပါကွာ ... သားလေးရှိလာတော့ ငါလည်း အလုပ်ကို ပိုကြိုးစားရမှာပေါ့။ ဟင်း ... ခက်တာက လေမိုးမမှန်



www.burmeseclassic.com

www.burmeseclassic.com



လို့လား မသိဘူး၊ ခုနှစ်ပိုင်းမှာ ငါးကသိပ်မရဘူး စိန်မှုန်ရဲ့။ လှေသူကြီးလည်း ညည်းလှပြီ''

''အိုတော် . . . ဒါကတော့ ကုသိုလ်ကံပေးသလောက်ပေါ့''

''အေး . . . ကုသိုလ်ကံဆိုလို့ ပြောရဦးမယ်။ ငါတို့မလဲ တံငါ ငါးဖမ်းတဲ့အလုပ် အကုသိုလ်နဲ့ပဲ လုံးထွေးနေရတယ်။ ကုသိုလ်ကောင်းမှုလေး ပြုချင်တယ် မိန်းမရယ်''

''အောင်မယ်လေးတော် . . . ကုသိုလ်ကောင်းမှုပြုဖို့ နားမပူပါနဲ့ရှင်။ ဟောဒီသားလေးကြီးလာတော့ သင်္ကန်းစည်းပေးရမယ်လေ ကိုအောင်သိန်းရဲ့။ အဲဒီအခါ ရှင်ရော ကျွန်မပါ မောင်ရင်လောင်းရဲ့အဖေ အမေတွေအဖြစ် ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်နိုင်မှာရှင့်''

''ဟာ . . . ဟုတ်ပါရဲ့ကွာ။ ငါ အဲဒါမေ့နေတယ်။ ဟုတ်ပြီ . . . ငါတို့ရဲ့သားလေးကို ရှင်ပြုပေးရမယ်။ အဲဒီအတွက် အလုပ်ကို ပိုကြိုးစားပြီးလုပ်ရမယ် စိန်မှုန်ရေ။ ရတဲ့ငွေကို ချွေတာစားပြီး စုဆောင်းရမယ်ကွ''

သို့သော် သူတို့ ငါးဖမ်းထွက်ရာတွင် ငါးမရလှသဖြင့်





သားလေးလူ့ရဲ ခြောက်နှစ် ခုနစ်နှစ်သားအရွယ်ရောက်သည်အထိ ပြည့်မည့်ရရ စုဆောင်းနိုင်ခြင်းမရှိချေ။

အောင်သိန်း ငါးဖမ်းထွက်ရာမှပြန်လာလျှင် ရရှိလာသော ငွေထဲမှ ကြေးမြီတို့ကို ဦးစွာဆပ်ရလေသည်။

''ရွာလယ်ပိုင်း ဒေါ်ကျော့ရီ ကုန်စုံဆိုင်က ကြွေးယူထားတာ ဆပ်ရမယ် ကိုအောင်သိန်း''

''ပြီးတော့ . . . မိုးကျတော့မယ်။ အိမ်မိုးဖို့ ဓနိလည်း ကြိုဝယ်ထားရမယ်နော်။ မိုးနီးလာရင် ဓနိဈေးက တက်လာမှာ''

ရသမျှငွေလေးအမြီးနုတ် ခေါင်းနုတ်ဖြင့် ဘာမှမကျန်တော့။

''အေးကွာ . . . ငါတို့မလဲ ရရစားစား ဝါးဝါးမျိုမျိုဖြစ်နေတယ် စိန်မှုန်ရေ၊ သားလေးရှင်ပြုဖို့ ငွေမစုနိုင်ပါလား''

''အင်း . . . ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲရှင်၊ ပါးစပ်ပေါက်တစ်ပေါက် တိုးလာတော့လည်း ပိုကုန်တယ်လေ။ ခုဆို . . . သားလေးကို ရွာကဘုန်းတော်ကြီးကျောင်းမှာပဲ ထားနေရတယ်။ ဒီထက် . . . နည်းနည်းကြီးလာရင် ဘိုကလေးကိုပို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားရမှာရှင့်။ အဲဒီကျ ခုထက်နှစ်ဆကုန်မှာ''

''ဟူး . . . ခက်ပါတယ်ကွာ။ ငါတို့ရဲ့ဘဝကလည်း ကြေးမြီတွေနဲ့ပဲ လုံးလည်လိုက်ပြီး လူမွေးလူတောင် ပြောင်ဖို့ မလွယ်လှပါဘူး စိန်မှုန်ရေ''

မည်သို့ဖြစ်စေ . . . သားကလေးလှူရဲကိုမူ ပညာတတ်ကြီးဖြစ်ကာ သူတို့လို တောသူတောင်သားဘဝမှ လွတ်မြောက်စေချင်သည့်ဆန္ဒပြင်းစွာရှိလေရာ ကိုးနှစ်သို့ ဝင်ရောက်လာပြီဖြစ်သည့် သားလေးလှူရဲကို ဘိုကလေးမြို့ပေါ်ရှိ တစ်ခုတည်းသော မစ်ရှင်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ထားကြလေသည်။

သားလေးကို မြို့ပေါ်ပို့ကာ ကျောင်းထားရသဖြင့် အောင်သိန်းတို့လင်မယားမှာ ပိုမိုဆင်းရဲကြပ်တည်းကာ ကြေးမြီတို့နှင့် ပိုမို၍ လုံးလည်ချာလည်လိုက်လျက်ရှိတော့၏။

''အင်း . . . သားလေးက တစ်နှစ်ထက်တစ်နှစ် အတန်းကြီးလာရင် သားလေးအတွက် ကုန်ကျစရိတ် ပိုတိုးတိုးလာမှာ။ ကုန်ကျစရိတ်သာတိုးပြီး ဝင်ငွေမတိုးလာရင် ကြေးပိုတင်ရုံပဲရှိမယ်။ ဒီအတိုင်းဆို . . . ငါတို့လင်မယား အကြွေးနွံထဲကလွတ်





ဖို့ လမ်းမမြင်ဘူး။ ဟူး . . . ကြာလေဆိုးလေ ဖြစ်တော့မှာပါလား''

စိန်မှုန်မှာ စိတ်ဓာတ်ကျသည့်ထက်ကျလာရာ လူကလည်း အစားမမှန် အအိပ်မမှန်ဖြင့် ပိန်ချုံးလာခဲ့လေသည်။ စိတ်ဆင်းရဲလွန်းသဖြင့် မိမိကိုယ်ကို ပြုပြင်ရန်လည်း သတိမရဘဲ ဆံပင်ဖိုးရိုးဖားရားဖြင့် ပစ်စလက်ခတ်နေထိုင်မိရာ နဂိုအလှပင် ပျက်ယွင်းလာရလေသည်။

သို့သော် ဆင်းရဲလေလေ သံဝေဂရဆိုသည့် စကားအတိုင်း စိန်မှုန်သည် ကြပ်တည်းဆင်းရဲလွန်းမက ဆင်းရဲလာသည်တွင် အားကိုးရာအဖြစ် ဘုရားကိုသာ တွင်တွင်ရှိခိုးလာတော့၏။

ဂရုမပြုမိသည်မှာကြာပြီဖြစ်သည့် ဘုရားစင်လေးကို ဆေးကြောသန့်ရှင်းကာ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကပ်လှူရင်း ဘုရားရှိခိုး ဆုတောင်းရာမှ ထူးခြားသောဆုတစ်ခုကို အမှတ်မထင် သူမ တောင်းမိလေ၏။

''ထိုမှတစ်ပါး ဘဝဆက်ဆိုင်ရာ ပုဂ္ဂိုလ်များသည်လည်း ကျွန်တော်မျိုးမကို ကူညီပိုင်းလို့ မှိုင်းမတော်မူကြပါ''



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်ကြောင့်မှန်းမသိ ထိုဆုကိုသာ သူမ အထပ်ထပ်အခါခါ တောင်းမိတော့၏။

ထိုဆုတောင်းတိုင်းလည်း တစ်ကိုယ်လုံး ကြက်သီး မွေးညင်းထကာ ရင်ထဲဝယ် လွမ်းသလိုလို ဆွေးသလိုလို ခံစား လာမိလေသည်။

သို့ဖြင့် တစ်နေ့သောအခါတွင်မူ လွန်စွာထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လာရတော့၏။

ထိုရက်ပိုင်းက ခင်ပွန်းဖြစ်သူ ကိုအောင်သိန်း ပင်လယ် သို့ ငါးဖမ်းစက်လှေဖြင့် လိုက်ပါသွားလျက်ရှိလေသည်။

ထိုနေ့ညနေက ရွာပြင်ဖုန်းဆိုးကုန်းမြေရှိ ချုံကလေးများ ပေါ်၌ နွယ်တက်လျက်ရှိသော ပဲညွန့်လေးများကို ဟင်းချိုချက် သောက်ရန်အတွက် စိန်မှုန် ခူးဆွတ်ကာ ဆန်ကာခုံးလေးထဲ ထည့်လျက်ရှိစဉ် ဖုန်းဆိုးမြေပြင်၏တစ်ဖက် တောအုပ်လေးထဲမှ လုလင်ပျိုတစ်ဦးထွက်လာသည်ကို စိန်မှုန် အမှတ်မထင် သတိပြု မိလိုက်လေသည်။

အသားဖြူဖြူ၊ ရုပ်ရည်သန့်သန့်နှင့် အသက်အစိတ်ခန့်ရှိ လုလင်ပျိုသည် ပိုးပဝါပန်းရောင်လေး ခေါင်းပေါင်းထားကာ





အဖြူရောင်ရင်စေ့အင်္ကျီလက်ရှည်နှင့် လွန်းချိတ်တောင်ရှည် ပန်း ရောင်ဖျော့ဖျော့ပုဆိုးကို ဝတ်ဆင်လျက် ဖုန်းဆိုးမြေကို ဖြတ် လျှောက်လာပြီး သူမနှင့်ခပ်လှမ်းလှမ်းရှိ နဘူးချုံကြီးနံဘေးတွင် ခြေစုံရပ်လိုက်လေ၏။

ဇာတ်မင်းသားနှယ် ချောမောလှပကာ သားနားသိုက် မြိုက်စွာ ဝတ်စားထားသည့် ထိုလုလင်ပျို၏ထူးခြားလှသော အသွင်အပြင်ကြောင့် စိန်မှုန်မှာ အံ့အားသင့်စွာ ငေးကြည့်နေမိ လေ၏။

ထိုလုလင်ပျိုသည် သူမကိုပြုံးယောင်ယောင်မျက်နှာထား ဖြင့် လှမ်းကြည့်နေရာမှ ရှေ့သို့ ဆက်တိုးရန် ဟန်ပြင်လိုက်စဉ် မှာပင် –

"ဟယ် ...စိန်မှုန် တစ်ယောက်တည်းလား"

ဟူသော နှုတ်ဆက်စကားဆိုသံနှင့်အတူ ရွာထဲမှ မိန်းမ နှစ်ဦး ဆန်ကာကုန်းကလေးများ ကိုယ်စီဖြင့် အနားသို့ရောက်လာ ရာ လုလင်ပျိုလည်း လှမ်းလက်စခြေလှမ်းကိုရပ်လျက် သူမဆီ လှမ်းမျှော်လျက်သာ ကြည့်နေလေ၏။

ရွာထဲမှမိန်းမနှစ်ဦးလည်း ရွာထဲမှ အတင်းအဖျင်းစကား



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပြောရင်း စိန်မှုန်နှင့်အတူ ဟင်းရွက်ခူးလျက်ရှိရာ မည်သည့်အတွက်ကြောင့်မှန်းမသိ။

ထူးခြားသောလုလင်ပျိုအနီး၌ ရောက်ရှိနေကြောင်း ထိုမိန်းမနှစ်ဦးကို စိန်မှုန် မပြောဖြစ်ချေ။

အနီးမိန်းမနှစ်ဦးကလည်း လုလင်ပျိုကို သတိပြုမိပုံမရချေ။

စိန်မှုန်ကမူ ထိုလုလင်ပျိုဆီ တစ်ချက်တစ်ချက် လှည့်ကြည့်မိရာ လုလင်ပျိုက သူမကိုပြုံးလျက် ကြည့်နေကြောင်း တွေ့ရလေ၏။

"အို ... ဘယ်လိုလူပါလိမ့်။ ငါ့ကိုမှ ဘာဖြစ်လို့ ပြုံးကြည့်နေရတာလဲ။ သူ့ရဲ့ရုပ်ရည်သွင်ပြင်ကလည်း ထူးခြားလိုက်ပါဘိ"

စိန်မှုန်မှာ လုလင်ပျိုချောကို တွေ့မြင်ကာ မျက်လုံးချင်းဆုံနေမိသော်လည်း ကိလေသာစိတ်နှယ်သည့် ရင်ခုန်မှု လုံးဝမဖြစ်ပေါ်ချေ။

သို့သော် သူမ ရင်တော့ခုန်နေမိသည်။

ကြောက်သလိုလို စိုးရွံ့သလိုလို ခံစားရရင်း ရင်ခုန်





လှုပ်ရှားနေမိခြင်းသာဖြစ်၏။

"မပြကျင် ... ပြန်ကြမယ်ရှင်"

စိန်မှုန်မှာ ကြာရှည် ဆက်လက်မနေဝံ့တော့သဖြင့် ရွာသူမိန်းမနှစ်ဦးကိုပါခေါ်ကာ ရွာထဲသို့ ပြန်ဝင်လာခဲ့လေသည်။

ရွာစည်းရိုးအဝမှ ဝင်လာကြစဉ် စိန်မှုန်က နောက်သို့ မသိမသာ လှည့်ကြည့်ရာ လုလင်ပျိုချောသည်လည်း သူမတို့ နောက် ခပ်လှမ်းလှမ်းမှ လိုက်ဝင်လာသည်ကို တွေ့ရလေ၏။

ထိုသူ ရွာထဲသို့ လိုက်ဝင်လာသည်ကို တွေ့ရသည့်တွင် စိန်မှုန်မှာ ခြေဖျားလက်ဖျားများ အေးစက်သွားရသလို နည်းနည်းလည်း ကျွဲမြီးတိုသလိုလို ခံစားလိုက်ရလေသည်။

"ဘယ့်နှယ် ... ဒီလူ အတင့်ရဲလှချည်လား။ ငါ့ရဲ့နောက် ဘာဖြစ်လို့ တကောက်ကောက်လိုက်နေပါလိမ့်။ မျက်နှာကလည်း ပြုံးတုံ့တုံ့နဲ့"

စိန်မှုန်မှာ ထိုလူကို လှည့်မကြည့်ဝံ့တော့ဘဲ အိမ်ဆီသို့သာ ခပ်သုတ်သုတ် ပြန်လာခဲ့ရလေ၏။

မပြကျင်နှင့် မတင်ရီတို့ သူမတို့၏အိမ်ဝိုင်းများဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းသွားကြသည့်တွင် စိန်မှုန်က ရွာမြောက်ဘက်အစွန် ၌ရှိသော သူမ၏အိမ်ဝိုင်းဆီ ခပ်သွက်သွက်လျှောက်လာကာ ခြံဝိုင်းထဲ ဝင်လိုက်လေသည်။ သူမက အိမ်ပေါ်လှမ်းတက်လိုက်စဉ် နောက်ကျောမလုံစွာ လှည့်ကြည့်လိုက်မိရာ လုလင်ပျိုချောမှာ သူမတို့၏ခြံဝိုင်းထဲ လိုက်ဝင်လာသည်ကို တွေ့ရသဖြင့် စိန်မှုန် မျက်လုံးပြူးသွားရလေသည်။

"အို ဘုရားရေ ... ဒီလူ အိမ်အထိလိုက်လာတာပါ လား"

လုလင်ပျိုချောက ပြုံးတုံ့တုံ့မျက်နှာဖြင့် အိမ်ရှေ့ကပြင် တွင် တင်ပါးလွှဲထိုင်လိုက်ပြီး –

"နှမ ရေတစ်ခွက်လောက် တိုက်ပါလား"

ဟု ယဉ်ကျေးချိုသာသောအသံဖြင့် တောင်းဆိုလိုက် လေ၏။

စိန်မှုန်လည်း မိမိ၏ရွာထဲ၊ မိမိ၏အိမ်မှာဖြစ်သဖြင့် ရွာပြင်မှာလောက် ကြောက်စိတ်မရှိလှဘဲ သောက်ရေအိုးမှ ရေ တစ်ခွက်ခပ်ကာ လုလင်ပျိုကို ကမ်းပေးလိုက်လေသည်။

လုလင်ပျိုချောက ရေကို နှစ်ခြိုက်စွာသောက်လိုက်ပြီး





နောက် ဒန်ရေခွက်လေးကို ပြန်ကမ်းပေးရင်း ပြုံးလျက် စကား စဆိုလေ၏။

"နှမရဲ့နာမည်က ဘယ်သူလဲကွဲ့"

"စိန်မှုန်ပါရှင်"

စိန်မှုန်က ထိုလုပင်ပျိုနှင့် မလှမ်းမကမ်းတွင် ပဆစ် တုပ်ထိုင်ရင်း မသိမသာ အကဲခတ်ကြည့်နေလိုက်၏။ ထိုသူ၏ သွင်ပြင်မှာ အတော်နန်းဆန်နေပြီး ဆံပင်ရှည်ကို သျှောင်ထုံးကာ ပိုးပဝါစည်းထားပုံက ဇာတ်မင်းသားနှင့် တူလှချေရာ ဘယ်ဇာတ် အဖွဲ့ကမင်းသား မျက်စိလည်လမ်းမှား ရောက်လာပါလိမ့်ဟု တွေးမိလိုက်လေသည်။

"ဒါထက် ... ရှင့်နာမည်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မရဲ့နောက်ကနေ တောက်လျှောက်လိုက်လာရတာလဲ"

"အစ်ကို့ရဲ့နာမည်က ဘုန်းမြင့်မိုရ်တဲ့။ နှမနဲ့ အစ်ကိုဟာ ပြီးခဲ့တဲ့ဘဝတစ်ခုတုန်းက မောင်နှမတော်ခဲ့တယ်ကွဲ့။ ဒါကြောင့် နှမလေးရှိရာဆီ စုံစမ်းလိုက်လာပြီး နှမလေးနဲ့ ခုလိုလာတွေ့တာ ပါကွယ်"

လုလင်ပျို၏ ထူးဆန်းလှသောစကားကြောင့် စိန်မှုန်



www.burmeseclassic.com

www.burmeseclassic.com



အံ့အားတသင့် ဖြစ်သွားရသည်။ မယုံနိုင်အောင်လည်း ဖြစ်သွားရသည်။

ဘုန်းမြင့်မိုရ်ဆိုသည့် လုလင်ပျိုကိုလည်း စေ့စေ့စူးစူး ကြည့်မိ၏။

''ငါ့နှမလေး ဆင်းရဲနေတယ်လို့ သိရတာနဲ့ ကူညီ ထောက်ပံ့ဖို့ အစ်ကိုလာခဲ့တာပါကွယ်။ အစ်ကို ခုလိုလာတာ၊ ကူညီတာကို ဘယ်သူ့မှ ပြန်မပြောပါနဲ့။ နှမရဲ့လင့်ယောက်ျားကို တောင် မပြောပါနဲ့၊ နှုတ်တော့လုံပါစေကွယ်''

ပြောပြောဆိုဆိုဖြင့် ဘုန်းမြင့်မိုရ်ဆိုသည့် လုလင်ပျိုက သူ၏ပုဆိုးခါးပိုက်ကိုဖြည်ကာ ငွေဖလားငယ်လေးတစ်လုံးကို ထုတ်ယူလိုက်လေ သည်။

''ဒီငွေဖလားလေးဟာ အစ်ကို့ရဲ့ကိုယ်ပိုင်ပါ နှမ၊ နှမ ဒီဖလားလေးကိုယူပြီး ထုခွဲပါ၊ ပြီးရင် . . . ဘုရားရှင်ကို ဆွမ်းကပ် လှူ ပါ၊ အဲဒီအခါ . . . အစ်ကို့အတွက်လည်း အမျှအတမ်း ပေးဝေပါ၊ ကျန်တဲ့ငွေကို ငါ့နှမ လိုရာသုံးပါ၊ အစ်ကိုလည်း အခွင့်ရတဲ့အခါ ထပ်လာတွေ့ပါဦးမယ်၊ ကဲ . . . အစ်ကိုပြန်ပြီ နှမ''





ဘုန်းမြင့်မိုရ်ဆိုသောလုလင်က ငွေဖလားလေးကို စိန်မှုန်၏လက်သို့ အပ်ပြီးနောက် ကပြင်ပေါ်မှဆင်းကာ ခြံတံခါးဝသို့ လျှောက်လှမ်းသွားလျက် ခြံဝမှ ထွက်သွားပါတော့၏။

စိန်မှုန်မှာ ငွေဖလားလေးကို လက်၌ ကိုင်ထားရင်း အိပ်မက်မက်သူနှယ် ငေးကြောင်ကျန်ရစ်ခဲ့ပါတော့သတည်း။

❋

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်သိန်းက ရရှိလာသော လုပ်အားခငွေတို့ကို ဖျာပေါ်ပုံထပ်လိုက်ပြီး –

''ကဲ . . . စိန်မှုန် . . . ဘယ်သူ့ကို အကြွေးဘယ်လောက် ပေးစရာရှိသလဲ ပြော''

စိန်မှုန်က ပြုံးရွှင်သောမျက်နှာဖြင့် ငွေတို့ကို ရေတွက်ရင်း လင်ဖြစ်သူ၏မျက်နှာကို အေးချမ်းစွာ မော့ကြည့်သည်။

''ဘယ်သူ့မှ ကြွေးပေးစရာမရှိပါဘူး ကိုအောင်သိန်းရဲ့၊ ဒီပိုက်ဆံနဲ့ ခနီနှစ်ရာလောက် ဝယ်မယ်လေ''

''ဘာ''





ကိုအောင်သိန်း အတော်အံ့အားသင့်သွားသည်။

ခါတိုင်း ပင်လယ်မှာပြန်လာပြီးနောက် လုပ်အားခငွေထုတ်ကာ စိန်မှုန်၏ရှေ့သို့ ပုံပေးလိုက်သည်နှင့် သူမထံမှ ခြူသံပါအောင် ညည်းညူသံများ ထွက်လာစမြဲ။

''ရွာလယ်က ဒေါ်ကျော့ရီ ကုန်စုံဆိုင်ကို ပေးရမှာနဲ့''

''မမြကျင်ကို ပေးရမယ့်ကြွေးနဲ့''

''မတင်ရီဆီက ဆန်သုံးပြည်ချေးထားတာကို ဆန်ပြန်ဝယ်ပြီး ဆပ်ရမှာနဲ့''

''သားလေးဆီ လူကြုံနဲ့ ငွေပို့တုန်းက မန္တဲ့ဆီက ယူထားတဲ့ပိုက်ဆံလည်း ပေးမှဖြစ်မှာ''

ယင်းကဲ့သို့ အမြီးနတ် ခေါင်းနတ်ဖြင့် လျော့လျော့သွားသောငွေပုံလေးမှာ နောက်ဆုံး ဖျာပေါ်ဝယ် အကြွေစေ့တို့သာကျန်ရစ်စမြဲ။ ယခုတော့ ခနီနှစ်ရာတောင် ဝယ်မယ်ဆိုပါလား။

သံသယစိတ်ကြောင့် ကိုအောင်သိန်း မျက်မှောင်ကြုတ်လျက် ဇနီးဖြစ်သူကို ကြည့်လိုက်မိ၏။

''စိန်မှုန် . . . နင် ဘယ်သူ့မှ အကြွေးပေးစရာမရှိဘူးဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"နေပါဦး . . . ခါတိုင်း ငါ ပင်လယ်ကပြန်လာရင် နင့်မှာ ကြွေးတွေမှ ပိုင်းလို့။ အခု အကြွေးမရှိဘူးဆိုတော့ နင် ဘယ်က ပိုက်ဆံရလို့ ကြွေးတွေဆပ်လိုက်နိုင်တာလဲဟင်"

စိန်မှုန်မှာ ဘုန်းမြင့်မိုရ်က သူလာရောက်ထောက်ပံ့ကြောင်း လင်ယောကျ်ားဖြစ်သူကိုပင် မပြောရန် တားထားသဖြင့် အမှန်အတိုင်းမပြောဘဲ လိုးလွှဲပြောရတော့၏။

"ဩော် . . . ကိုအောင်သိန်းရယ်၊ ကိုအောင်သိန်း ပြီးခဲ့တဲ့ အပတ်ကပေးထားခဲ့တဲ့ပိုက်ဆံလေးကို ချွေတာသုံးပြီး ဟင်းလျာအတွက်ဆို ရွာအပြင်ဘက်က ဟင်းစားရွက်တွေကို မမြကျင်တို့၊ မတင်ရီတို့နဲ့အတူ သွားသွားခူးပြီး ငါးပိရည်နဲ့ ဖြစ်သလို စားလိုက်တာ . . .၊

ဟော . . . ကုန်စုံဆိုင်က ကြွေးတောင် မတင်ဘူး။ ဆန်ဆိုလည်း ဆန်ကွဲလေးနဲ့ ရောရောချက်ပြီး စားတော့ တစ်ယောက်တည်းပဲဟာ ဆန်က သိပ်မကုန်ဘူးလေ။ အဲဒီလိုနဲ့ . . . ဘယ်ကြွေးမှ မတင်တော့ . . . ဘယ်ကြွေးမှ ဆပ်စရာ မလိုဘူးပေါ့ရှင့်"





"ဩော် . . . ဒီလိုလား၊ ဒီလိုဆိုတော့လည်း ငါ့မိန်းမက တယ်တော်ပါလား။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုတာလို အိမ်ရဲ့ ပိုပေါက်တွေကို စိန်မှုန်က ပိတ်နိုင်နေမှတော့ နောင်ဆို သားလေးအတွက် ပိုက်ဆံစုနိုင်ပြီပေါ့"

"ဒါပေါ့ ယောကျ်ားရဲ့ . . . ဟင်း ဟင်း ဟင်း"

✳

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခေါက် ကိုအောင်သိန်း ပင်လယ်ထွက်ပြီး ငါးရက်ခန့်အကြာတွင် စိန်မှုန်တစ်ယောက် အိမ်ရှေ့ကပြင်လေး၌ ထိုင်ကာ ဆန်ပြာနေစဉ် ခြံဝမှလူရိပ်တစ်ခု ဝင်လာသလိုလို ရှိသဖြင့် ဆန်ပန်းထဲ ခေါင်းစိုက်ထားရာမှ မော့ကြည့်လိုက်မိ၏။

''အို ... အစ်ကိုပါလား''

ဘုန်းမြင့်မိုရ်က ပြုံးရွှင်သောမျက်နှာဖြင့် ကပြင်တွင် တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး –

''နှမလေးရဲ့အိမ်ကို အစ်ကိုက သိသွားပြီဆိုတော့ ရွာ အပြင်ကနေ စောင့်ကြည့်စရာတော့ မလိုဘူးပေါ့ကွယ်။ တိုက်ရိုက်





လာရုံပဲပေါ့၊ ဒါထက် ... သောက်ရေလေးတစ်ခွက် တိုက်ပါ နှမရယ်''

ဟု ... ချိုသာစွာတောင်းဆိုလိုက်ရာ စိန်မှုန်လည်း သောက်ရေတစ်ခွက်ပြေးခပ်ပြီး ရိုသေစွာ ကမ်းလင့်ပေးလိုက်လေ၏။

ဘုန်းမြင့်မိုရ်လည်း သောက်ရေခွက်ကို အားပါးတရ သောက်လိုက်ပြီးနောက် စိန်မှုန်ကို ပြုံးလျက် စူးစူးလေး ကြည့်လေသည်။

ဘုန်းမြင့်မိုရ်မှာ ယခုအခေါက်မှာတော့ အစိမ်းနုရောင် ပိုးပဝါလေး ခေါင်း၌ပေါင်းကာ အစိမ်းရောင် လွန်းချိတ်တောင် ရှည်ကိုဝတ်လျက် အစိမ်းရောင်ကတ္တီပါခြေနင်းကို စီးထားလေသည်။

သူက ပုဆိုးခါးပုံစထဲမှ ငွေဖလားလေးတစ်လုံးကိုထုတ် ပေးရာ ပထမဆုံး စတင်ပေးခဲ့သည့် ငွေဖလားထက် ယခုဖလား က အရွယ်အစားပိုကြီးပြီး အလေးချိန်ပိုစီးလေသည်။

''နှမငယ် ... အစ်ကိုပေးတဲ့ငွေဖလားတွေက ရှေးငွေ ပန်းထိမ်လက်ရာ ငွေသားစင်စစ်တွေကွဲ့။ ငါ့နှမ ထုခွဲရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးကောင်းမှ ရပါရဲ့လားကွယ်''

''အစ်ကိုပေးခဲ့တဲ့ ငွေခွက်လေးကို စက်လှေကြုံနဲ့ လိုက်သွားပြီး ဘိုကလေးကမ်းနားဈေးက ရတနာဆိုင်မှာ သွားရောင်းတာ ငွေ (၂၅) ကျပ် ရခဲ့ပါတယ် အစ်ကို''

''အေး ... သင့်တင့်တဲ့ဈေးရတယ်ဆိုရင် ပြီးတာပါပဲကွယ်။ အစ်ကိုရဲ့ ထောက်ပံ့မှုကြောင့် နှမလေးမှာ အဆင်ပြေရဲ့လားကွဲ့''

''ပြေပါသော်ကော အစ်ကိုရယ်၊ အစ်ကိုကူညီလို့ ကျွန်မမှာ ခုဆို ကြွေးကင်းသွားရပါတယ်''

''အေး ... အေး ... နှမအဆင်ပြေတယ်ဆိုရင် အစ်ကိုကျေနပ်ပါတယ်ကွယ်။ ဒါပေမဲ ... အစ်ကို ခုလိုလာပြီး ပေးကမ်းထောက်ပံ့တာ ဘယ်သူ့မှ ပြန်မပြောနဲ့နော်။ နှမရဲ့လင်ယောကျ်ားကိုတောင် မပြောနဲ့ကွဲ့။ အစ်ကို့ရဲ့ထောက်ပံ့မှုကို အခြားသူတွေသိသွားရင် အစ်ကို့မှာ အင်မတန် အန္တရာယ်များတယ်ကွဲ့''

''ဟုတ်ကဲ့ပါ ... ကျွန်မ မပြောပါဘူး။ ဒါထက် အ... အစ်ကိုက ဘာလဲဟင်။ ဝတ်ပုံစားပုံက ဇာတ်မင်းသားလေးနဲ့တူပြီး တအားချောတာပဲ။ ပြီးတော့ ပြီးခဲ့တဲ့ဘဝတုန်းက





အစ်ကိုဟာ ကျွန်မနဲ့ မောင်နှမတော်ဖူးတယ်ဆို။ ဖြစ်နိုင်ရင် အဲဒီအကြောင်းတွေ ပြောပြပါလား အစ်ကို''

''အင်း ... အချိန်တန်တော့ပြောပြပါ့မယ်ကွယ်။ ခုနေမှာ ပိုပြီးအရေးကြီးတာ ပြောပါရစေ နှမရဲ့''

''ဘာများလဲ အစ်ကို၊ ပြောပါအစ်ကို''

''ဒီလိုနှမရဲ့ အစ်ကိုတို့ရဲ့သဘာဝက အင်မတန်မှ အလှအပ၊ အမွှေးအကြိုင် အသန့်အပြန့်ကြိုက်တာကလား။ ဒီတော့ ငါ့နှမဟာ ဘယ်အချိန်မှာဖြစ်ဖြစ် ပြင်ပြင်ဆင်ဆင် လှလှပပလေးနေပါကွယ်။ ခုလို ပစ္စုပ္ပန်ရ မနေပါနဲ့ကွယ် ...၊

အစ်ကိုတို့ရဲ့ သဘာဝအရ မသန့်မရှင်း ညစ်ပတ်သူတွေရဲ့အနား ကပ်လို့မရဘူးကွဲ့။ ဒါကြောင့် အစ်ကိုနဲ့ ဆက်သွယ်မှု မပြတ်ချင်ရင် ဖြီးဖြီးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင် နေပါကွယ်။ အစ်ကိုပြောတာ သဘောပေါက်ပါတယ်နော် နှမ''

''ဟုတ် ... ဟုတ်ကဲ့၊ သဘောပေါက်ပါတယ် အစ်ကို''

''အေးကွယ် ... ဒါဆို အစ်ကိုလည်း ပြန်ဦးမယ်''

ဘုန်းမြင့်မိုရ်က နှုတ်ဆက်ကာ ခြံဝမှထွက်ခွာသွားရာ ဝန်မှုန်မှာ သိချင်သည်များကို အပြည့်အစုံ မသိလိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မချင့်မရဲဖြစ်ကာ ကျန်ရစ်ခဲ့ရလေသည်။

ပြီးမှ သတိရကာ ငွေဖလားလေးကို ဝမ်းမြောက်စွာ လက်ထဲဝယ် လှည့်ပတ်ကိုင်တွယ်ကြည့်နေမိလေသည်။

''ဟုတ်တယ် ... ဒီဖလားလေးက ပိုကြီးတယ်။ အလေးချိန်လည်း ပိုစီးတယ်။ ဒီတစ်ခါရောင်းရရင် ဈေးအများကြီး ပိုရမှာသေချာတယ်''

စိန်မှုန်က အားပါးတရ ပြုံးလိုက်ပြီးနောက် ငွေဖလားလေးကို အတွင်းခန်းထဲသို့ယူသွားကာ အိပ်ရာခေါင်းရင်း၌ တဘက်တစ်ထည်ဖြင့်ပတ်လျက် သိမ်းထားလိုက်လေသည်။

*

ထိုနေ့မှစ၍ စိန်မှုန်မှာ ဘုန်းမြင့်မိုရ်၏ မှာကြားချက်အတိုင်း ဖြိုးဖြိုးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင်နေခဲ့လေသည်။

သူမသည် ဘိုကလေးမြို့သို့ ဈေးဝယ်သွားသူတို့နှင့် စက်လှေကြုံ လိုက်ပါသွားပြီးနောက် ဘိုးကလေးဈေးထဲရောက်လေလျှင် ရွာသူရွာသားတို့နှင့် မသိမသာ လမ်းခွဲကာ အောင်သမာဓိရတနာဆိုင်တွင် ငွေဖလားလေးကို ရောင်းရလေသည်။

သို့ဖြင့် ...စိန်မှုန်မှာ အကြွေးကင်းပြီး ငွေကြေ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလျက်ရှိရာ စိတ်လက်ချမ်းသာသောကြောင့် စားလို့ အိပ်လို့လည်း ကောင်းလာခဲ့လေ၏။

သည်တော့ လူက ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြေပြေဖြစ်လာပြီး ဖြီးဖြီးလိမ်းလိမ်း၊ ပြင်ပြင်ဆင်ဆင်နေသည့်အပြင် အဝတ်အထည် ဆန်းလေးများလည်း ဝယ်ဝတ်လာနိုင်သဖြင့် လူက ပြောင်ပြောင်ရောင်ရောင် လှလှပပ ဖြစ်လာတော့သည်။

ပင်ကိုယ်ရုပ်ရည်ကလည်း မညံ့လှသဖြင့် ပြင်ပြင်ဆင်ဆင်၊ လှလှပပ၊ ပြည့်ပြည့်ဖြိုးဖြိုးလေး ဖြစ်လာတော့ အိုတယ်သာဆိုရ အပျိုကရှုံးပြန်ဟု ဆိုရမည့်နှယ် ဖြစ်လာပါတော့၏။

စိန်မှုန်၏အလှကို မှတ်မှတ်ထင်ထင် သတိပြုမိသူက ရွာသူကြီးဦးအုန်းခိုင်၏သား သောင်းမြင့်ပင်ဖြစ်ပါ၏။

တစ်ရွာလုံး အားကောင်းမောင်းသန်ယောကျ်ားမှန်သမျှ ပင်လယ်သို့ထွက်ကာ ငါးဖမ်းကြသော်လည်း သူကြီးဦးအုန်းခိုင်ရဲ့သား သောင်းမြင့်ကမူ ပင်လယ်ပြင်သို့ထွက်ဖို့ စိတ်မျှပင်မကူးဘဲ ရွာမှာသာ သောက်သောက်စားစား လူမင်းသား လုပ်နေသူဖြစ်သည်။

သူ့ဖခင်ဦးအုန်းခိုင်က ငါးဖမ်းစက်လှေနှစ်စင်း ပိုင်ဆိုင်





ရာ စိန်မှုန်၏ယောကျ်ား ကိုအောင်သိန်းက သူကြီးဦးအုန်းခိုင်၏ စက်လှေတစ်စင်းမှ ရေလုပ်သားဖြစ်ပေသည်။

ဘီလူးရယ်ရွာတွင် လူချမ်းသာတစ်ဦးဖြစ်သည့် ရွာသူကြီးဦးအုန်းခိုင်ကလည်း တစ်ဦးတည်းသောသားဖြစ်သူ ဒုတ် (ခ) သောင်းမြင့်ကို အလိုလိုက်ထားရာ သောင်းမြင့်မှာ လူပေါ်ကြော့တစ်ဦးဖြစ်နေသည့်အပြင် ဖခင်၏ဩဇာအရှိန်အဝါ၊ ငွေဥစ္စာတို့အားကိုးဖြင့် ရွာတွင် လူစွာလုပ်နေသူဖြစ်၏။

သူကမြှာပွေသူတစ်ဦးလည်းဖြစ်ကာ မိန်းမနှင့်ပတ်သက်လာပါက အပျို၊ အအို ရှောင်သူမဟုတ်။

"အောင်သိန်းရဲ့မိန်းမစိန်မှုန်က ခုတစ်လော တယ်လှလာပါလား။ အအိုသာဆိုတယ် အပျိုးရှုံးအောင်လှတာပါလား။ အရင်ကလို ငါးကျည်းခြောက်ကျပ်တိုက်ထားတဲ့ရုပ်မျိုး မဟုတ်တော့ဘူး။ ဝပြီးစိုပြည်လာလိုက်တာ အဆီတစ်ထပ် အသားတစ်ထပ်နဲ့ မင်းကြိုက် စိုးကြိုက်ဖြစ်လာပြီပဲ . . . ဟဲ ဟဲ ဟဲ'

သောင်းမြင့်က သူ့ စိတ်ထဲမှ ကျိတ်သဘောကျလာသည့် စိန်မှုန်ကို ချဉ်းကပ်ရန် တိတ်တိတ် ကျိတ်ကြံ့ပမ်းလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သောင်းမြင့်က လူပါးဖြစ်သည်။ ရွာထဲမှအပျို၊ တစ်ခု
လပ်၊ မုဆိုးမတို့ကို ချဉ်းကပ်လိုပါက သူ့အပေါင်းအသင်း သေ
ရည်သောက်ဖော်သောက်ဖက်တို့နှင့် တိုင်ပင်လေ့ရှိသော်လည်း
လင်ရှိမယားတို့ကို ချဉ်းကပ်လိုပါက မည်သူ့ကိုမျှ အသိပေးလေ့
မရှိချေ။

လင်ရှိမယားကို ကြာကူရီရိုက်ခြင်းမှာ အန္တရာယ်များလှ
သဖြင့် လည်းကောင်း၊ တစ်ရွာလုံးက သိသွားလျှင် ဝိုင်းဝန်းရှုတ်
ချမှာ သေချာသဖြင့် လည်းကောင်း၊ အခန့်မသင့်ပါက မယား
ခိုးမှုဖြင့် ထောင်နန်းစံရနိုင်သောကြောင့် လည်းကောင်း သူ၏
လှုပ်ရှားမှုတို့ကို မည်သူ့အားမျှ အသိပေးလေ့မရှိချေ။

ယခု စိန်မှုန်အား ချဉ်းကပ်သိမ်းပိုက်ရန်ကိစ္စကိုလည်း
မည်သူမျှ မရိပ်မိ မသိရှိအောင် သောင်းမြင့်က ကျိတ်ကြိုးစား
တော့၏။

တစ်နေ့ နေ့လယ်ခင်းအချိန်၌ သောင်းမြင့်သည် စက္ကူ
အိတ်တစ်အိတ်ကို လက်မှာကိုင်ရင်း ရွာလယ်လမ်းအတိုင်း
လျှောက်လှမ်းလာခဲ့ရာမှ ရွာမြောက်ဘက်စွန်းရှိ စိန်မှုန်တို့အိမ်
ရှေ့ရောက်သည်တွင် လူရိပ်လူခြည်ကို ကြည့်လိုက်ရာ ရွာလယ်





လမ်း၌ လူသူကင်းမဲ့နေသလို အနီးအပါး ခြံဝိုင်းများမှာလည်း
လူသူတိတ်ဆိတ်လျက်ရှိကြောင်း တွေ့ရလေသည်။

သူ့ကိုမြင်တွေ့သွားမည့်သူ မရှိနိုင်ကြောင်းသေချာမှ
သောင်းမြင့်က စိန်မှုန်တို့ ခြံဝိုင်းထဲသို့ ဝင်ရောက်လာတော့
၏။

သူက အိမ်ရှေ့ကပြင်ကို လှမ်းတက်လိုက်ပြီး ခပ်တိုးတိုး
ခေါ်လိုက်သည်။

"စိန်မှုန် ... စိန်မှုန်"

ချက်ချင်းဆိုသလိုပင် အိမ်အတွင်းဘက်ဆီမှ ခြေသံကြား
ပြီး စိန်မှုန် အပြင်ဘက်အခန်းသို့ ထွက်လာသည်။

သူ့ကို မမျှော်လင့်ဘဲတွေ့ရတော့ မစိန်မှုန် အတော်
အံ့အားသင့်သွားတော့၏။

"ဟင် ... ကိုသောင်းမြင့်ပါလား၊ ဘာကိစ္စရှိလို့လဲ
ဟင်"

"စောစောကပဲ ငါ ဘိုကလေးကပြန်လာတာဟ။ ဘို
ကလေးကမ်းနားဈေးမှာ ပိတ်စလေးတွေ လှတာတွေ့လို့ နင်နဲ့ဆို
လိုက်မှာပဲဆိုပြီး ဝယ်လာတာ ရော့"



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ် အရက်မူးနေဟန်ရှိသည့် သောင်းမြင့်၏ မျက်နှာကို အကဲခတ်ရင်း စိန်မှုန်က ငြင်းဆိုလိုက်သည်။

''ဟင့်အင်း . . . ကျွန်မမှာ ပိတ်စအပိုတွေ ဝယ်ထားတာ ရှိတယ် ကိုသောင်းမြင့်ရဲ့၊ မယူနိုင်သေးပါဘူး''

''ဟ . . . ဘာမယူနိုင်သေးတာလဲ။ ငါက နင့်ကို လာ ရောင်းနေတာမဟုတ်ဘူး၊ လက်ဆောင်လာပေးနေတာ . . . လက်ဆောင်''

''အို . . . လက်ဆောင်လည်း မလိုချင်ပါဘူးရှင်၊ ပြီး တော့ ကျွန်မယောကျ်ားလည်း မရှိဘူး၊ ကိုသောင်းမြင့် ပြန်ပါ တော့နော်''

''နင့်ယောကျ်ားမရှိတာ ငါသိပါတယ်။ နင့်ယောကျ်ားက ငါ့အဖေရဲ့ ငါးဖမ်းစက်လှေနဲ့ လိုက်သွားတာပဲ။ တကယ်တော့ နင့်ယောကျ်ားဟာ ငါတို့မိသားစုရဲ့ အလုပ်သမားပါ စိန်မှုန်ရဲ့ ငါတို့မိသားစုရဲ့ အလုပ်သမား မရှိတုန်းအချိန်မှာ သူ့မိသားစုကို စောင့်ရှောက်ရမယ့်တာဝန် ငါတို့မှာ ရှိတယ်လေ။ ဒါကြောင့် ဒီအိတ်ထဲကပိတ်စ နင့်ကိုလာပေးတာ။ နင့်ကိုမှမဟုတ်ဘူး တခြားအလုပ်သမားတွေရဲ့မိန်းမတွေကိုလည်း ငါ ပိတ်စတွေ





လက်ဆောင်ပေးခဲ့ပြီးပြီ။ လူတိုင်းတော့ မဟုတ်ဘူးပေါ့ဟာ။ အလုပ်တာဝန်ကျေပွန်တဲ့ အလုပ်သမားတွေရဲ့မိသားစုတွေကိုပဲ ငါတို့က ကူညီတာ။ အဲဒီတော့ နင်ငြင်းမနေနဲ့၊ ရော့ . . . ယူထား လိုက်''

သောင်းမြင့်က စက္ကူအိတ်ကို အတင်းကမ်းပေးနေရာ စိန်မှုန်မှာ ချီတုံချတုံဖြစ်လျက်မှ နောက်ဆုံး သူ မြန်မြန် ပြန်သွားလျှင် ပြီးရောဆိုသည့်သဘောဖြင့် စက္ကူအိတ်ကို လှမ်း ယူလိုက်ရတော့၏။

သောင်းမြင့်က အားပါးတရ ပြုံးလိုက်သည်။

''အေး . . . ဒီလိုမှပေါ့ဟ၊ နောက်ကိုလည်း ငါထပ်ပြီး ပံ့ပိုးပါဦးမယ်၊ ကဲ . . . ငါသွားပြီ''

သောင်းမြင့်က ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်မှ ဆင်းသွား တော့သည်။

ထိုအခါမှ စိန်မှုန်လည်း သက်ပြင်းချနိုင်တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အဏ္ဏဝါပြင်မှ ဒေါသ

အကြံသမား ဒုတ် (ခ) သောင်းမြင့်သည်ကား အစရှိ အနောင်နောင်ဆိုသလို သုံးလေးရက်တစ်ခါလောက် စိန်မှုန်တို့ အိမ်ဆီ ရောက်ရောက်လာကာ လက်ဆောင်ပစ္စည်းတစ်ခုမဟုတ် တစ်ခု ယူလာပေးရာ စိန်မှုန်မှာ မည်သို့မျှ ငြင်းပယ်၍မရ ဖြစ် နေရတော့၏။

လက်ဆောင်ပစ္စည်းတို့ကို မလွှဲမရှောင်သာစွာ လက်ခံ ယူနေသော်လည်း စိန်မှုန်က တည်တည်တံ့တံ့ ဆက်ဆံနေ သဖြင့် သောင်းမြင့်မှာ ရုတ်တရက် ရှေ့မတိုးသေးဘဲ မျှော်သွေး





စမ်းသလို စမ်းရင်း ကြိုးရှည်ရှည်ဖြင့် လှန်ကာ သူမအား အပိုင် သိမ်းပိုက်နိုင်မည့် အခွင့်အခါကို စိတ်ရှည်ရှည်ဖြင့် စောင့်လျက် ရှိလေသည်။

သို့သော် ကိုအောင်သိန်း ပင်လယ်ဘက်ထွက်နေစဉ် ရက်ကာလများ၌ သူကြီးသားသောင်းမြင့်တစ်ယောက် စိန်မှုန်၏ အိမ်သို့ အဝင်အထွက်ရှိနေသည်ကို ရိပ်မိသိရှိသွားသူရှိလေ၏။ ထိုသူသည်ကား စိန်မှုတို့နှင့် ခြံနီးချင်းဖြစ်သူ မမြကျင်ပင် ဖြစ်ပေ၏။

"အင်း ... ကိုသောင်းမြင့်တစ်ယောက် စိန်မှုန်ဆီ အဝင်အထွက်လုပ်နေပါလား။ ဒါပေမဲ့ ဒီစကားကို ငါ ဘယ်သူ့မှ ပြောလို့မဖြစ်ဘူး။ ငါ့ယောကျ်ား ကိုစိုးကလည်း ကိုသောင်းမြင့်တို့ရဲ့ အလုပ်သမား ရေလုပ်သား။ တော်ကြာ သူ့ရဲ့လျှို့ဝှက်ချက် သတင်းကို ငါ ဖြန့်ချိပါတယ်ဆိုပြီး ငါ့ယောကျ်ားအပေါ် အငြိုး ထားရင် ခက်ရချေရဲ့"

သို့သော် မိန်းမပီသသည့် မမြကျင်မှာ သူမ မြင်တွေ့ ထားသော ထူးဆန်းသည့်သတင်းကို မပြောဘဲမနေနိုင်သဖြင့် မှုမနှင့်အတွဲဆုံး အခင်မင်ဆုံး မတင်ရီကိုတော့ တိုးတိုးကြိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိတ် ပြောမိတော့၏။

"မတင်ရီ . . . ရှင့်မို့ ကျွန်မပြောတာနော်။ ဘယ်သူ့မှ တော့ ပြန်မပြောနဲ့ သိလား။ ဖြစ်ပုံက ဒီလို . . . ဒီလို"

မတင်ရီသည်လည်း သူကြီးဦးအုန်းခိုင်တို့၏ကျေးဇူး မကင်းသူမို့ ရွာထဲမှာ စကားမဖွဲ့ပုံ။

သို့သော် သူမသည်လည်း မိန်းမသားပေမို့ သူကြီးသား သောင်းမြင့်တစ်ယောက် စိန်မှုန်ထံ စားကျက်ကျနေသည့် သတင်းကို သူမနှင့်အခင်ဆုံး မနွဲ့ကို တိုးတိုးသတင်းအဖြစ် ပြောမိလေသည်။

"ဘယ်သူ့မှမပြောနဲ့နော်၊ ရှင့်မို့ ကျွန်မပြောတာ"

သို့နှယ် ဘယ်သူ့မှမပြောနဲ့နော်ဟူ၍ ပိတ်ပိတ်ပင်ပင် ပြောကြားမှုကြောင့် တစ်ရွာလုံးလိုလို တဖြည်းဖြည်း ကြားသိကုန် ကြတော့၏။

သို့သော် . . . သူကြီးဦးအုန်းခိုင်၏ ဩဇာအာဏာ ပြင်းထန်လှသဖြင့် မည်သူမျှ သူကြီးသားသောင်းမြင့်၏သတင်း ကို ပေါ်ပေါ်ထင်ထင် မပြောဝံ့ကြ။ ထိပ်တန်းလျှို့ဝှက်သတင်း အဖြစ်သာ အချင်းချင်း သိုသိုသိပ်သိပ် ဖြန့်ချိလျက် ရှိကြကုန်၏။





ထိုအတွင်း ဘုန်းမြင့်မိုရ်ကလည်း စိန်မှုန်ကို ရွှေဖလား လေးတစ်လုံးလာပေးလေသည်။

"နှမ . . . အဆင်ပြေရဲ့လားကွဲ့"

"ပြေပါတယ် အစ်ကို၊ ဒါထက် ပြီးခဲ့တဲ့ဘဝတစ်ခုတုန်း က အစ်ကိုနဲ့ကျွန်မ ဘယ်လိုမောင်နှမတော်ပြီး ဘယ်လိုကွဲကွာခဲ့ ရတယ်ဆိုတာ ပြောပြပါလား"

"အင်း . . . ပြောရရင်တော့ လွန်ခဲ့တဲ့ နှမလေးရဲ့ဘဝ သုံးဘဝလောက်တုန်းကပေါ့ကွယ်။ အစ်ကိုနဲ့နှမလေးတို့ဟာ ကုန်း ဘောင်ခေတ်ဝင်းမှူးတစ်ဦးရဲ့သားနဲ့သမီး ဖြစ်ခဲ့ကြတယ်ကွဲ့ . . .၊

မြင်ကွန်းမြင်းခုံတိုင်အရေးတော်ပုံမှာ အရှုံးနဲ့ ရင်ဆိုင် ရပြီး ကိုယ်တော်နှစ်ပါး နေပြည်တော်ကနေ ထွက်ပြေးတိမ်းရှောင် ရတော့ အစ်ကိုတို့မိသားစုလည်း မြင်ကွန်းဘက်တော်သားအချို့နဲ့ အတူ မင်းပြစ်မင်းဒဏ်သင့်မှာစိုးလို့ အင်္ဂလိပ်မင်းများအုပ်ချုပ်ရာ အောက်မြန်မာပြည်ဆီ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းပြေး ခဲ့ရတယ် နှမရဲ့ . . .၊

အစ်ကိုတို့မိသားစုတစ်တွေဟာ မြစ်ဝကျွန်းပေါ်ဒေသက မထင်မရှားရွာလေးတစ်ရွာမှာ ပုန်းခိုနေခဲ့ပေမယ့် မင်းနေပြည်



www.burmeseclassic.com

www.burmeseclassic.com



တော်ကနေ အစ်ကိုတို့မိသားစုတစ်တွေကို တွေ့ရာသချိုင်း မြေးမဆိုင်းစတမ်း သုတ်သင်အပြစ်ပေးဖို့ လျှို့ဝှက်ပဋိညာဉ်တပ်သား တွေ လွှတ်လိုက်ပြီဆိုတဲ့သတင်းကြားတော့ ပင်လယ်ဘက် ဆက် ပြေးဖို့ စီမံရတော့တယ် . . .၊

အဲဒီအချိန်မှာပဲ အသက်ဆယ့်နှစ်နှစ်သာရှိသေးတဲ့ နှမ လေးဟာ ခရီးပမ်းတဲ့ဒဏ်၊ အစားအနေ ဆင်းရဲတဲ့ဒဏ်တွေ ကြောင့် အဖျားဝင်ပြီး ကွယ်လွန်ခဲ့ရတယ်။ အဲဒီဘဝနောက် နှစ်ဘဝကျင်လည်ပြီးမှ နှမလေးဟာ အခုဘဝ ရောက်လာတာ ကွဲ့ . . .၊

အစ်ကိုတို့ အခြေချမိတဲ့ကျွန်းမှာ ကျွန်းသူကျွန်းသား အချို့ပဲနေထိုင်ကြတယ် နှမရဲ့၊ အစ်ကိုတို့မိသားစုမှာက ကိုယ်ပိုင် ဥစ္စာရတနာ တော်တော်များများပါတယ်ကွဲ့။ အစ်ကိုတို့ရဲ့ အဖေနဲ့ အမေကတော့ အဲဒီကျွန်းကိုရောက်ကတည်းက သံဝေဂရပြီး တရားဘာဝနာအားထုတ်ရာက ကွယ်လွန်ကြတဲ့အခါ ကောင်းရာ ဘုံတွေ ရောက်ကုန်ကြလေရဲ့ . . .၊

အစ်ကို့မှာသာ မိဘတွေထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို လျှို့ဝှက်စောင့်ရှောက်ရင်း နှစ်အတော်ကြာ နေခဲ့ပြီးတဲ့နောက်





ပုလိပ်ရောဂါဖြစ်ပွားပြီး ကျွန်းသူကျွန်းသားတွေရော အစ်ကိုတို့နဲ့ အတူ ပြေးလာကြသူတွေပါ ကွယ်လွန်အနိစ္စရောက်ခဲ့ရတယ် ကွဲ့''

''ဒါဆို . . . အစ်ကိုက အဲဒီဘဝပြီးတဲ့နောက် အခု ဘဝမှာ လူဝင်စားပြန်ဖြစ်ခဲ့ရတာပေါ့ ဟုတ်လား''

''လူဝင်စား ပြန်မဖြစ်ပါဘူး နှမရယ်။ အကုသိုလ်ကံဝဋ် ကြွေးမကုန်သေးလို့လားတော့ မသိဘူး။ နာမည်ဆိုးကျွန်းလို့ အမည်တွင်တဲ့ အဲဒီကျွန်းလေးမှာပဲ။ အစ်ကိုတို့မိသားစုပိုင်တဲ့ ရွှေငွေဥစ္စာတွေကို စောင့်ရှောက်နေရတယ်ကွယ်''

''ဒါ . . . ဒါဆို . . . အစ်ကိုက ဥစ္စာစောင့်ပေါ့ ဟုတ်လား ဟင်း''

''ဟုတ်တယ် နှမ၊ ကိုယ်ပိုင်ဥစ္စာပစ္စည်းတွေအပေါ် စွဲ မက်ကပ်ငြိစိတ်ကြောင့် အဲဒီဥစ္စာပစ္စည်းတို့ကို အစ်ကိုတို့ စောင့် နေရတယ်။ အကုသိုလ်ကံဝဋ်ကြွေးကုန်ရင်တော့ အဲဒီဘဝကနေ လွတ်ပါလိမ့် မယ်ကွယ်။ အဲဒီကိုယ်ပိုင်ဥစ္စာပစ္စည်းထဲကပဲ နှမလေးကို စောင့် ရှောက်တဲ့အနေနဲ့ ပေးကမ်းတာပါ''

''အခု အစ်ကိုပြောတဲ့အကြောင်းအရာတွေကို နှမလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှ ပြန်မပြောပါနဲ့နော်။ နှမလေးဆီက သတင်းပေါ်ပေါက်
ကြားပြီး သိုက်ဆရာတွေလာ ဒုက္ခပေးမှာစိုးလို့ပါ''

''စိတ်ချပါ အစ်ကို ... ကျွန်မ ဘယ်သူ့မှ မပြောပါ
ဘူး''

စိန်မှုန်မှာ ဘုန်းမြင့်မိုရ်ထံမှ ရွှေဖလားရရှိခဲ့ပြီးနောက်
ယင်းရွှေဖလားငယ်ကို ထုခွဲလိုက်သည့်၌ ဂျော့ခေါင်းငွေဒင်္ဂါးများစွာ
ကို ရရှိခဲ့ပါတော့၏။

ယင်းငွေဒင်္ဂါးတို့အထဲမှ အချို့ကိုသုံးစွဲရန် ယူထားပြီး
ကျန်ငွေဒင်္ဂါးများကိုမူ မြေအိုးငယ်တစ်လုံးထဲထည့်ကာ အိုးအဝကို
ကတ်ထူစထူထူဖြင့် ပိတ်လျက် အိမ်ခေါင်တိုင်နံ့ဘေး မြေကြီး
ထဲတွင် လူခြေတိတ်သည့်ညအခါ၌ သေချာစွာ မြှုပ်နှံထား
လိုက်တော့၏။

စိန်မှုန်မှာ မည်မျှပင် သိုသိုသိပ်သိပ် သုံးစွဲသည်ဆိုစေ
သူမ ငွေကြေးချောင်ချောင်လည်လည် သုံးစွဲနိုင်နေသည်ကို ရွာသူ
ရွာသား တော်တော်များများက ရိပ်မိလာကြသလို သူကြီးသား
သောင်းမြင့်က တိတ်တိတ်ပုန်းကြာကူလီရိုက်ပြီး ထောက်ပံ့ထား
သဖြင့် စိန်မှုန်တစ်ယောက် အဆင်ပြေနေသလိုလို တိုးတိုး
သတင်း၊ တိုးတိုးအတင်းအဖြစ် ပြောဆိုလာကြတော့သည်။

''စိန်မှုန်ဆိုတဲ့ကောင်မ အတော်ပြောင်ရောင်နေပါလား။
သူ့လင်က လှေလုပ်သားကနေ လှေပိုင်ရှင်လှေသူကြီးများဖြစ်သွား
သလား မသိပါဘူးအေ''

''ဘယ်ကလာ ... စက်လှေပိုင်ရှင်ကြီးရဲ့ တိတ်တိတ်
ပုန်းချွေးမ ဖြစ်သွားလို့ပေါ့ ... ဟင်း ဟင်း ဟင်း''

''ဒါကတော့ သူ့ကံနဲ့သူ ကောင်းစားသွားတာပဲအေ။
ဘာမနာလိုစရာရှိသလဲ၊ ဟုတ်ဘူးလား ... ခစ် ခစ် ခစ်''

''မနာလိုလို့ မဟုတ်ဘူးဟေ့။ ရွံလို့ ရွံလို့ သိပြီလား။
ဘယ့်နှယ်တော် လင်သားက ပင်လယ်ပြင်မှာ သက်စွန့်ဆံဖျား
ပင်ပန်းပွားသွားရှာနေမင့်ဟာ အဲဒီကောင်မမို့ အိမ်မှာနေရင်း ဖောက်
ပြန်မျောက်မထားရတယ်လို့အေ၊ ရွံလိုက်ပါဘိ ... ထွီ''

တစ်ရွာလုံးလိုလို ပျံ့နှံ့နေသော ထိုအပုတ်နံ့ကို ကိုအောင်
သိန်းထံ သယ်ပို့ပေးသူက ကိုဦးပဲ ဖြစ်ချေ၏။

မမြကျင်က သူ့ယောက်ျားကိုဦးကို ပြောပြလိုက်ရာ ငါး
ဖမ်း စက်လှေတစ်စင်းတည်း အတူလိုက်ဖော်လိုက်ဖက်ချင်းမို့
ကိုဦးက ခံပြင်းဒေါသဖြစ်ပြီး ပင်လယ်ထဲ ပိုက်မဖော်မီ ခဏနား







www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် ကိုအောင်သိန်းအား ပြောပြလိုက်တော့၏။

"သူငယ်ချင်း အောင်သိန်း . . . မင်းကတော့ နေပူမိုးရွာ မရှောင် ရေစိမ်ကျွဲတစ်ကောင်လို ဒီပင်လယ်ထဲမှာ သက်စွန့် ဆံဖျား စီးပွားရှာနေတယ်။ မင်းရဲ့မိန်းမကတော့ ရွာမှာ ဖြစ်ချင် တိုင်း ဖြစ်နေတယ်ကွ . . . အဲဒါ မင်းသိရဲ့လား"

"ဟ . . . ငါက ဘာသိရမှာလဲကွ။ ငါ့မိန်းမကရော ဘာဖြစ်နေလို့လဲ"

"အေး . . . အဲဒီလို အပုပ်နံ့သတင်းမျိုးဆိုတာ ကာယကံရှင်က တစ်ရပ်ရွာလုံး ကြားပြီးမှ ကြားရတာမျိုးကွ"

ကိုအောင်သိန်း၏မျက်နှာ တင်းခနဲဖြစ်သွားသည်။ သူ က မျက်မှောင်ကြီးကြုတ်ပြီး ကိုဦး၏မျက်နှာကို စူးစူးရဲရဲကြ ကြည့်လိုက်၏။

"နေပါဦး ကိုဦးရဲ့ . . . ဘာအပုပ်နံ့လဲ၊ ငါ့မိန်းမက ရော ဘာဖြစ်နေလို့လဲ၊ ရှင်းရှင်းပြောစမ်းကွာ"

ဤတွင် ကိုဦးက အခြားသူများကြားသွားမည်စိုးသဖြ ဘေးဘီသို့ အကဲခတ်ကြည့်လိုက်ပြီးနောက် ကိုအောင်သိန်း၏ နားနားကပ်ကာ ခပ်တိုးတိုးပြောလိုက်သည်။





"သူကြီးသားသောင်းမြင့်က မင်း မရှိတဲ့အချိန်မှာ မင်းရဲ့အိမ် အဝင်အထွက် ရှိနေတယ်တဲ့ကွ၊ ငါ ဒီလောက်ပဲ ပြောပါရစေကွာ"

"ဘာ"

"တောက်"

နဂိုကမှ မယားချောအပေါ် သံသယဝင်နေသော ကို အောင်သိန်းမှာ တောက်တစ်ချက်ပြင်းစွာခေါက်လိုက်ပြီး လက် သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလေသည်။

"ဒါကြောင့် . . . သင်းက ဖြီးဖြီးလိမ်းလိမ်း ပြင်ပြင်ဆင် ဆင် ဖြစ်နေတာကိုး"

"အေး . . . ဟုတ်တယ် အောင်သိန်း၊ လင်ရှိမိန်းမ တွေများ ဖောက်ပြန်ပြီဆိုရင် သိပ်သိသာတယ်ကွ၊ ခါတိုင်းနဲ့ မတူအောင်ကို ပြင်ပြင်ဆင်ဆင်လုပ်လာတော့တာပဲ၊ ငါကွာ စိန်မှုန်ကို ထင်တောင်မထင်ဘူး။ တစ်သက်လုံး ဗိုင်းကောင်း ကျောက်ဖိနေလာတဲ့ ကောင်မလေးပါ။ အေးပေ့ါလေ . . . လင် သားနဲ့လည်း တစ်လကိုးသီတင်း ကင်းကွာနေ၊ ဟိုကောင်လူ ယုတ်မာကလည်း မိန်းမတွေရဲ့အညှာကို နောကေနော သိနေတ



www.burmeseclassic.com

www.burmeseclassic.com



စားနေကျကြောင်ပဲ့း''

''တော် ... တော်ပါတော့ကွာ။ ငါ မကြားပါရစေနဲ့တော့ ကိုဦးရယ်''

''အေးကွာ ... ငါလည်း မင်းကိုမပြောချင်ပါဘူး။ ဒါပေမဲ့ ... အဲဒီသတင်းက တစ်ရွာလုံးပွနေတာကွ။ ငါ မင်းအတွက် မခံချင်လွန်းလို့ ဖွင့်ပြောရတာပါကွာ''

ကိုအောင်သိန်းမှာ အံကိုတင်းတင်းကြိတ်ထားပြီး မျက်စိ စုံမှိတ်ကာ လက်သီးတို့ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

ပင်လယ်ထဲမှာ မုန်တိုင်းမထန်သော်လည်း သူ့ရင်ထဲမှာ မုန်တိုင်းထန်လျက်ရှိချေပြီ။

''ဟင်း ဟင်း ဟင်း ... ဒါကြောင့် ဒီကောင်မက လက်ထဲ ငွေရှင်နေတာကိုး။ သောင်းမြင့်ဆိုတဲ့ကောင်က ရွာထဲမှာ ရော ရွာနီးချုပ်စပ်မှာပါ မိန်းမတွေကို သူသဘောကျလာပြီဆို အပျို,အအိုမရှောင် ငွေနဲ့မျှားပြီး ဖြားယောင်းသွေးဆော်ပြီး ဖျက်ဆီးနေတဲ့ကောင် ...၊

သူ့အဖေက ဆယ်အိမ်လေးရွာအုပ်သူကြီးဆိုတဲ့ ဩဇာ အရှိန်အဝါနဲ့ ဖုံးဖုံးဖိဖိလုပ်၊ ငွေနဲ့ပေါက်လျော်ပြီး အဲဒီကောင်





ယုတ်မာသမျှ လိုက်ဖြေရှင်းနိုင်ခဲ့လို့သာ ဒီနေ့အထိ အမှုကြီးကြီး မားမား မဖြစ်တာ''

''ခုတော့ ... သင်းက အတင့်ရဲသထက်ရဲလာပြီး ငါ့ မိန်းမကိုပါ ထိပါးလာပါလား''

''အို ... ဒါကလည်း လူတွင်ပါလို့ နွားကျားကိုက်တာ ပါ။ အိမ်ကဟာမ မကောင်းလို့ဖြစ်ရတာ။ လောကမှာငွေနဲ့မျှား ပြီး ဖျက်ဆီးလို့မရတဲ့မိန်းမဆိုတာ ခပ်ရှားရှားပဲ''

''တောက် ... တွေ့ကြသေးတာပေါ့ စိန်မှုန်ရယ်။ ငါက တော့ နင့်ကိုချစ်လိုက်ရတာ။ ခုတော့ နင်က ငါ့ရဲ့နောက်ကွယ် ရာမှာ မျောက်မထားပြီး ဖြစ်ချင်ရာဖြစ်နေပြီပေါ့ ဟုတ်လား။ ရွာပြန်ရောက်ရင်တော့ နင် သေဖို့ရာသာ ပြင်ထားပေရော့၊ တောက်'

ငါးတန်ချိန်မပြည့်သေးသရွေ့ ပင်လယ်ထဲမှာ ဆက်နေရ ဦးမည်မို့ ကိုအောင်သိန်းမှာ မချင့်မရဲဖြစ်ကာ ကြိတ်မနိုင်ခဲမရ ဖြစ်နေရတော့၏။ ဖြစ်နိုင်လျှင် ပင်လယ်ကြီးကို လက်ပစ်ကူးကာ ဖြတ်သွားချင်လှသည်။

မိနစ်၊ စက္ကန့်နှင့်အမျှ ခုအချိန်ဆို သူ့မိန်းမ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေပြီလဲဟု တွေးမိတိုင်း ရင်ထဲမှာ မီးစဖြင့်အထိုးခံရသည့်နှယ် စူးစူးရှရှ ပူလောင်သွားမိချေ၏။

သူ့မိန်းမ စိန်မှုန်အပေါ် နာကျင်ဒေါသထွက်လွန်းသဖြင့် သူမ ဝယ်ပေးခဲ့သည့် ဆွယ်တာအင်္ကျီလက်ရှည်ကို ကိုယ်ပေါ်မှ ချွတ်ကာ စက်လှေပဲ့ပိုင်းတွင် ဓားမဖြင့် အပိုင်းပိုင်းခုတ်ဖြတ်ပြီး ပင်လယ်ထဲ လွှင့်ပေါက်ပစ်လိုက်လေသည်။

သူ့ဒေါသကိုကြည့်ပြီး ကိုဦးပင် မျက်လုံးပြူးနေမိ၏။

''ငါတော့ ဒီကောင့်ကိုပြောမိတာ မှားပြီထင်ပါရဲ့။ အောင်သိန်းဟာ လူဖြောင့်စိတ်တို့ ငါးပါးတော့မှောက်ပြီ ထင်ပါရဲ့ကွာ''

ခုမှတော့ လွန်သွားပြီ။ ကိုဦးလည်း ဘာမျှမတတ်နိုင်တော့။

❊ ❊ ❊



## ရမ္မက်သားရဲ

စိန်မှုန်တစ်ယောက် ရေမိုးချိုးပြီး၍ အိပ်ခန်းထဲတွင် သီချင်းကလေးတအေးအေးဖြင့် သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းနေစဉ် –

♫ မှန်ရှေ့ဖြူ ××× ပြတင်းဝယ်နော် ××× မျှော်ကာရမ်းလို့သာ ××× တွေးမျှော် ××× အရုဏ်သော်ကြူးလင်းသော် ××× ပျိုမေစောင့်လို့သာနော် ××× ♫

''ဟဲ ဟဲ . . . မစောင့်ရပါဘူး စိန်မှုန်လေးရဲ့၊ ကိုသောင်းမြင့် လာပါပြီ . . . ဟဲ ဟဲ ဟဲ အေ့''

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အိပ်ခန်းတံခါးဝဝယ် ဝဲယာ တံခါးပေါင်ကိုလက်နှစ်ဖက်ဖြင့် ထိန်းကိုင်ရင်း ခပ်ယိုင်ယိုင်ရပ်နေသည့် သောင်းမြင့်ကို တွေ့လိုက်ရသည်တွင် စိန်မှုန်မှာ ဘီလူးသဘက်ကို တွေ့လိုက်ရသည့်နှယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေသည်။ သူမက ချက်ချင်း ထိုင်ရာမှထလိုက်၏။

"ကို ... ကိုသောင်းမြင့် ... ရှင်ဘာဖြစ်လို့ ဒီအထဲထိ ဝင်လာရတာလဲ၊ သွား သွား ... အိမ်ရှေ့ကပြင်ဆီ ပြန်ထွက်သွားပါရှင်"

"ဟ စိန်မှုန် ... နင် ဘာဖြစ်နေတာတုံး။ ငါ့ကို ဘာဖြစ်လို့ ပြူးတူးပြဲတဲနဲ့ နှင်နေရတာတုံး၊ သောင်းမြင့်ဆိုတဲ့ကောင်က တခြားလူမဟုတ်ဘူးလေ၊ အေ့ ... နင့်ကို ပုံပိုးနေတဲ့သူ နင့်ယောက်ျားရဲ့အလုပ်ရှင်၊ အခု ငါးဖမ်းစက်လှေတွေကို ငါဦးစီးဖို့ အဖေက အာဏာကုန်လွှဲလိုက်ပြီ။ နောက်ဆို သူ့ရဲ့သူကြီးရာထူးကိုပါ ရတော့မှာ။ အဲဒီအောင်ပွဲအတွက် ငါ့ရဲ့တပည့်ငပိကောင်တို့ ရေဆင်တို့နဲ့ တောကျိုးကန်းရဲ့ဆိုင်မှာ တစ်ခွက်တစ်ဖလား မော့ပြီး ဒီဘက်လျှောက်လာတာ။ အဲဒါ ... နင့်ကို





သတိရလို့ ဝင်လာခဲ့တာ စိန်မှုန်ရဲ့၊ ရော့ ရော့ ... မုန့်ဖိုးယူ ... အေ့"

သောင်းမြင့်က အင်္ကျီအိတ်ကပ်ထဲမှ ဂျော့ဘုရင်ခေါင်းတံဆိပ်ပါ ငွေစက္ကူတို့ကို ထုတ်ပေးနေသည်။

"အို ... ဘာမုန့်ဖိုးလဲ၊ ဘာမှမယူဘူး။ ရှင် အခု အိမ်ရှေ့ကို ထွက်သွားလိုက်ပါ။ ပတ်ဝန်းကျင်က တစ်ယောက်ယောက်တွေ့သွားရင် မကောင်းဘူး။ ရှိကြီးခိုးပါရဲ့ရှင် ... အိမ်ရှေ့ကပြင်ကို ထွက်သွားလိုက်ပါ။ ကျွန်မ လိုက်လာခဲ့ပါ့မယ်"

"နင် ... နင် ... တကယ်လိုက်လာမှာလား။ အေ့ အေ့ ... ခုလိုက်ခဲ့လေ"

"အို ... လိုက်လာပါ့မယ်ဆို၊ ဒီမှာ အင်္ကျီမဝတ်ရသေးဘူး"

"အင်္ကျီ ... ဟုတ်လား"

သောင်းမြင့်က ဝေဝါးနေသည့်မျက်လုံးကိုဖြဲကာ ကြည့်သည်။

ထမီရင်လျားနှင့် စိန်မှုန်၏ တစ်ရစ်သောအလှကို ...

www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်။

"လှ . . . လှလိုက်တာ စိန်မှုန်ရယ်။ အသားလေးတွေကို ဝင်းနေတာပဲ . . . . ဟဲ ဟဲ ဟဲ"

စိန်မှုန်၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

"အို . . . ရှင် ဘာစကားပြောတာလဲ၊ ထွက် . . . ထွက် ရှင် အခုထွက်သွား၊ ရှင် မထွက်သွားရင် ကျွန်မ အော်လိုက် မှာနော်"

"ဘာ . . . အော်မယ် ဟုတ်လား၊ အော်လေ . . . အော်၊ ခြံတွေက အကျယ်ကြီး ဘေးအိမ်တွေက အဝေးကြီး၊ နင်အော် လည်း ကြားမှာမဟုတ်ဘူး။ ကြားလည်း ငါက ဂရုမစိုက်ဘူး။ ပြဿနာတက်ရင် နင့်ဘက်က ဘယ်သူ သက်သေလိုက်မလဲ။ တစ်ရွာလုံးက ငါနဲ့ ငါ့ရဲ့အဖေကို မော်တောင်ကြည့်ရဲတာ မဟုတ် ဘူး။ ဘယ်သူမှ ငါတို့ရဲ့အမုန်းမခံရဲဘူး။ ငါတို့ရဲ့အမုန်းခံပြီး နင့်ဘက်က သက်သေလိုက်မယ်များ ထင်လို့လား။ ဟား ဟား ဟား . . . ဝေးသေးတယ် စိန်မှုန်၊ ဝေးသေးတယ် . . . အေ့"

စိန်မှုန်မှာ ကြံရာမရဖြစ်သွားသည်။ ထိုစဉ် သောင်းမြင့် က အခန်းထဲသို့ ခြေလှမ်းဝင်လာ၏။





သူမက အဝတ်တန်းပေါ်မှ အင်္ကျီတစ်ထည်ကိုလှမ်းယူ လိုက်ပြီး ရှေ့တိုးလာသည့် သောင်းမြင့်၏ရင်ဘတ်ကို ဆောင့် တွန်းကာ တံခါးဝမှ လျင်မြန်စွာ တိုးထွက်လိုက်သည်။

သောင်းမြင့်က ယိုင်သွားသော်လည်း စိန်မှုန်၏ လက် တစ်ဖက်ကို ဆွဲကိုင်မိလိုက်သည်။

"ကောင်မ . . . ပြေးလို့ရမလား"

"အို . . . လွှတ် လွှတ်"

သူမက အတင်းဆောင့်ရုန်းရာ သောင်းမြင့်ပါ အခန်း အပြင်ဘက်သို့ ပါလာ၏။

"အောင်မာ . . . ကောင်မ လာစမ်း"

"လွှတ် . . . လွှတ် . . . အယုတ်တမာကောင်၊ မယုတ် မာနဲ့"

အခန်းရှေ့ဝယ် စိန်မှုန်နှင့် သောင်းမြင့်တို့မှာ တွန်း လား၊ ထိုးလား၊ ရုန်းလား ကန်လား ဖြစ်နေကြ၏။

သောင်းမြင့်မှာ အမူးတွေ ပျောက်ကာ အားသန်လာ ၏။

အရက်နံ့ကို တဏှာအနံ့က ဖုံးလွှမ်းခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက စိန်မှုန်၏ခါးသိမ်သိမ်လေးကို ပွေ့ကာ ဆွဲခနဲ ပွေ့ချီရန် ပြင်လိုက်စဉ် –

တစ်စုံတစ်ဦး အိမ်ပေါ်တက်လာသည့်နှယ် အိမ်က သိမ့်ခနဲ ဖြစ်သွားတော့၏။

စိန်မှုန်က အိမ်ပေါက်ဝဆီ အားကိုးတကြီး လှည့်ကြည့်လိုက်သည်။

အနီဖျော့ဖျော့ ပိုးပဝါကို ခေါင်းတွင်ပေါင်းထားကာ အနီဖျော့ဖျော့ ရင်စေ့ရှပ်လက်ရှည်နှင့် အနီရဲရဲ ချိတ်ပုဆိုးတောင်ရှည်ကို ဝတ်ဆင်ထားသည့် ဘုန်းမြင့်မိုရ်အား အိမ်ရှေ့တံခါးဝတွင် တွေ့လိုက်ရ၏။

''အို ...အစ်ကို''

''နမ ...ဘာဖြစ်နေတာလဲ''

''ဒီ ...ဒီမှာ လူယုတ်မာကောင်၊ လာပြီး ယုတ်မာနေလို့ ...အစ်ကို လုပ်ပါဦး''

စိန်မှုန်က အတင်းရုန်းရင်း အော်ကာ အကူအညီတောင်းသည်။

သောင်းမြင့်က မစိန်မှုန်ကို အတင်းဆွဲဖက်ရင်းမှ





အိမ်အဝဆီ ထိတ်လန့်တကြား လှည့်ကြည့်ပြီးနောက် ကြောင်သွားသည်။

အိမ်တံခါးဝဝယ် မည်သူမျှ ရှိမနေချေ။

''အောင်မာ ...ကောင်မက မာယာများချင်သေးတယ် ... လာစမ်း''

ရမ္မက်ဇောထန်နေသည့် သောင်းမြင့်က မစိန်မှုန်ကို ဆွဲပွေ့ယူလိုက်စဉ်မှာပင် –

''ဖြန်း''

သောင်းမြင့်သည် သူ့ကျောပြင်ကို တစ်စုံတစ်ဦးက ပြင်းထန်စွာ ရိုက်လိုက်သလို ခံစားလိုက်ရပြီး ကျောပြင်တစ်ပြင်လုံး ပြင်းထန်စွာ စပ်ဖျဉ်းနာကျဉ်သွားကာ ရှေ့သို့ ငိုက်ကျသွားသလို စိန်မှုန်ကိုလည်း အယောင်ယောင်အမှားမှားဖြင့် လွှတ်လိုက်မိတော့၏။

သူ နောက်သို့ လှည့်ကြည့်လိုက်စဉ် –

''ဖောင်း''

''အ''

တစ်စုံတစ်ဦးက သူ့မျက်နှာကို ထိုးလိုက်သလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီး ကြမ်းပြင်ပေါ် ပက်လက်လန်လဲကျသွားရသည်။ မျက်လုံးတစ်ဖက်လည်း အောင့်ကာ ပြင်းထန်စွာ နာကျင်သွားရ၏။

သို့တိုင် သူ့ကို တိုက်ခိုက်သူကို မတွေ့ရ။

သောင်းမြင့်မှာ အံ့အားကြီးသင့်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။

''အစ်ကို . . . အဲဒီလူယုတ်မာကောင်ကို အိမ်ပေါ်က ရိုက်ချလိုက်စမ်းပါ။ ဆောင့်ကန်ချလိုက်စမ်းပါ။ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်စမ်းပါ အစ်ကိုရယ်''

စိန်မှုန်၏စကားအဆုံးဝယ် သောင်းမြင့်မှာ သူ၏ ဝဲဘက်နံကို တစ်စုံတစ်ဦးက ခြေဖြင့် ပြင်းစွာကန်ခတ်လိုက်သည့် နယ် ပြင်းထန်သောဝေဒနာ ခံစားလိုက်ရတော့၏။

''ဖောင်း''

''အား''

''ဖောင်း''

''ဖောင်း''

''အား အား''





ကန်ချက်များက ဝဲရောယာမပါ ဆက်တိုက်ဝင်လာရာ သောင်းမြင့်မှာ အိမ်ရှေ့ကြမ်းပြင်ပေါ်ဝယ် လိမ့်နေရာမှ ကပျာကသီ လူးလဲထပြီး အိမ်ပေါ်မှ တရောသောပါးဆင်းပြေးရတော့၏။

တစ်ကိုယ်လုံး နာကျင်လျက်ရှိသော သောင်းမြင့်မှာ မြဝဆီ ပုသိုးမနိုင် ပဝါမနိုင်ဖြင့် ဒယီးဒယိုင် ထွက်ပြေးတော့ရာ အိမ်ကလေးထဲမှ စိန်မှုန်၏ အားရကျေနပ်စွာပြောသံ၊ ရယ်သံတို့ ထွက်ပေါ်လာတော့သည်။

''ဟင်း ဟင်း ဟင်း . . . အစ်ကိုက သိပ်အားကိုးရတာပဲ။ ကောင်းတယ် . . . ဒါမှ နောင်ကို သင်းမှတ်သွားမှာ . . . ဟင်း ဟင်း ဟင်း''

※

www.burmeseclassic.com

www.burmeseclassic.com

“တော်ပါသေးရဲ့ အစ်ကိုရယ် . . . အစ်ကို အချိန်မီ ရောက်လာလို့ပဲ”

“သူက ဘယ်သူလဲ”

“သူက ဒီရွာရဲ့သူကြီးသားလေ၊ သောင်းမြင့်တဲ့၊ တကယ့်လူယုတ်မာပဲ အစ်ကိုရယ်”

စိန်မှုန်က ပဒုမ္မာအင်္ကျီလေးကို လုံလုံခြုံခြုံဝတ်ပြီး နောက် ကပြင်ဝယ် ဘုန်းမြင့်မိုရ်ကို ညွှန်ခံစကားပြောနေခြင်း ဖြစ်၏။





သူမက သောင်းမြင့်မှ အတင်းလာရောက်ကာ ခြိမ်းခြောက်ပြီး လက်ဆောင်များပေးပုံမှသည် ယခုလို ကျူးလွန်စော်ကားရန် ကြံစည်သည်အထိ စီကာပတ်ကုံးပြောပြလိုက်လေသည်။

ဘုန်းမြင့်မိုရ်က စိန်မှုန်ကို ကရုဏာသက်စွာ ငေးကြည့်ရင်းမှ သက်ပြင်းချသည်။

“အင်း . . . လောကမှာ လူယုတ်မာဆိုတာတော့ နေရာတိုင်း ရှိတာပါပဲ နှမရယ်။ နောင်ကို သတိထားပေါ့။ အစ်ကိုလည်း မကြာခဏလာပြီး စောင့်ရှောက်မှာပါ”

သူက မလုံမလဲဖြစ်နေသည့် အိမ်လေးကို မျက်လုံးဝေ့ကြည့်ပြီးနောက် –

“နှမလေးတို့ရဲ့အိမ်ထဲ ဒီလို လူယုတ်မာ အလွယ်တကူ ဝင်ရောက်စော်ကားနိုင်တာဟာ အိမ်မလုံခြုံလို့ပဲကွဲ့။ မိန်းမသား တစ်ယောက်တည်း အိမ်မှာနေရတဲ့ကြားထဲ အိမ်က တံခါးမရှိ ဘာမရှိ ဖြစ်နေတော့ မကောင်းကြံချင်သူအတွက် ငှက်ပျောသီး အခွံနွှာစားရတာထက် လွယ်ကူနေတော့တာပေါ့။ ငါ့နှမ အိမ် ကောင်းကောင်းဆောက်ပြီး နေနိုင်အောင် လာမယ့်လပြည့်နေ့ အစ်ကိုလာတဲ့အခါ လုံလုံလောက်လောက်ပေးပါဦးမယ်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



. . . ဒါလေးပဲယူထားလိုက်ပါဦးကွယ်''

ဘုန်းမြင့်မိုရ်က ပုဆိုးခါးပိုက်ဆောင်ထဲမှ မောင်းကွင်းရွှေလက်စွပ်လေးနှစ်ကွင်းကို ထုတ်ပေးသည်။

''ဒီလက်စွပ်လေးတစ်ကွင်းကို နှမဝတ်ပြီး တစ်ကွင်းကိုတော့ ထုခွဲပေါ့ကွယ်။ အစ်ကိုပေးကမ်းတာ များပြီ။ ခုထိ နှမရဲ့ကိုယ်ပေါ်မှာ ရွှေတစ်ရွေးသားမှ မတွေ့ရသေးလို့ ဒီမောင်းကွင်းလေးတစ်ကွင်းတော့ ဝတ်စေချင်တယ်ကွဲ့''

''ရွှေမဝတ်တာ နှမကို လူတွေအထင်ကြီးမှာစိုးလို့ပါ၊ အစ်ကိုပေးသမျှ သုံးဖြုန်းမပစ်ပါဘူး၊ တချို့ကိုစားပြီး တချို့ကို စုဆောင်းထားပါတယ် အစ်ကိုရဲ့''

''အေး . . . ငါ့နှမက လိမ္မာတယ်ဆိုတာ အစ်ကိုဝမ်းသာပါတယ်ကွယ်။ လျှာဒါန်းမှုရော ပြုရဲ့လားကွဲ့''

''ဟုတ်ကဲ့ . . . အလှူရယ်လို့ မလုပ်နိုင်သေးပေမယ့် ဥပုသ်နေ့တိုင်း ရွာဦးကျောင်းဆရာတော်ဆီ ဆွမ်းအုပ်ပို့ပြီး အစ်ကို့ကိုလည်း ရည်စူးလို့ အမျှအတမ်းဝေပါတယ် အစ်ကို''

''ကောင်းပါပေ့ကွယ် . . . ကောင်းပါပေ့။ နှမ အလှူဒါနပြု၊ အမျှဝေလို့လားမသိဘူး အစ်ကို့မှာ နေရထိုင်ရတာ အရင်





ာက်ပိုပြီး ပေါ့ပါးချမ်းသာရပါတယ်ကွယ်''

စိန်မှုန်က အစ်ကိုဖြစ်သူကို ကရုဏာသက်စွာ ကြည့်ပြီး . . .

''ဒါထက် အစ်ကို . . . ကျွန်မ အလှူဒါနပြု အမျှအတန်းဝေတဲ့အခါ အမျှရပြီး အစ်ကို မကျွတ်မလွတ်နိုင်ဘူးလားဟင်''

''အစ်ကိုက အတ္တအစွဲကြောင့် ဒီလို ဥစ္စာစောင့်ဘဝရောက်နေရတာပဲ နှမ။ လူ့ဘဝတုန်းက ပစ္စည်းဥစ္စာကို အလွန်အမင်း တပ်မက်တဲ့စိတ်အဟုန်ဟာ ခုအထိရှိနေတုန်းပဲကွဲ့။ လူဖြစ်တုန်းကလည်း လှူဒါန်းပေးကမ်းဖို့ တယ်လည်းတွန့်တိုခဲ့သကိုး။ ကွယ်လွန်သွားတဲ့ အမိအဖနဲ့ နှမလေးကိုတောင် ရည်စူးပြီး အလှူဒါန မပြုမိဘူးကွဲ့ . . . ၊

မိုးလွန်မှ ထွန်ချချင်သူလို ခုလိုဘဝရောက်ပြီး အလှူဒါနမပြုနိုင်တော့မှ အလှူဒါနပြုချင်လို့လည်း မရဘူးလေ။ မှန်တာပြောရရင် ခုအထိ တွန့်တိုစိတ်ကရှိတုန်းပဲကွယ်။ နှမလေးကိုတောင် ကိုယ့်နှမလေးမို့ သနားပြီးစွန့်ကြဲတာ။ အင်း . . . ဒီလိုနဲ့ ကြာရင်တော့ ပစ္စည်းဥစ္စာအပေါ် တပ်မက်စိတ် လျော့



www.burmeseclassic.com

www.burmeseclassic.com



သထက် လျော့သွားပြီး တစ်ချိန်ချိန်ကျရင် ဒီဘဝက ကျွတ်ပါလိမ့်မယ်ကွယ်''

စိန်မှုန်မှာ အတ္တလောဘစိတ်မခွာနိုင်သေးရှာသည့် အစ်ကိုဖြစ်သူကို ကရုဏာသက်စွာ ငေးကြည့်ရင်းမှ တစ်စုံတစ်ရာကို သတိရသွားသဖြင့် လွတ်ခနဲပြောလိုက်မိ၏။

''အစ်ကို ... ကျွန်မတို့ရဲ့သားလေးလူရဲကို ဘိုကလေးမြို့မှာ ကျောင်းအိပ်ကျောင်းစားနဲ့ သွားထားတာ ခုဆို သူ့ရဲ့အသက် ဆယ်နှစ်တောင် ရှိနေပြီရှင့်။ လာမယ့်နွေမှာတော့ သားလေးကို ရှာပြန်ခေါ်ပြီး ရှင်ပြုပေးဖို့ ကျွန်မ ရည်ရွယ်ထားတယ်။ အဲဒီအခါကျ အလှူအတန်းအကြီးအကျယ်လုပ်ပြီး အစ်ကို့ကိုလည်း အမျှအတန်း ကောင်းကောင်းကြီးဝေနိုင်မှာပဲ။ အဲဒီအလှူဒါနထဲမှာ အစ်ကို့ရဲ့အလှူလည်း အပုံကြီးပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုပေးသမျှ ထုခွဲပြီး ကျွန်မ စုစုထားတဲ့အထဲကပဲ လှူမှာမို့လို့ပါ''

စိန်မှုန်၏စကားကိုကြားရလေလျှင် ဘုန်းမြင့်မိုရ်၏ မျက်ဝန်းတို့က တောက်လက်သွားတော့၏။

''အေး ... ငါ့နှမပြောသလိုဆို အစ်ကိုလည်း အလှူ





ဒါယကာ ဖြစ်ရမှာပေါ့။ ကောင်းတယ် နှမရယ် ... နှမရဲ့ရည်ရွယ်ချက်သာ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပါကွယ်။ အစ်ကိုလည်း ထပ်ထပ်ပြီး ထောက်ပံ့ပေးကမ်းပါဦးမယ်။ ဒီကြားထဲတော့ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကင်းအောင် သတိဝီရိယနဲ့ နေဦးကွဲ့''

''ဟုတ်ကဲ့ပါ အစ်ကို၊ စောစောကအကောင်လည်း အစ်ကို့ကို လန့်သွားလောက်ပါပြီ။ သူ အစ်ကို့ကိုကြည့်ပြီး တော်တော် ကြောက်သွားတယ်သိလား''

ဤတွင် ဘုန်းမြင့်မိုရ်က နှမဖြစ်သူကို ပြုံးကြည့်ကာ–

''နှမလေးက အစ်ကို့ကို စောစောကအကောင် မြင်တယ် ထင်လို့လား''

ဟုမေးလိုက်ရာ စိန်မှုန်မှာ မျက်လုံးလေးများ ဝိုင်းသွားတော့၏။

''ဟင် ... သူက ဘာဖြစ်လို့ မမြင်ရမှာလဲ''

''အစ်ကို့ကို နှမပဲ မြင်နိုင်တာကွဲ့၊ အဲဒီအကောင် မမြင်နိုင်ဘူး''

''အို ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အစ်ကိုတို့က ကိုယ်ပြလိုသူကိုသာ ကိုယ်ထင်ပြလေ့ ရှိတယ်ကွဲ့"

"ဟင် ... ဒါဆို အစ်ကို ဒီရွာထဲဝင်လာတာလည်း ဘယ်သူမှ မမြင်ကြဘူးပေါ့"

"ဒါပေါ့ ... ငါ့နှမကလွဲပြီး ဘယ်သူမှ မမြင်မတွေ့ကြရဘူးကွဲ့"

"ဩော် ... ဒီလိုလား"

"ဟုတ်တယ် ... ကဲ ကဲ အစ်ကိုပြန်ဦးမယ်၊ တစ်နေ့နေ့တော့ ထပ်လာပါဦးမယ်ကွယ်"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကို"

ဘုန်းမြင့်မိုရ်က ကပြင်ပေါ်မှဆင်းပြီး ခြံဝအရောက်တွင် လှည့်ပြန်လှည့်ကြည့်ကာပြုံးပြရာ စိန်မှုန်က လက်ကလေးပြလိုက်လေ၏။

စိန်မှုန်တို့၏ဘေးခြံမှ မမြကျင်နှင့် မတင်ရီတို့က ... ခြံစည်းရိုးကြားခတ်တန်းကိုကွယ်ကာ ချောင်းကြည့်နေကြရာ စိန်မှုန်က အခြားမည်သူမျှမရှိဘဲ လက်ပြနေသည်ကို တွေ့ရရာ သူမတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်





မိကြတော့သည်။

ပြီး ... ခပ်တိုးတိုး ဝေဖန်မှုပြုမိကြ၏။

"ဟဲ့ ... စိန်မှုန်က လက်ပြနေပြန်ပြီ။ ဘယ်သူ့ကိုပြတာလဲ မသိဘူးနော်"

"ဘယ်သိမှာလဲ မမြကျင်ရဲ့၊ တော်နဲ့ကျုပ်ကြည့်နေတာပဲ။ စောစောကလည်း ကပြင်မှာထိုင်ပြီး စိန်မှုန်တစ်ယောက်တည်း လက်ဟန်ခြေဟန်နဲ့ပြောနေတဲ့ဟာ။ ကောင်မ ... ရူးများရူးနေပြီလားမသိဘူး"

"အေး ... ကျုပ်လည်း အဲဒါပဲစဉ်းစားနေတာ။ စိန်မှုန်က လှလည်း လှတယ်။ ခုနောက်ပိုင်း သနပ်ခါးတွေ ခြေဆုံးခေါင်းဆုံးလိမ်း၊ ပန်းတွေပန်၊ အဝတ်သစ်အစားသစ်တွေ အိမ်နေရင်းနဲ့တောင် ဝတ်လိုဝတ်နဲ့ တော်တော်ရှိုးများနေတာတော့။

အဲဒါ ... လင်ထောင်ချင်လို့မှ ဟုတ်ရဲ့လား။ စောစောကပဲ သောင်းမြင့် ကြာကူလီကောင်ကို အိမ်ပေါ်ကနေ ခွေးပြေးဝက်ပြေး ဆင်းပြေးရအောင် လုပ်ထည့်လိုက်ပြီးပြီ။ စိန်မှုန်သာ လင်ထောင်ချင်ရင် အဲဒီလိုဖြစ်စရာမရှိဘူး"

"တော်က ဘယ်လိုထင်လို့လဲ မမြကျင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မတင်ရီရဲ့ စိန်မှုန်ကြည့်ရတာ ဒီနှစ်ပိုင်းထဲမှာ တော်တော်အဆင်ပြေနေပုံရတယ်။ အရင်ကဆို သူ့လင် မပြန်မလာမချင်း ဖွတ်ကျောပြာစုနေတာ။ ဟိုလူ့ဆီကချေး၊ ဒီလူ့ဆီကချေးနဲ့ တော်တို့ ကျုပ်တို့ဆီကတောင် လွတ်လို့လား ...၊

ခုနောက်ပိုင်း ကောင်မ ကြွေရနေပြီ။ တော်တော်လေး ပြေပြေလည်လည် ချောင်ချောင်လည်လည် ဖြစ်နေတယ်တော့။ မဟုတ်မှလွဲရော အဲဒီကောင်မ ရှူးချင်ရှူး မရှူးရင်တော့ ထူးနေပြီတော့"

"ဘယ် ... ဘယ်လိုထူးတာလဲ မမြကျင်ရဲ့"

"အဲဒီကောင်မဟာ သိုက်ကလာတာလား မသိဘူး။ သိုက်ဆက်ရှိသူဟာ အချိန်တန်ရင် အကျိုးပေးတယ်တဲ့။ သူ့ သိုက်ကများ သူ့ကို ပေးကမ်းနေသလား မသိဘူး မတင်ရီရဲ့"

"အေး ... အဲဒါလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် စိန်မှုန်ဟာ စိတ်ဝင်စားစရာတော့ အတော်ကောင်းနေပြီ။ ဒီကောင်မကို မျက်ခြည်မပြတ် စောင့်ကြည့်ရမယ်။ နောက်တစ်ခါ ထူးခြားတာတွေ့ရင် ဒီနေ့လိုပဲ လာခေါ်ဦးနော်"

· ခု နှစ် စဉ် ကြယ် စာ ပေ



"ခေါ်ပါ့မယ်တော် ခေါ်ပါ့မယ်။ ဒီနေ့လည်း သောင်းမြင့်မှူးပြီး စိန်မှုန်တို့ခြံဝိုင်းထဲ ဝင်သွားတာတွေ့လို့ တော့ကိုလာခေါ်တာပေါ့။ တော်လည်း တော်တော်စပ်စုတယ်နော်"

"ညည်းလိုပေါ့အေ ... ဟင်း ဟင်း ဟင်း"

■

www.burmeseclassic.com

www.burmeseclassic.com

"ဆရာသောင်းရယ် ... ဆရာသောင်း အမူးလွန်ပြီ၊ မြင်ချင်ရာမြင်၊ ခံချင်ရာခံလာရတာ ဖြစ်မှာပါ"

"ဘာကွပြောကောင် ရေဆင် ... ငါ တကယ်ခံခဲ့ရတာ ကွ။ ဒီမှာ မျက်နှာမှာလည်း ဒဏ်ရာဒဏ်ချက်နဲ့ နံလည်း နှစ်ဖက် စလုံးအောင့်နေတာကွ"

"ဟုတ်တယ်လေ ... စိန်မှုန်က ဆော်လိုက်တာဖြစ်မှာ ပေါ့။ မိန်းမတစ်ယောက်က ဆော်ထည့်လိုက်လို့ ခံလာရတာ ပြောရမှာ ရှက်ပြီး ဆရာသောင်းက ဟိုလိုလို သည်လိုလို ပြော နေတာ မဟုတ်လား ... ဟဲ ဟဲ ဟဲ"





"ဘာကွ ရေဆင် ... ငါ နားရင်းအုပ်မိမယ်နော်။ ထောင်တန်တဲ့စကား ရယ်ရင်ပေါ့ မလုပ်နဲ့ကွ။ စိန်မှုန်ကလား ငါ့ကို အာခံဝံ့မှာ။ တောက် ... အခန်းထဲခေါ်ဖို့ စိန်မှုန်ကို ငါ ပွေ့ပြီးပြီကွ။ အဲဒီမှာ ကျောကိုအရိုက်ခံရတာပဲ ကြည့်ကြပါဦးကွာ"

ရွာပြင်လယ်တောအစပ်မှ ပိုးဟပ်ဖြူ (သောင်းထွန်း) ၏ခနိရည်တဲလေးထဲ ဝိုင်းဖွဲ့ရင်း သောင်းမြင့်က သူဖြစ်ပျက် ကြုံဆုံခဲ့ရသမျှကို သူ၏တပည့်ဆိုလည်းဟုတ် သောက်ဖော် သောက်ဖက်ဆိုလည်း ဟုတ်သည့် ရေဆင် (ခေါ်) မြဝင်းနှင့် ငါးပိကောင် (ခေါ်) ခင်ဇော်တို့ကို နုတ်သံနှောကာ ရင်ဖွင့်ပြောပြ နေခြင်း ဖြစ်သည်။

ငါးပိကောင်က အကျီလှန်ပြနေသော သောင်းမြင့်၏ ကျောပြင်မှ အညိုအမည်းကွက်ကြီးအားကြည့်ကာ စားကောင်း သောက်ကောင်းအောင် ကရုဏာသက်ဟန်ဖြင့် စုတ်သပ်လိုက် ၏။

"ကျွတ် ကျွတ် ... ဟုတ်ပါရဲ့၊ လက်ဝါးရာက အတော် ကြီးတာပါလား။ ဟုတ်တယ် ရေဆင်၊ ဒါ မိန်းမလက်ဝါးရာတော့ မဟုတ်ဘူးကွ လာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ရေဆင် (ခေါ်) မြဝင်းကလည်း ကျွတ်နေသည့်ပုဆိုးကို လက်တစ်ဖက်ဖြင့် မလျက် ကုန်းကုန်းကွကွဖြင့် ထကြည့်သည်။

"ဟ ... ဟုတ်တယ် ဆရာသောင်း။ လက်ဝါးရာက အတော်ကြီးပြီး ရိုက်ချက်က အတော်ပြင်းတာပဲ။ ဒါဆို စိန်မှုန် ရဲ့ လက်ချက်တော့ မဖြစ်နိုင်ဘူး။ ငါတို့ဆရာ ကြာကူရိဝင်ရိုက်တာကို စိန်မှုန့်ယောက်ျား အောင်သိန်းမိပြီး ဆော်ထည့်လိုက်တာပဲ ဖြစ်မယ်။ တော်သေးတာပေါ့ ဓားနဲ့ခုတ်မလွှတ်လိုက်တာ"

"ဟော့ကောင် ရေဆင် ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါတိုက်တဲ့ခနီရည်နဲ့ငါးကင်ကိုစားပြီး ငါ့ကို နှိပ်ကွပ်နေတာလား၊ စိန်မှုန်ယောက်ျား အောင်သိန်းက ပင်လယ်ထဲက ပြန်မလာသေးဘူးကွ။ ငါတို့ရဲ့ငါးဖမ်းစက်လှေတစ်စင်းမှ ပြန် မဝင်သေးဘူး။ ဒီကောင်တော့ ငါနားရင်းရိုက်မိတော့မယ်။ ဒါကြောင့် အဲဒီကိစ္စ မင်းတို့ကို မပြောတာ"

"မပြောတော့ ဆရာသောင်း ခံလာရတာပေါ့ဗျ။ ကျုပ်တို့သာပါရင် နာနာဘာဝသော, ဘာသော နားမလည်ဘူး။ ရေဆင်တို့က ဆော်မှာ"





"အေးကွ ... မင်းပြောတာလည်းဟုတ်တယ်။ ငါခံလာရတာကို မကျေနပ်ဘူးကွာ"

"ဒေါင်"

သောင်းမြင့်က ခနီရည်ခွက်ကို ရှေ့မှပျဉ်ပြားပေါ် ဆောင့်ချလိုက်ပြီးနောက် ငါးကင်တစ်ဖတ် ကောက်ဝါးလိုက်သည်။

ရေဆင်က ခနီရည်ခွက်ကို ကောက်မော့လိုက်ပြီးမှ –

"မကျေနပ်ရင် နောက်တစ်ပွဲ ထပ်နွှဲဗျာ၊ ကျုပ်တို့ပါ လိုက်ခဲ့မယ်၊ ဆရာသောင်းကို နှောင့်ယှက်လာသူမှန်သမျှ ... ဟောဒီ ဓားမြှောင်စာမိပြီမှတ်"

"ဒေါက်"

ရေဆင်က ခါးကြားမှာထိုးထားသည့် ဓားမြှောင်ကို ထုတ်ကာ ရှေ့မှ ပျဉ်ပြားပေါ်စိုက်ချလိုက်၏။

"ဟုတ်တယ် ... ဆရာသောင်း၊ ကျုပ်တို့ပါ လိုက်မယ်"

ငါးပိကောင် (ခေါ်) ခင်ဇော်ကလည်း မြှောက်ပေးလိုက်ပြီးနောက် ခနီရည်ခွက်ကို ကောက်မော့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ... ငါက စိန်မှုန်ဆိုတဲ့ကောင်မ ကို မက်လှလို့မဟုတ်ဘူးကွ၊ ဟောဒီရွာနဲ့ အနီးတစ်ဝိုက်က အပျိုစင်တွေတောင် သောင်းမြင့်ဆွတ်ရင် ညွတ်ရတာချည်းပဲ၊ အဲဒီစိန်မှုန်ဆိုတဲ့ကောင်မကျမှ မရှုမလှခံရပြီး ခွေးပြေးဝက်ပြေး ပြေးလာရတယ်လို့ကွာ ... ထွီ"

ရေဆင် (ခေါ်) မြဝင်းက ဓနိရည်ခွက်ကို ထပ်မော့လိုက်ပြီးနောက် မီးလောင်ရာလေပင့်လိုက်ပြန်သည်။

"ကျုပ်တို့ပါရင် ဆရာသောင်း အဲဒီလိုမဖြစ်စေရဘူး၊ အောင်ပွဲခံစေရမယ် ... အေ့"

"အေး ဟုတ်ပြီ .. ဒါဆို ဒီညပဲ ထပ်ကြိုးစားမယ်ကွာ"

"စိန်လိုက် ဆရာသောင်းရေ ... စိန်လိုက်၊ ဆရာသောင်းအတွက်ဆို ရေဆင်တို့က အသင့်ပဲ"

"ဟုတ်တယ် ... ငါးပိကောင်တို့ကလည်း အသင့်ပဲ"

"စိန်မှုန် ... စိန်မှုန် ... တွေ့ကြသေးတာပေါ့ ... ဟား ဟား ဟား"

✳

သူကြီးသား သောင်းမြင့်၊ ရေဆင်နှင့်ငါးပိကောင်တို့က ...မှောင်ရီသန်းစကပင် အရက်ပုလင်းများကို လွယ်အိတ်ထဲ ...ည့်လွယ်ကာ ရွာမြောက်ဘက်လယ်ကွင်းထဲသို့ ထွက်သွား ...၊ လူမရှိသည့် လယ်စောင့်တဲတစ်တဲတွင် စတည်းချလိုက်ကြ ...။

လပြည့်ညပေမို့ ရွာသူရွာသားအချို့က အိမ်ရှေ့ကွပ်ပျစ် ...အပေါ်တွင် ရေနွေးကြမ်းတစ်အိုး အလယ်မှာချကာ ဝိုင်းဖွဲ့ထိုင် ...၊ စကားဖောင်ဖွဲ့နေကြသလို လရောင်ဆမ်းသည့် ရွာလမ်းမြေ ...ဝင်းဝင်းဝါ၌ ရွာရိုကလေးအကုန် ခုန်ပေါက်မြူးတူး ဆော့

ခု နှစ် စဉ် ကြယ် တာ ၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကစားလျက်ရှိကြရာ ထိုသူတို့ တိတ်ဆိတ်ရှင်းလင်းမည့်အချိန်အား အကြံသမားတစ်စုက အရက်ကို တမျှဉ်းမျှဉ်းသောက်ရင်း စိတ်ရှည်ရှည်ဖြင့် စောင့်စားနေကြလေသည်။

သက်ကြီးခေါင်းချချိန်လောက်ကျမှ ရွာလယ်လမ်းမှ ကလေးတို့လည်း လူစုကွဲ၊ စကားဖောင်ဖွဲ့သူတို့လည်း အိပ်ရာဝင်ကြရာ သန်းခေါင်ယံလုလုတွင်မူ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့၏။

ထိုအခါကျမှ သူကြီးသားသောင်းမြင့်တို့လူစုလည်း ရိုးပြတ်လယ်ကွင်းကိုဖြတ်ကာ ကြခတ်ဝါးစည်းရိုးကိုကျော်ပြီး ရွာစပ်မှ ဝင်ကြလေ၏။

မယ်ဖယ်၊ ကုက္ကို၊ သရက်ပင်ရိပ်တို့ကိုခိုကာ ရွာထဲဝင်လာကြသည့် အကြံသမားသုံးဦးသည် စိန်မှုန်တို့အိမ်ဝိုင်း၏ ခြံရှေ့ဝါးတံခါးမှ ချိတ်ကွင်းကိုမဖြုတ်လျက် အိမ်ဝိုင်းထဲသို့ ဝင်လာခဲ့ကြချေပြီ။

လယ်တဲဝယ် အရက်သောက်ရင်း တိုင်ပင်ထားကြသည့်အတိုင်း ရေဆင် (ခေါ်) မြဝင်းက အိမ်တံခါးကို ခပ်အုပ်အုပ်ခေါက်လိုက်သည်။





"ဒေါက် ဒေါက် ဒေါက်"

"စိန်မှုန် ... စိန်မှုန်"

"ဟင် ... ဘယ်သူလဲ"

အိမ်ထဲမှ စိန်မှုန်၏ထူးသံနှင့်အတူ ပျဉ်ချပ်တို့အပေါ်နင်းလာသည့် ခြေသံကြားလိုက်ရ၏။

"ဘယ်သူလဲဟင်"

"ငါပါ မြဝင်းပါ"

"ဪ ... အင်း ... ကိုမြဝင်း။ ညကြီးအချိန်မတော်မှာ ဘာဖြစ်လို့လဲဟင်"

"ဟဲ့ ... တံခါးဖွင့်စမ်းပါဦး၊ သူကြီးက နင့်ကို ခေါ်ခိုင်းလိုက်လို့၊ နင့်ယောက်ျား အောင်သိန်းပါသွားတဲ့ ငါးဖမ်းက်လှေ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး နစ်သွားပြီတဲ့"

"ရှင်"

စိန်မှုန်၏ ချောက်ချောက်ချားချား အာမေဋိတ်သံဆုံးတွင် တံခါးချက်ဖြုတ်သံကို ကြားရလေသည်။

တံခါးရွက်ကိုဟပြီး အလျင်စလို ဖွင့်လိုက်သည်တွင် ါးဝ၌ စိန်မှုန်တွေ့လိုက်ရသည်က မြဝင်း (ခေါ်) ရေဆင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အရက်ဆိုတွေပြန်နေသည့် သူကြီးသား ကြာကူရီ သောင်းမြင့်သာ ဖြစ်ပါ၏။

''အို''

''ဟဲ ဟဲ ဟဲ ... နင့်လင် ဘာမှမဖြစ်ပါဘူး၊ ငါးဖမ်း ''ာ်လေ့လည်း မနစ်ပါဘူး၊ နင် တံခါးဖွင့်အောင် တမင်အကွက် ဝ်င်လိုက်တာ''

ရယ်ဖြဲဖြဲဖြင့် ပြောရင်း သောင်းမြင့်က အိမ်ထဲသို့ ခြေ လှမ်းကျဲကြီးဖြင့် လှမ်းဝင်လိုက်လေ၏။

''အို ရှင် ရှင် ... ဘာလာလုပ်ပြန်တာလဲ၊ ကျွန်မ အော်လိုက်မယ်''

''အော်ရဲ ... အော်ကြည့်၊ ဒီမှာတွေ့လား''

သောင်းမြင့်က ဓားမြှောင်ထိပ်ဖျားဖြင့် စိန်မှုန်၏ လည် ပင်းကို ထောက်လိုက်သည်။

အရက်နံ့ထောင်းထောင်းထနေပြီး မျက်လုံးရဲရဲကြီးများ တွင် ရမ္မက်ခိုးတို့ ဝေလျှံပွက်ဆူနေသည့် သောင်းမြင့်မှာ နွားသိုး ကြီးပြတ်သည့်နှယ် တစွတ်ထိုးလုပ်မည့်ဟန်မို့ စိန်မှုန် တုတ်တုတ် မျှ မလှုပ်ရဲတော့။





သောင်းမြင့် အိမ်ထဲသို့ လုံးလုံးလျားလျား ရောက်ရှိ သွားသည်နှင့် ရေဆင်က အိမ်တံခါးကို ဆွဲပိတ်လိုက်ပြီး အိမ်ရှေ့ တံစက်မြိတ်အောက်ဝယ် ငါးပိကောင်နှင့်အတူ စန္ဒရီစောင့်နေ လိုက်တော့၏။

''ရှင် ရှင် ... ကျွန်မကို ဘာလုပ်မလို့လဲ''

''ဟဲ ဟဲ ဟဲ ... နင့်ရဲ့အချစ်ကို ယူမလို့လေ။ အနု နည်းနဲ့ မရတော့လည်း အကြမ်းနည်းကိုသုံးပြီး ဝင်ရတော့တာ ပေါ့။ နင် မနစ်နာစေရပါဘူး။ ဘယ်သူမှလည်း မသိစေရဘူး၊ ငါက ငွေကြေးလည်း ထောက်ပံ့မှာပါ ... ဟဲ ဟဲ ဟဲ''

ပြောပြောဆိုဆိုဖြင့် သောင်းမြင့်က အဝတ်အစား ကပို ကရိုနှင့် ဖန်မီးရောင်အောက်တွင် လှချင်တိုင်းလှနေသော စိန်မှုန် ၏ခါးကျဉ်းကျဉ်းလေးကို ဆွဲဖက်လိုက်လေသည်။

စိန်မှုန်၏ကိုယ်လုံးအိအိလေးမှာ သောင်းမြင့်၏ရင်ခွင် ကျယ်ကြီးထဲသို့ ဇွတ်ခနဲ ရောက်ရှိသွားခဲ့ပြီ။

စိန်မှုန်မှာ ရာဂဘီလူး ရမ္မက်တစ္ဆေပြသမျှ နုရတော့ မည့်အခြေအနေသို့ ဆိုက်ရောက်သွားရချေပြီ။

အားကိုးရာမဲ့သွားသည့် စိန်မှုန်သည် တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



သတိရသွားပြီး စိတ်ထဲမှ ကပျာကသီ တမ်းတလိုက်၏။

"အစ်ကို ... အစ်ကိုဘုန်းမြင့်မိုရ်၊ အစ်ကိုဘုန်းမြင့်မိုရ် ... ညီမလေးကို ကယ်ပါဦး ... ကယ်ပါဦး"

စိန်မှုန် အားကိုးတကြီး တမ်းတလိုက်ပြီးသည်နှင့် လူရိပ် မည်းမည်းတစ်ခုက စိန်မှုန်တို့၏ ခြံတံခါးဝမှ ဝင်ရောက်လာတော့ ၏။

"ဟာ ... ရေ ... ရေဆင်၊ ဟိုမှာ ဝင်လာတာ ဘယ်သူလဲ မသိဘူး'

ငါးပိကောင်က မေးစင်းနေသည့် မျက်ခွံတို့ကို အတင်းဖြ ရင်း ခြံဝင်းထဲသို့ လှမ်းဝင်လာသော လူရိပ်မည်းမည်းကို အထိတ် တလန့်ကြည့်သည်။

အိမ်တံခါးရွက်ကို ကျောမှီရပ်ရင်း ဇက်ကျိုးကျနေသည့် ရေဆင်က ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး –

"ဘယ်သူဖြစ်ဖြစ် ရှင်းပစ်မယ်၊ ဒါပဲ"

ရေဆင်က ပလုံးပထွေးပြောလိုက်ရင်း ဓားမြှောင်ကို လက်မှာဆွဲကိုင်ကာ အိမ်တံစက်မြိတ်အောက်မှ ဒယီးဒယိုင် လှမ်း ထွက်လိုက်၏။ ပြီး ... လူရိပ်မည်းမည်းကို ဓားမြှောင်ဖြင့် ထိုးရ





ဟန်ပြင်လိုက်သည်။

"ဖောင်း"

"အ"

လူရိပ်မည်းမည်းက လက်ပြန်ရိုက်ထည့်လိုက်ရာ ရေဆင် လည်ထွက်သွားတော့သည်။

ချက်ချင်းပင် သူက ဓားမြှောင်ဖြင့် လူရိပ်မည်းမည်းကို လှမ်းထိုးထည့်လိုက်၏။

ဓားမြှောင်ရော သူ၏ဓားကိုင်လက်ပါ လူရိပ်မည်းမည်း ၏ ကိုယ်ထဲ နစ်ဝင်သွားလေသည်။

သို့သော် ဓားမြှောင်ဝင်သွားပုံက စီးစီးပိုင်ပိုင် မရှိ။ ခိုးငွေ့ထဲ ထိုးထည့်လိုက်ရသလိုလို၊ မှို့အိတ်ကြီးထဲ ထိုးထည့် လိုက်ရသလိုလိုသာ ခံစားလိုက်ရ၏။

"ဖောင်း"

"ဖောင်း"

လူရိပ်မည်းမည်းက လက်ပြန်နှစ်ချက်ဆင့်ရိုက်လိုက်ရာ ည်တစ်ခါမှာတော့ ရေဆင်မှာ မြေကြီးပေါ်ပုံလျက်သား ကျသွား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ငါးပိကောင်မှာ အံ့အားသင့်သလိုဖြစ်သွားပြီး ဒေါလည်း ကန်သွားကာ ခါးကြားမှဓားမြှောင်ကိုထုတ်လျက် လူရိပ်မည်းမည်း ဆီ ပြေးဝင်လိုက်၏။

ပြီးလျှင် သူက ဓားမြှောင်ဖြင့် စွတ်ထိုးတော့သည်။ သို့သော် ...

''ဟင်''

သူ၏ဓားချက်တို့က လေကိုထိုးမိသလိုလို မီးခိုးငွေ့အား ထိုးမိသလိုလို ခံစားရလေ၏။

''ဖောင်း''

လူရိပ်မည်းမည်းက သူ့ကို လက်ပြန်တစ်ချက် ရိုက်လိုက် ရာ ငါးပိကောင်မှာ လည့်ထွက်သွားပြီး လက်ထဲမှဓားလည်း လွတ်ကျသွားတော့၏။

ထိုစဉ် လူရိပ်မည်းမည်းက သူ့ကို ဆွဲခနဲ ပွေ့မလိုက်ပြီ အိမ်တံခါးဆီ ပစ်ပေါက်လိုက်လေသည်။

''ဝုန်း''

ပစ်ပေါက်လိုက်သည့်အရှိန်က ပြင်းသလောက် သူ့နံရို





များ၊ ပခုံးလက်မောင်းရိုးများ ကျိုးသွားမလားထင်လိုက်ရကာ သူ့ခန္ဓာကိုယ်ကြီးက တံခါးရွက်ကို ပြေးဆောင့်ပြီး အိမ်တံခါးရွက် ပွင့်လျက် သူလည်း အိမ်ထဲသို့ လွင့်မြောက်ဝင်သွားတော့၏။

''ဘုန်း''

''ဟင်''

''အို''

အိမ်တံခါးရွက်ပွင့်ပြီး လူ့ခန္ဓာကိုယ်ကြီး တစ်ခုလုံး လွင့် မြောက်ဝင်လာကာ သူတို့အနီးသို့ ပြုတ်ကျလာသဖြင့် သောင်း မြင့်ရော စိန်မှုန်ပါ အံ့အားသင့်ထိတ်လန့်သွားရတော့သည်။

သူတို့အိမ်တံခါးဝဆီ လှည့်ကြည့်လိုက်ကြရာ တံခါးဝ၌ လူရိပ်မည်းမည်းမားမားကြီး ရပ်နေသည်ကို တွေ့လိုက်ရ၏။

''ဟာ ... ဘာကောင်ကြီးလဲဟ''

ဖန်မီးအိမ်အလင်းအောက်မှ လူရိပ်မည်းမည်းကြီးကို ကြည့်ထိတ်လန့်စွာကြည့်ရင်း သောင်းမြင့်၏လက်ထဲမှ ဓားမြှောင် လွတ်ကျသွားတော့၏။

''ဒေါက်''

မျက်လုံးရဲရဲကြီးနှစ်လုံးမှလွဲ၍ မျက်နှာတစ်ပြင်လုံး ဘာမှ



www.burmeseclassic.com

မမြင်ရအောင် အမွေးအမျှင်မည်းမည်းတို့ ဖုံးလွှမ်းနေသည့် ထိုလူရိုင်းမည်းမည်းကြီးကို မကြည့်ဝံ့သဖြင့် စိန်မှုန်က မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်လျက် တစ်ဖက်သို့ လှည့်နေလိုက်၏။

သောင်းမြင့် ကြောင်ကြည့်နေစဉ်မှာပင် လူရိုင်းမည်းမည်းကြီးက ရှေ့သို့ လှမ်းလာရာ သောင်းမြင့်သည် သတိဖျတ်ခနဲဝင်လာပြီး ကြမ်းပြင်ပေါ်ကျနေသည့် ဓားမြှောင်ကို ရုတ်ခနဲကောက်ကိုင်လိုက်တော့သည်။

ပြီးလျှင် သူ့က အနီးသို့ကပ်လာသည့် လူရိုင်းမည်းမည်းကြီးအား ဓားမြှောင်ဖြင့် ထိုးထည့်လိုက်တော့သည်။

သို့သော် သူက လေကိုထိုးမိသလိုလို၊ မီးခိုးငွေ့ကို ထိုးမိသလိုလို ခံစားလိုက်ရပြီးနောက် လူရိုင်းမည်းမည်းက သူ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်ပြီး ဆောင့်ဆွဲယူလိုက်ရာ သောင်းမြင့်မှာ တံခါးဝဆီသို့ ဇွေ့ခနဲ ပါသွားတော့၏။

ရှေ့သို့ ငိုက်ကျလာသည့် သူ့ဇက်ပိုးကို လူရိုင်းမည်းမည်းက အုပ်ထည့်လိုက်တော့သည်။

"ဖြောင်း"

"အ"





သောင်းမြင့်မှာ ဇက်ပြုတ်ထွက်သွားသည့်နှယ် ခံစားလိုက်ရပြီး ရှေ့သို့ ဟပ်ထိုးကျသွားရာ ကပြင်ပေါ်မှတစ်ဆင့် မြေပြင်သို့ ဒလိမ့်ကောက်ကွေး ပစ်ကျသွားပါတော့၏။

စိန်မှုန်သည် မျက်နှာပေါ် အုပ်ထားသည့်လက်ဝါးတို့ကို ဖယ်ကာ တံခါးဝဆီလှည့်ကြည့်လိုက်ရာ လူရိုင်းမည်းမည်းကြီးကို မတွေ့ရတော့ချေ။

"ဟင် ... ဟိုလူကြီး ဘယ်ရောက်သွားပါလိမ့်"

ထိုစဉ် ငါးပိကောင်သည် ကြမ်းပြင်ပေါ် ဖရိုဖရဲ လဲကျနေရာမှ လူးလဲထကာ အိမ်တံခါးဝဆီ ကြောက်လန့်တကြား ပြေးထွက်သွားပြီးနောက် –

"ဆရာသောင်း ... ဆရာသောင်း ... ထ ထ"

သူ့ဆရာသောင်းမြင့်ကို ဆွဲထူလျက် ခြံဝင်းထဲမှ အလျင်အလို ထွက်ပြေးရာ သောင်းမြင့်လည်း အိမ်ဘက်သို့လှည့်မကြည့်ဘဲ ငါးပိကောင်ဆွဲခေါ်ရာသို့ ကသုတ်ကရက်ပါသွားတော့၏။

"ဟော့ကောင် ရေဆင် ... ထ ထ သွားမယ်"

ရေဆင်လည်း သတိလစ်သလိုလိုဖြစ်သွားရာမှ သတိပြန်ရလာပြီး ကပျာကသီ လူးလဲထကာ သောင်းမြင့်တို့နောက်သို့

www.burmeseclassic.com



အူလျားဖားလျား လိုက်ပါသွားပါတော့သည်။

သောင်းမြင့်တို့ ခွေးပြေးဝက်ပြေး ထွက်ပြေးသွားကြပြီးနောက် စိန်မှုန်က သူမကို ကူညီကယ်တင်ခဲ့သည့် လူရိပ်မည်းမည်းကြီးကို ကျိုးကန်းတောင်းမှောက် ရှာဖွေကြည့်သော်လည်း အိမ်ထဲမှာရော အိမ်အပြင်မှာပါ ထိုလူရိပ်မည်းမည်းကြီးကို မတွေ့ရတော့ချေ။

တိတ်ဆိတ်ငြိမ်သက်သွားသည့်ဝန်းကျင်ကို ဟိုသည်အတန်ကြာကြည့်နေပြီးနောက် စိန်မှုန်က တံခါးရွက်ကို ပြန်ပိတ်ကာ အတွင်းမှချက်ထိုးလိုက်လေသည်။

ပြီး ... သူမက တံခါးရွက်ကို ကျောမှီရပ်လျက် သက်ပြင်းချလိုက်တော့၏။

"ဟင်း ... တော်ပါသေးရဲ့၊ ဟိုမိစ္ဆာကောင် ရာဂဘီလူးရဲ့လက်ကနေ လက်မတင်ကလေး လွတ်သွားလို့ ... ငါ ... ငါ့ကို အစ်ကိုဘုန်းမြင့်မိုရ်က တစ်နည်းနည်းနဲ့ ကယ်လိုက်တာပဲဖြစ်မယ်၊ ကျေးဇူးပါပဲ အစ်ကိုဘုန်းမြင့်မိုရ်ရယ်"

* * *

အခန်း (၂)

နှုတ်ဆက်လက်ဆောင်

သိုက်ပြောင်းချိန်

မာယာကွန်ရက်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## နှုတ်ဆက်လက်ဆောင်

"စိန်မှုန် ... စိန်မှုန်"

"ဟော ... ကိုအောင်သိန်းတောင် ပြန်လာပြီပဲ"

အိမ်ရှေ့မှ လင်ဖြစ်သူ၏ ခေါ်သံကြားရသည်နှင့် စိန်မှုန်က မုန့်တင်ခုံရှေ့တွင် ခေါင်းဖြီးနေရာမှ ထကာ ဝမ်းသာအားရဖြင့် အိပ်ခန်းထဲမှ ကပျာကသီပြေးထွက်ရန် ဟန်ပြင်လိုက်သည်။

ကိုအောင်သိန်းက ကပြင်မှနေ၍ အိမ်ရှေ့အဆင့်ပေါ် လှမ်းတက်လိုက်ပြီးသည်နှင့် မိမိနေအိမ်၏ ညှော်ခန်းကို ကြည့်လိုက်မိသည်၌ အံ့အားတသင့်ဖြင့် မျက်ခုံးပင့်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟ . . . ညှော်ခန်းမှာ ကော်ဇောတွေ ဘာတွေခင်းလို့ ကြိမ်ထိုင်ခုံတွေ ဘာတွေနဲ့ပါလား။ ဒီလိုကြိမ်ထိုင်ခုံမျိုး သူကြီးရဲ့ အိမ်မှာပဲ ရှိတယ်''

ထိုစဉ် အိပ်ခန်းထဲမှ ခန်းဆီလိုက်ကာကိုမကာ အပြေး ကလေးထွက်လာသည့် မယားဖြစ်သူ စိန်မှုန်အားမြင်လိုက်ရသည် တွင် ပင့်ထားသော မျက်ခုံးတို့ကို ကြုတ်လိုက်မိတော့၏။

သူက ခါးပါထောက်လိုက်ပြီး မိန်းမဖြစ်သူကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

''စိန်မှုန် . . . မင်း ဒီထိုင်ခုံတွေနဲ့ ဟောဒီကော်ဇောကြီး ကို ဘယ်က ပိုက်ဆံနဲ့ ဝယ်တာလဲဟင်။ ပြီးတော့ . . . မင်းဝတ် ထားတဲ့ ဟောဒီအဝတ်အစားတွေက ဒီရွာမှာဆို သူကြီးကတော် ဒေါ်ငွေလှိုင်ပဲ ဝတ်နိုင်တာ၊ မင်း . . . ဒါတွေကို ဘယ်ကပိုက်ဆံနဲ့ ဝယ်သလဲ ပြောစမ်း''

စိန်မှုန်က သက်ပြင်းရှိုက်လိုက်သည်။ ပြီးမှ လင်ဖြစ်သူ ကို မျက်နှာချိုသွေးကာချော့သည်။

''ယောက်ျားရယ် . . . ခရီးရောက်မဆိုက် ဒေါကြီးမော ကြီးနဲ့၊ ဒါ . . . ဒါတွေကို ဘယ် ဘယ်ကပိုက်ဆံနဲ့ ဝယ်ရမှာလဲ။





စိန်မှုန်ရဲ့ ပိုက်ဆံနဲ့ပဲ ဝယ်ထားတာပေါ့။ အို . . . ဘယ်ကပိုက်ဆံ နဲ့ပဲ ဝယ်ဝယ် စိန်မှုန်တို့လင်မယား တင့်တင့်တယ်တယ် နေနိုင် ဖို့ပဲ အဓိကမဟုတ်လား ကိုအောင်သိန်းရဲ့''

''တော် . . . တိတ်စမ်း၊ နင့်သောက်ကျင့်ကို ငါမသိဘူး မှတ်လို့လား၊ နင့်လင်ငယ် ကြာကူရီကောင်သောင်းမြင့် ထောက်ပံ့ ထားတာတွေ မဟုတ်လား။ ဟင် ခွေးကောင်မ . . . နင် ငါမရှိ တုန်း သောင်းမြင့်နဲ့ မှောက်မထားတာ မသိဘူးမှတ်လို့လား။ ကဲဟာ . . . သစ္စာမဲ့ပြီး ဖောက်ပြန်ဦး''

''ဖြန်း''

''ဖြန်း''

''အ''

ကိုအောင်သိန်း၏ ပြင်းထန်သော ပါးရိုက်ချက်တို့ကြောင့် စိန်မှုန်မှာ ကြမ်းပြင်ပေါ် ပုံလဲကျသွားတော့သည်။

''နင့်ကို ငါ သတ်ချင်တယ်သိလား။ ငါ သတ်ချင် တယ်''

ကိုအောင်သိန်းမှာ ပြောရင်း ဒေါသထွက်သည်ထက် ထွက်လာကာ စိန်မှုန့်ဘေးတွင် ဒူးထောက်လိုက်ပြီး သူမ၏



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းကို ညှစ်တော့၏။

"သေစမ်း ...နင့်ကိုသတ်မယ် သတ်မယ်"

"အ အ မှား ...မှားမယ်၊ ကျွန် ...ကျွန်မကို အထင်မလွဲပါနဲ့ ...အစ် ...အစ်"

စိန်မှုန်သည် ကြောက်လန့်တကြားဖြင့် အားယူပြောရင်း အသက်ရှူကြပ်သည်ထက် ကြပ်လာသဖြင့် မျက်ဖြူလန်ကာ သတိလစ်လုလု ဖြစ်သွားရှာတော့သည်။

စိန်မှုန်၏ အသက်လုနေရာရှာသော မျက်နှာလေးကို အနီးကပ်မြင်နေရသည်မို့ ကိုအောင်သိန်းမှာ သနားသွားပြီး ညှစ်အားကိုလျှော့လိုက်တော့သည်။

ဒေါသခံပြင်းမှုတို့ကြောင့် စိတ်မထိန်းနိုင်ဖြစ်ပြီး အသေညှစ်သတ်ရန် ကြံရွယ်လိုက်သော်လည်း ဆယ်နှစ်ကျော်ကျော် ပေါင်းသင်းလာသည့် ချစ်ဇနီး၏ မချိမဆန့် ခံစားနေရရှာသည့် မျက်နှာလေးကို တွေ့ရသည့်တွင် မရက်စက်ရက်တော့ဘဲ သူမ၏လည်ပင်းမှ ညှစ်ထားသည့်လက်အား ဖယ်ခွာလိုက်တော့၏။

စိန်မှုန်သည် အသက်ကို အငမ်းမရရှူရှိုက်ရင်း ပါးပြင်တို့ထက်သို့ မျက်ရည်များ စီးလိမ့်ကျလာတော့သည်။





"တောက်"

အခဲမကြေဖြစ်နေသည့် ကိုအောင်သိန်းက စိန်မှုန်၏ မျက်နှာကိုမကြည့်ဘဲ တောက်တစ်ချက်ပြင်းစွာခေါက်ကာ ကြမ်းပြင်ကို လက်သီးဖြင့် ထိုးထည့်လိုက်တော့၏။ သြော် ဆံတစ်ပင်တင်း ချစ်ခြင်းမယား ရည်းစားလူလု အူနုကျွဲခတ်ဆို မဟုတ်ပါလား။

စိန်မှုန်က ကြမ်းပြင်ပေါ် ပက်လက်ကလေးဖြစ်နေရာမှ အသာလူးလဲထထိုင်လိုက်ပြီး မျက်ရည်အရွဲသားဖြင့် ချစ်လင်ကို ငေးကြည့်ရင်း ရှိုက်လျက်မှ ကြိုးစားရှင်းပြရှာသည်။

"ကို ...ကိုအောင်သိန်းရယ်၊ စိန် ...စိန်မှုန် ကျိန် ပြောပါတယ်ရှင်၊ ကျိန် ...ကျိန်ပြောပါတယ်၊ ရှင့်အပေါ် သစ္စာမှုပြီး ဖောက်ပြန်မိရင် ခုဘဝမှာ အသေဆိုးနဲ့သေရပြီး မကျွတ်မလွတ်သူဖြစ်ရပါစေရဲ့"

"ကျွန် ...ကျွန်မ ဘယ်တုန်းကမှ မဖောက်ပြန်ခဲ့ပါဘူးရှင်။ ဘယ်တော့မှလည်း သစ္စာမမဲ့ရပါဘူး"

"တော် ...တိတ် ...နင့်ကို ငါမယုံဘူး။ နင် ...နင်သွားတယ်ဆိုရင် ဟောဒီပစ္စည်းတွေကို ဘယ်ကရတဲ့ပိုက်ဆံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်သလဲ။ အဲဒါကိုပြော ... ပြောလေ''

ကိုအောင်သိန်းက စိန်မှုန်၏ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ညှစ်ခါရမ်းကာ ဒေါသတကြီးမေးတော့သည်။

စိန်မှုန်မှာ ခေါင်းကိုသာ တွင်တွင်ခါရမ်းလျက် ပါးပြင်ပေါ်သို့ မျက်ရည်တို့သာ တသွင်သွင်စီးကျနေတော့၏။

''အေး ... နင်မပြောနိုင်တော့ဘူးမဟုတ်လား။ အဲဒါနင် မရိုးသားလို့ပေါ့၊ ခွေးမ ... တိရစ္ဆာန်မ၊ တောက် ... ငါသတ်မိပြန်တော့မယ်''

ကိုအောင်သိန်းက ကြမ်းပြင်ကို လက်သီးဖြင့်တစ်ချက်ထိုးလိုက်ပြန်၏။

''ဒုံး''

ထို့နောက် သူက မတ်တပ်ရပ်လိုက်ကာ စလွယ်သိုင်းလွယ်ထားသည့် လွယ်အိတ်ဟောင်းကို ပခုံးမှ မ,ချွတ်ဖြုတ်လိုက်ပြီး အိမ်နံရံဆီသို့ ပစ်ပေါက်ထည့်လိုက်တော့သည်။

''ဒုံး''

လွယ်အိတ်က ခန်းစည်းထရံကို သွားမှန်ပြီး ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲပြုတ်ကျသွားကာ လွယ်အိတ်ထဲမှ ငွေစက္ကူများရော





အကြွေစေ့တို့ပါ ကြမ်းပေါ်သို့ ထွက်ကျကုန်တော့၏။

ပြီးလျှင် ကိုအောင်သိန်းက အိပ်ခန်းထဲသို့ ခြေသံပြင်းပြင်းဖြင့် ဝင်သွားတော့သည်။

စိန်မှုန်မှာသာ ငိုရှိုက်ရင်း ကျန်ရစ်ခဲ့ပါတော့သတည်း။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

“တောက် … အဲဒီစိန်မှုန်ဆိုတဲ့ကောင်မမှာ အစောင့်အရှောက် တစ်ခုခု ရှိပုံရတယ်ကွ။ ငါ ချွေးပြေးဝက်ပြေး ပြေးလာရတာ နှစ်ခါရှိပြီ”

“ဟုတ်တယ် ဆရာသောင်း၊ အစကတော့ ကျုပ်တို့ရဲ့ ဆရာသမား ညံ့လို့ ခံခဲ့ရတာလို့ထင်ထားတာ။ ဟိုးနေ့ညက ကျုပ်တို့ကိုယ်တိုင် ခံခဲ့ရတော့မှ အဲဒီကောင်မမှာ အစောင့်အရှောက် တစ်ခုခုရှိတယ်ဆိုတာကို လက်ခံလာမိတာ”

“ဟုတ်တယ် ရေဆင်ရေ၊ ငါလည်း နံ့ရိုးတွေ ကျိုးမတတ်ကို အီသွားခဲ့တာကွ။ ငါတို့ကို ဆော်လိုက်တဲ့ကောင်ကြီးက





ဘာကောင်ကြီးမှန်းကို မသိဘူးနော်”

“ဟုတ်ပ … ငါးပိကောင်ရာ၊ သူ့ကို ဓားနဲ့ထိုးတော့လည်း လေကိုထိုးမိသလို အငွေ့တွေကို ထိုးမိသလိုပဲကွ။ ဟာ တာတာကြီး၊ အမယ် … သူက လက်ပြန်ရိုက်လိုက်တော့ လူကို မီးပွင့်သွားတာပဲကွာ”

“ဟေ့ … ရေဆင်နဲ့ငါးပိကောင်၊ အဲဒီစိန်မှုန်ဆိုတဲ့ကောင်မ ထူးခြားနေတာတော့အမှန်ပဲကွ။ ငါ သင်းကို အပိုင်ကြံဖို့ ကြိုးစားတာ နှစ်ခါရှိပြီ။ နှစ်ခါစလုံးမအောင်မြင်ဘဲ ငါပဲ အထိနာပြီး ချွေးပြေးဝက်ပြေး ပြေးလာရတယ်ကွ။ ပြီးတော့ အဲဒီကောင်မမှာ ဘယ်လိုအစောင့်အရှောက်တွေ ရှိမှန်းမသိဘူး။ အဲဒီကောင်မ ဒီတစ်နှစ်အတွင်းမှာ ပြောင်ပြောင်ရောင်ရောင် ရှိလာတာ သတိပြုမိသလား”

“သတိပြုမိတာပေါ့၊ ကျုပ်တို့က ဆရာသောင်း ထောက်ပံ့ပေးထားတယ်ထင်နေတာဗျ”

“ထပ် … ဘယ်ကဟုတ်ရမှာလဲကွ။ အဲဒီကောင်မကို ငါ ဘယ်လိုမှ စည်းရုံးလို့မရတာ မင်းတို့အသိသားပဲ။ ငွေပေးလို့လည်းမရ ချွေပေးလို့လည်းမရတဲ့ ဟာမ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျားအပေါ် သစ္စာရှိလို့လည်း ဖြစ်မှာပေါ့"

"မသိပါဘူးကွာ၊ ငါတော့ အဲဒီကောင်မနဲ့ကျမှ နှုပ်ပစ်ခံရတော့တာပါပဲ"

"ဒါဆို ဆရာသောင်းက စိန်မှုန်ကို လက်လျှော့လိုက်ပြီပေါ့ ဟုတ်လား"

"အဲဒီကောင်မကို ငါက အခုဆို တပ်မက်တာထက် စိတ်ဝင်စားတာပိုနေတယ်ကွ။ အဲဒီကောင်မ သူ့လင် ပင်လယ်ထွက်နေတုန်း နှစ်လတစ်ခါလောက် ဘိုကလေးကို ရွာက ဈေးဝယ်အဖွဲ့တွေနဲ့ လိုက်လိုက်သွားတတ်တယ်ကွ။ အဲဒီဘိုကလေးမှာများ သူ့ကို ထောက်ပံ့နေတဲ့လင်ငယ် ရှိသလား မသိဘူးကွ"

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ဆရာသောင်း။ ဘာဖြစ်လို့လဲဆိုတော့ စိန်မှုန် အတူလိုက်သွားတဲ့ ဈေးဝယ်အဖွဲ့ထဲမှာ ကျုပ်ရဲ့အစ်မဝမ်းကွဲ ဒေါ်နွဲ့တို့ ဒေါ်တင်ရီတို့ပါ ပါတယ်ဗျ။ ဘိုကလေးမှာလည်း စိန်မှုန်ဟာ သူတို့နဲ့အတူ အမြဲရှိနေတယ်တဲ့။ ရှုပ်ရှုပ်ထွေးထွေးလုပ်တာတွေ မရှိပါဘူးတဲ့။ ခရီးအသွားအပြန်မှာရော စားတဲ့နေရာ အိပ်တဲ့နေရာတွေမှာ အတူတူပဲတဲ့။





ဈေးထဲမှာတော့ ကိုယ့်ဘာသာကြိုက်တာဝယ်ခြမ်းရင်း ခဏပဲ လူစုကွဲတာတဲ့။ ဒါကြောင့် စိန်မှုန်ဟာ ဘိုကလေးမှာလည်း ဘာ အဆက်အသွယ်မှ ရှိပုံမရဘူးတဲ့"

"အေးကွာ ... ဒါဆို စိန်မှုန်ဟာ ရွှေငွေတွေကို အခြား ဟာစ်နေရာရာက ရနေတာပဲဖြစ်ရမယ်"

"သူ့မှာ သိုက်အဆက်တွေ ရှိချင်ရှိမှာပေါ့ ဆရာသောင်း ရဲ့၊ သူ့သိုက်အဆက်က ထောက်ပံ့နေတာရော မဖြစ်နိုင်ဘူးလား"

"မသိပါဘူးကွာ၊ အဲဒီစိန်မှုန်ဆိုတဲ့ကောင်မဟာ ထူး ခြားနေတာတော့ အမှန်ပဲကွ။ ဆက်ပြီး လေ့လာရမယ်။ လစ်ရင် တော့ ထပ်ဆွဲရမှာပဲ။ ကဲ ... ချ ချ လိုရင်ထပ်မှာ"

တစ်ညနေခင်း ရွာတောင်ပိုင်းမှ ပိုးဟပ်ဖြူ၏ခနီရည်ဆိုင် ဝင်းထောင့်ရှိ စပယ်အိုးပုတ်ပန်းရုံနံဘေးမှ ဖျာကြမ်းပေါ် ခြေပစ် လက်ပစ်ထိုင်ကာ ခနီရည်မော့နေကြရင်းမှ သူတို့မရှုမလှ ခံလာရ တို့ကို မြိန်ရေယှက်ရေ ပြောနေကြသည်က သူကြီးသား သောင်း နှင့်တို့အဖွဲ့ပဲ ဖြစ်ပါ၏။ သူတို့၏ပြောစကားများကို မလှမ်းမကမ်း ချုံတစ်ချုံနောက်တွင် ဆီးသွားနေရာမှ ခပ်သဲ့သဲ့ကြားလိုက်ရ သည်က ကိုဦး (ခေါ်) စိုးဦးပဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးဦးမှာ ယင်းဓနိရည်ဆိုင်တွင် တစ်ဦးတည်း ဓနိရည်လာသောက်ရင်း ဆီးထသွားရာမှ သောင်းမြင့်တို့ပြောသည့်စကားများကို အမှတ်မထင် ကြားလိုက်မိခြင်း ဖြစ်သည်။

✳

BURMESE CLASSIC .com

"သူငယ်ချင်းအောင်သိန်း ... ငါကြားခဲ့တဲ့စကားအရဆိုရင်တော့ မင်းရဲ့မိန်းမ စိန်မှုန်နဲ့ သူကြီးသားသောင်းမြင့်တို့ဖြစ်နေကြတယ်ဆိုတာ မဟုတ်ဘူးကွ"

နောက်နေ့တွင် ကိုဦး (ခေါ်) စိုးဦးက ကိုအောင်သိန်းကိုရွာအပြင်မှ ဇရပ်သို့ခေါ်သွားပြီး ဓနိရည်ဆိုင်တွင် ကြားခဲ့ရသမျှကို ပြန်ပြောပြခဲ့သည်။

ကိုဦး၏စကားဆုံးတော့ ကိုအောင်သိန်းက ဇရပ်တိုင်တစ်တိုင်ကို မှီထိုင်နေရာမှ ရှိုးပြတ်လယ်ကွင်း၏အဝေးရှိ မိုးကုတ်စက်ဝိုင်းဆီငေးကြည့်ရင်း သက်ပြင်းကြီးမှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ လေးလေးပင်ပင်ဖြင့်ပြော၏။

"အေးကွာ ... ကိုဦး။ မင်းကိုယ်တိုင် ကြားခဲ့ရတယ်ဆိုတော့လည်း ငါ ယုံရတော့မှာပေါ့။ တော်သေးတာပေါ့ကွာ၊ ငါ့မိန်းမကို ငါ သတ်မိတော့မလို့"

"အင်း ... ငါလည်း မှားသွားတယ်။ တစ်ရွာလုံးပြောနေကြတဲ့စကားကို အဟုတ်မှတ်ပြီး မင်းကို တို့မီးရှို့မီး လုပ်ပြောသလို ဖြစ်သွားတယ်။ ဒါပေမဲ့ သောင်းမြင့်က မင်းရဲ့မိန်းမကိုကြာကူရိုက်ဖို့ ကြိုးစားခဲ့တာတော့ အမှန်ပဲကွ။ နှစ်ကြိမ်ကြိုးစားတာ နှစ်ကြိမ်စလုံး မအောင်မြင်ခဲ့ဘူးတဲ့။ သူကိုယ်တိုင်သူ့ပါးစပ်က ပြောတာလေ"

"အဲဒီကောင်က မိစ္ဆာကောင်ပဲ၊ ငါတို့ရွာထဲမှာ သူမကြံဘူးတဲ့မိန်းမဆိုလို့ သူ့အမေပဲရှိတယ်၊ မပြောလိုက်ချင်ဘူး"

"အဲဒီကောင်က တစ်ချိန်ကျရင် သူ့စားရိတ်နဲ့သူ သွားမယ့်ကောင်ပါကွာ"

"ဒါပေမဲ့ ... အဲဒီမိစ္ဆာကောင် ကိုယ်ထိလက်ရောက်ကြံစည်တာကို ငါ့မိန်းမက ဘာဖြစ်လို့ ပြန်မပြောပြရတာလဲ။ အဲဒါကိုတော့ ငါမကျေနပ်ဘူး"





"သြော် ... ဒါကတော့ စိန်မှုန်က မင်းနဲ့သောင်းမြင့်ပြဿနာ ကြီးကြီးမားမားဖြစ်မှာစိုးလို့ ဖြစ်မှာပေါ့ကွာ"

"ဒါထက် နေပါဦး ... မင်းပြောသလိုဆို ငါ့ရဲ့မိန်းမမှာအစောင့်ရှိတယ်တဲ့လား"

"သောင်းမြင့်တို့ ပြောနေကြတာပဲကွ"

"အဲဒီကောင်တွေက အမြဲမူးနေတဲ့ကောင်တွေ။ မူးရူးပြီးမြင်ချင်ရာမြင် ဖြစ်ချင်ရာဖြစ်တာရော မဖြစ်နိုင်ဘူးလား"

"အဲဒါတော့မသိဘူး၊ အကောင်းဆုံးကတော့ မင်းရဲ့မိန်းမကို မင်းမေးကြည့်၊ သူအသိဆုံးဖြစ်လိမ့်မယ်"

"ဟုတ်တယ် ... ငါ သူ့ကိုပဲမေးရမယ်။ ကဲ ... ငါတို့ရွာထဲပြန်ဝင်ကြရအောင်"

※



www.burmeseclassic.com

www.burmeseclassic.com

"စိန်မှုန် ... နင် ငါ့ကိုမပြောနိုင်ဘူးလား။ နင် ငွေတွေ ဘယ်ကရရနေတာလဲ"

တစ်ညနေခင်းတွင် လင်မယားနှစ်ယောက် အိမ်ရှေ့ ကပြင်တွင် အေးအေးလူလူ ထိုင်နေကြရင်း စိတ်လက်ကြည် သာ ရှိနေကြခိုက် ကိုအောင်သိန်းက စိန်မှုန်ကို ချော့မေးရန် ကြိုးစားလိုက်သည်။

သို့သော် စိန်မှုန်က ခေါင်းကိုသာ ဖြည်းဖြည်းရမ်းပြ လိုက်၏။

"ငွေတွေ ဘယ်ကရသလဲဆိုတာက အရေးမကြီးပါဘူး





ကိုအောင်သိန်းရယ်၊ အရေးကြီးတာက အဲဒီငွေတွေဟာ သန့်ရှင်း နေဖို့ပဲ မဟုတ်လား၊ ပထမအချက် ကျွန်မဟာ ကိုအောင်သိန်း အပေါ်မှာ သစ္စာမမဲ့ဘူး၊ အိမ်ထောင်ရေး မဖောက်ပြန်ဘူး။ ဒုတိယအချက် ကျွန်မရတဲ့ငွေတွေဟာ အင်မတန် သန့်ရှင်း တယ်၊ ကဲ ... ဒါဆို ပြီးရောမဟုတ်လား"

"နင်ပြောတာ တကယ်ပဲလား စိန်မှုန်"

"တကယ်ပါ ... ကျိန်ဆို စိန်မှုန် ကျိန်ပြပါ့မယ်၊ ကိုအောင်သိန်းအပေါ်မှာ စိန်မှုန် ဘယ်တုန်းကမှ သစ္စာမဖောက် ခဲ့ဘူး။ ပြီးတော့ ကျွန်မ ရတဲ့ငွေတွေဟာ သန့်ရှင်းစွာ ရတဲ့ငွေတွေ ပါ။ အဲဒီစကားနှစ်ခွန်းမမှန်ခဲ့ရင် ကျွန်မဟာ ဒီဘဝမှာ အသေ ဆိုးနဲ့ သေရတဲ့အပြင် မကျွတ်မလွတ် ဖြစ်ရပါစေရဲ့။ ကဲ ... အဲဒီလို ကျိန်ပြောလိုက်တယ် ယုံပြီလား"

ကိုအောင်သိန်းမှာ သက်ပြင်းကိုသာ ချနေမိတော့၏။

ယင်းနောက်ပိုင်း ကိုအောင်သိန်းသည် သူ့မယားကို လက်မြှောက်လိုက်တော့၏။ ဘာမျှ မမေး၊ ဘာမျှမပြောတော့။

သူကမူ ငါးဖမ်းစက်လှေနှင့် လိုက်မြဲတိုင်းလိုက်သည်။ သူတို့စက်လှေ ရွာသို့ပြန်ဝင်လာတိုင်း သူတို့၏အိမ်လေးမှာ အစုံ

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပစ္စည်းတို့ ပြည့်စုံသည်ထက်ပြည့်စုံလာကာ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရ၏။

အိမ်ထဲမှအိမ်ပြင် ထွက်ခဲ့သည့် စိန်မှုန်၏အနေတည်မှုကြောင့် စွပ်စွပ်စွဲစွဲပြောသူတို့၏ပါးစပ် ပိတ်သွားသည်။

သမာသမတ်ရှိသည့် ရွာလူကြီးအချို့ကမူ လင်က အလုပ်ကြိုးစားပြီး မယားက ခြိုးခြံချွေတာကာ အစုအဆောင်းကောင်းသဖြင့် သူတို့လင်မယားဘဝ တိုးတက်ခြင်းဖြစ်သည်ဟု ပြောဆိုကြ၏။

သားဖြစ်သူ လှုရဲ ဆယ့်ငါးနှစ်သားအရွယ်တွင် စိန်မှုန်က သူမတို့၏ ပျဉ်ထောင်အိမ်လေးကိုဖျက်ကာ အုတ်ပတ်ကားတက် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးအဖြစ် ဆောက်လိုက်သည်။

သားလှုရဲကို ရွာပြန်ခေါ်ကာ ရွာဦးကျောင်း၌ ရှင်ပြုပြီး သင်္ကန်းစည်းပေးလိုက်၏။

ထိုရှင်ပြုအလှူပွဲတွင် ရေစက်ချတရားနာသည့်အခါ သူမ၏နှုတ်မှ တိုးတိုးဖွဖွရွတ်ကာ စိန်မှုန်က ဘုန်းမြင့်မိုရ်ကို ရည်းစူးလျက် အမျှအတန်းဝေသည်။

''အစ်ကိုဘုန်းမြင့်မိုရ်ရေ ... အစ်ကို့ရဲ့ပံ့ပိုးမှုတွေနဲ့ အလှူကြီးအတန်းကြီး ပြုလုပ်ပါတယ်။ ယခုပြုသမျှကုသိုလ်ရဲ့ အဖို့ဘာဂကို အမျှဝေပါတယ်၊ အစ်ကို သာဓုခေါ်နိုင်ပါစေ ... အစ်ကိုရေ အမျှ အမျှ အမျှ''

ယင်းရှင်ပြုပွဲပြီးနောက် ရှစ်လခန့်အကြာမှာပင် ဆောင်းသည်ယံ၌ စိန်မှုန်တို့လင်မယား အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ နှင်းတောထဲတွင်ရပ်နေသည့် ဘုန်းမြင့်မိုရ်က သူမကို လှမ်းခေါ်သည်ဟု မြင်မက်လေ၏။

''နှမ နှမ ... ညီမငယ် စိန်မှုန် စိန်မှုန်''

ထိုသို့ခေါ်သံသဲ့သဲ့ကို ထပ်ခါထပ်ခါ ကြားရသည်တွင် စိန်မှုန် လန့်နိုးသွားတော့သည်။

ယင်းသို့ သူမလန့်နိုးသည့်တိုင် ခေါ်သံသဲ့သဲ့ကို ကြားနေမြဲဖြစ်သည်။

''စိန်မှုန် ... စိန်မှုန်၊ နှမ ... နှမလေး ညီမငယ်''

''အို ... အိမ်အောက်ထပ်က ခေါ်သံပါလား။ အစ်ကို အစ်ကိုဘုန်းမြင့်မိုရ်ရဲ့ခေါ်သံပဲ''

မည်သည့်အခါမျှ ညဉ့်နက်သန်းခေါင်ယံတွင် ဘုန်းမြင့် တစ်ယောက် မလာစဖူး အလာထူးသဖြင့် စိန်မှုန်က ထူးခြား







www.burmeseclassic.com

www.burmeseclassic.com



သည့်ဟု ယူဆကာ အိပ်ရာခုတင်ပေါ်မှ အသာဆင်းပြီး အိပ်ခန်း ထဲမှ ခြေဖော့နင်းထွက်လာခဲ့သည်။

သူမက အိမ်ပေါ်ထပ် ဝရန်တာဆီ ဦးစွာထွက်လိုက်ပြီ အိမ်ရှေ့အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ ဆင်ဝင်ရှေ့ စွယ်တော် ပင် အုတ်နံ့ဘေး၌ ရပ်လျက် သူမကိုမော့ကြည့်နေသည့် ဘုန်း မြင့်မိုရ်ကို မင်းညီမင်းသားသဖွယ် တောက်လက်နေသည့် အဝတ် အစားတို့ဖြင့် တွေ့ရ၏။

နှင်းလွှာကိုဖြတ်ကာ မှုန်မှုန်ဖွေးဖွေးကျရောက်နေသည့် လဆန်းလရောင်အောက်ဝယ် ခြေစုံရပ်မော့ကြည့်ရင်း ဘုန်းမြင့်မိုရ် က သူမကို တိုးတိုးဖွဖွ လှမ်းခေါ်နေသည်။

“နှမ ... နှမငယ် ... စိန်မှုန် စိန်မှုန်”

စိန်မှုန်က လက်ကလေးတစ်ဖက် ဝှေ့ယမ်းပြလိုက်ပြီ နောက် ဝရန်တာမှခွာကာ အိမ်ထဲသို့ ပြန်ဝင်သည်။ ပြီးတော့ ... စကြံအတိုင်း ခြေဖော့နင်းလျက် ခပ်သွက်သွက်လျှောက် နံရံကပ် မှန်အိမ်မီးမှိန်မှိန်လေးများ၏ အလင်းပျပျ အားပြုကာ ကျွန်းလှေကားကြီးမှ အောက်ထပ်သို့ ဆင်းသည် ပြီးတော့ ဧည့်ခန်းမကြီးကိုဖြတ်ကာ အိမ်ရှေ့တံခါး





ချက်ဖြုတ်ဖွင့်လိုက်၏။

သူမ ပေါ်တီကိုအောက်မှ ဖြတ်ထွက်လိုက်သည်တွင် လရောင်အောက်၌ ငေးငေးငူငူရပ်နေသည့် ဘုန်းမြင့်မိုရ်၏အနီးသို့ ရောက်သွားသည်။

“အစ်ကို ... ညကြီးအချိန်မတော် ဘာကိစ္စအတွက် လာတာလဲဟင်၊ မျက်နှာလည်းမကောင်းပါလား၊ ဘာများ ဖြစ်လာလို့လဲ အစ်ကို”

ဘုန်းမြင့်မိုရ်က ရုတ်တရက် ဘာမျှမပြောဘဲ လရောင် အောက်မှ သူမကိုသာငေးရီကြည့်နေ၏။ ဘုန်းမြင့်မိုရ်၏ခေါင်းမှ ပိုးပဝါစက ဆောင်းလေအဝှေ့ဝယ် တဖျပ်ဖျပ်လှုပ်နေသည်။

သူက လည်ပင်း၌ ပုလဲလုံးကို ဆင်မြန်းထားပြီး ရွှေစ လွယ်တစ်ခုကိုလည်း ပခုံးမှနေ၍ ကန့်လန့်ဖြတ်လွယ်ထား၏။ ရွှေလက်ပတ်များဖြင့် သူ့သွင်ပြင်က ခါတိုင်းထက် တောက်ပ ကျော့မော့လို့နေသည်။

သို့သော် သူ၏မျက်နှာချောချောကမူ လရောင်အောက်၌ သိသာစွာ ညှိုးလျလျက်ရှိ၏။ ခဏကြာငိုင်နေပြီးမှ သူက တိုးလျ လျပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နုမငယ် ... အစ်ကို နုမငယ်ကို လာနှုတ်ဆက်တာ ကွဲ့"

"အို ... နှုတ်ဆက်တာဟုတ်လား၊ ဘာ ... ဘာဖြစ်လို့ နှုတ်ဆက်တာလဲဟင်။ အစ်ကိုက ဘယ်ကိုသွားမှာမို့လဲ"

"နုမငယ်ရဲ့သားလေး ရှင်ပြုအလှူမှာ နုမငယ်က အစ်ကို့ကိုရည်စူးပြီး အမျှဝေခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ အစ်ကို၊ အဲဒီအလှူဟာ အစ်ကို့ရဲ့ ပေးကမ်းထောက်ပံ့မှုတွေနဲ့ လှူခဲ့တဲ့အလှူပါပဲ အစ်ကို၊ ဒါကြောင့် အဲဒီအလှူပွဲဟာ အစ်ကို့ရဲ့အလှူပွဲပါပဲ"

"အင်း ... အဲဒီတုန်းက နုမငယ် အမျှဝေတာကို အစ်ကိုနဲ့အပေါင်းအဖော်တွေ အမျှရခဲ့တယ်။ အဲဒီလို သာဓုခေါ်ခွင့် ရလို့လည်း အစ်ကိုဟာ ဘဝတစ်ဆင့် မြင့်သွားခဲ့ရပြီ နုမရဲ့ အဲဒီလို တစ်ဆင့်မြင့်သွားတာနဲ့ ဒီဒေသကိုခွာပြီ ဒီထက်မြင့်တဲ့ အရပ်ဒေသဆီ ပြောင်းရွှေ့ရတော့မယ်လေ"

"ဟင် ... အစ်ကိုက ဘယ်ကို ပြောင်းရမှာလဲဟင်"

"ဒီထက်မြင့်တဲ့အရပ်ဒေသတစ်ခုဆီပဲပေါ့ကွယ်။ ဘယ်ဒေသဆိုတာတော့ အစ်ကို့မှာ ပြောခွင့်မရှိပါဘူး"





စိန်မှုန် သက်ပြင်းရှိုက်လိုက်မိတော့၏။

သူမအနေဖြင့် သူမအပေါ် လွန်စွာကောင်းလေသော ဘုန်းမြင့်မိုရ်ကို အစ်ကိုအရင်းသဖွယ် အားကိုးချစ်ခင်လျက်ရှိပြီမို့ ခွဲခွာမသွားစေလိုပါ။

သို့သော် ... သူမ အမျှဝေသည်ကို အမျှရ သာဓုခေါ်နိုင်ခဲ့သဖြင့် ယခုလိုဘဝမျိုးမှ မကျွတ်လွတ်သေးသည့်တိုင် ဘဝအဆင့် မြင့်သွားသည်ဟု ဆိုသဖြင့်မူ ဝမ်းပန်းတသာ မုဒိတာပွားမိပါသည်။

"ဒီနေ့ ညနေမှာပဲ အထက်ပုဂ္ဂိုလ်တို့ကနေ အစ်ကိုတို့ကို ပြောင်းရွှေ့ဖို့ အမိန့်ချမှတ်လိုက်တယ် နုမငယ်၊ ဒါကြောင့် ... ဒီည လွန်မြောက်ပြီး မိုးသောက်စပြုချိန်မှာပဲ အစ်ကိုတို့ ပြောင်းရတော့မယ် ...၊ ဒါကြောင့် နုမငယ်ကိုလာပြီး နှုတ်ဆက်ရတာပါပဲကွယ်၊ ပြီးတော့"

ဘုန်းမြင့်မိုရ်က စိန်မှုန်ကို အတန်ကြာစိုက်ကြည့်နေပြီးမှ စကားကိုဆက်သည်။

"ပြီးတော့ ... ငါ့နုမကို နောက်ဆုံးလက်ဆောင်အနေနဲ့ များများပေးခဲ့ချင်တယ်၊ အားလုံးပေးခွင့်မရှိပေမယ့် ငါ့နုမကို



www.burmeseclassic.com

www.burmeseclassic.com



များများရစေချင်တယ်''

''အစ်ကိုရဲ့စေတနာကို စိန်မှုန် လေးလည်းလေးစား တယ်။ ကျေးဇူးလည်း သိပ်တင်ပါတယ် အစ်ကို။ စိန်မှုန်ကို အစ်ကိုပေးခဲ့တာလည်း များလှပါပြီ''

''ဟုတ်တယ် ... နုမငယ်၊ ဒါပေမဲ့ အစ်ကိုနောက် ထပ် ငါ့နုမကို ပေးနိုင်တော့မှာ မဟုတ်ဘူး။ ပြန်ဆုံဖို့တောင် လွယ်မယ်မထင်ဘူး ...၊

ဒါကြောင့် ဒီညလွန်မြောက်ပြီး မိုးမသောက်မီမှာပဲ ငါ့နုမ ဒီမြို့ရဲ့မြောက်ဘက် တောအုပ်ထဲက ရင်းတိုက်ပင်ကြီးအောက်မှ အပင်ကိုကွယ်ပြီး စောင့်နေပါ။ ဓားရှည်တစ်လက်လည်း ယူလာခဲ့ပါ ...၊

အစ်ကိုတို့ သိုက်ပြောင်းလာတဲ့အခါ ဘာစကားမှ မပြောဘဲ စောင့်ကြည့်နေပါ။ ပန်းရထားနဲ့ အစ်ကိုတို့ သိုက် ပြောင်းလာပြီး ရင်းတိုက်ပင်ကြီးအောက်က ဖြတ်ရတဲ့အခါ ပန်းရထားကို ဓားနဲ့ရအောင် ပိုင်းခုတ်လိုက်ပါ။ ငါ့နုမငယ် ပန်း ရထားကို ခုတ်ဖြတ်ယူနိုင်သလောက် အကျိုးအမြတ်ရမှာပဲကွဲ၊

ကဲ ကဲ ... အစ်ကိုပြန်ချေဦးမယ်။ ငါ့နုမကို နှုတ်ဆက်





ခဲ့ပါတယ်ကွယ်၊ အစ်ကိုမှာတာတော့ မမေ့နဲ့နော်''

''ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကို''

ဘုန်းမြင့်မိုရ်က အတန်ကြာစိုက်ကြည့်နေပြီးနောက်မှ ... ခပ်ဖြည်းဖြည်းလှည့်ကာ ခြံဝဆီ လှမ်းလျှောက်သွားတော့ ၏။

လျှောက်ရင်း လျှောက်ရင်း မြူနှင်းမှုန်တို့အကြားတွင် ဘုန်းမြင့်မိုရ် ပျောက်ကွယ်သွားသည်ကို စိန်မှုန် ငေးရီကြည့်နေမိ တော့သည်။

''အင်း ... အစ်ကိုဘုန်းမြင့်မိုရ်ကတော့ ငါ့ကို တကယ် ပဲ နှုတ်ဆက်သွားခဲ့ပြီ၊ သူ့ဘဝ အဆင့်မြင့်သွားဖို့အတွက် ငါ့ကို ခွဲခွာသွားရတာပဲလေ၊ ငါ ... ငါ ... ကျေနပ်ပါတယ်၊ ကျေနပ်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ် အစ်ကိုရယ်''

လရောင်အောက်တွင် အတန်ကြာရပ်နေပြီးမှ ပါးပြင် ထက်သို့ စီးလိမ့်ကျလာသည့် မျက်ရည်တို့ကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီးနောက် ခန္ဓာကိုယ်လေးကို အိမ်ဘက်လှည့်လိုက်စဉ် အိမ်ပေါ်ထပ် ဝရန်တာဆီသို့ အမှတ်မထင် မော့ကြည့်လိုက်မိ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



''အို''

ဝရန်တာထက်တွင် တစ်စုံတစ်ဦးက ရပ်နေပြီး သူမကို စောင့်ငုံ့ကြည့်နေသည်ပဲ။

***



## သိုက်ပြောင်းချိန်

စိန်မှုန် ကျွန်းလေ့ကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်လာတော့ လှေကားထိပ်တွင် မျက်မှောင်ကြုတ်လျက် ခါးထောက်ရပ်နေသည့် လင်ယောက်ျားဖြစ်သူကို တွေ့ရလေသည်။

''စိန်မှုန် . . . ငါ အိပ်ရာကတရေးနိုးလာတော့ နင့်ကို မတွေ့တာနဲ့ထရှာတာ၊ နင်က ခြံထဲဆင်းသွားပြီး ဘယ်သူနဲ့ စကားပြောနေတာလဲ''

စိန်မှုန် သက်ပြင်းရှိုက်လိုက်သည်။ မည်သို့ဖြေရမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



“ပြောလေ စိန်မှုန်၊ နင် လက်ဟန်ခြေဟန်နဲ့ တစ်ယောက်ယောက်ကို စကားပြောနေတယ်။ အစ်ကိုလို့ နင်ခေါ်လိုက်သံကိုလည်း ကြားရတယ်။ အဲဒီကောင်က ဘယ်သူလဲ”

ကိုအောင်သိန်းက မေးရင်း ဒေါသထွက်လာသဖြင့် အသံက ပိုကျယ်လာသည်။ စိန်မှုန် ဘာမျှမပြောဘဲ မတုန်မလှုပ်လုပ်နေပုံကြောင့် သူ ဒေါသပိုကြီးလာရ၏။

“ဟဲ့ ... ပြောလေ စိန်မှုန်၊ နင် ငါ့ကို လှည့်ဖြားပြန်ပြီလား၊ နင် ငါ့ကို ကျိန်ကျိန်ပြီးပြောနေလို့ ငါက နင့်ကိုယုံပြီ၊ မျက်စိပိတ် နားပိတ်နေလာခဲ့ရတာ၊ အခု ငါ အိပ်ပျော်နေတုန်း၊ နင် ခြံထဲကို ဆင်းသွားတယ်။ အကောင်တစ်ကောင်နဲ့ သွားတွေ့တယ်။ နင်တို့ ဘာပြောနေသလဲဆိုတာတော့ ငါ သဲသဲကွဲကွဲ မကြားရဘူး။ အစ်ကိုလို့ အဲဒီကောင်ကို နင်ခေါ်လိုက်တာတော့ ငါ သဲ့သဲ့ကြားလိုက်ရတယ်။ အဲဒီကောင်ကတော့ ပန်းရုံတွေရဲ့ အရိပ်နဲ့ ကွယ်နေသလားမသိဘူး။ သူ့ကို ငါမမြင်ရဘူး။ နင့်ကိုတော့ အတိုင်းသား တွေ့နေရတယ်။ နင် ပြောင်လိမ်မနေနဲ့ နင် အစ်ကိုလို့ ခေါ်တဲ့ကောင်ဟာ ဘယ်သူလဲ၊ ဘယ်သူလဲ ... ပြောစမ်း”





စိန်မှုန်က သက်ပြင်းထပ်ရှိုက်လိုက်ပြီးမှ –

“ကိုအောင်သိန်းရယ် ... ကျွန်မ ရှင့်ကို မလှည့်ဖြားပါဘူး။ ဘယ်တုန်းကမှလည်း မလှည့်ဖြား မကောက်ကျစ်ခဲ့ပါဘူး။ ဒါကိုတော့ ယုံပါ၊ ကျွန်မ ကျိန်ပြောဆိုပြောပါ့မယ်”

“တော်ပြီ ... မကျိန်နဲ့။ နင်ကျိန်တာလည်း ငါမယုံတော့ဘူး။ နင်ပြောတာမှန်သမျှ မယုံတော့ဘူး။ နင်ဝန်ခံပါ စိန်မှုန်။ နင် တစ်ယောက်ယောက်နဲ့ စကားပြောနေတယ် မဟုတ်လား”

“ဟုတ်တယ် ... တစ်ယောက်ယောက်နဲ့စကားပြောနေခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ ... အဲဒီဟူဟာ ဘယ်သူလဲဆိုတာ တော့ ကျွန်မ မပြောနိုင်ပါဘူး”

“ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ။ အဲ ... အဲဒီကောင်က နင့်ရဲ့ တိတ်တိတ်ပုန်း လင်မို့လို့လား”

“အို ... မိုးကြိုးတွေတော့ပစ်ကုန်တော့မှာပဲ ကိုအောင်သိန်းရယ်၊ ရှင် ရမ်းသမ်းပြီး မစွပ်စွဲပါနဲ့”

“အဲဒါဆို ပြောလေ၊ အဲဒီကောင်ဟာ ဘယ်သူလဲ။ ယောက်ျားအိပ်ပျော်နေတဲ့အချိန်မှ လင်ယောက်ျားမသိအောင်



www.burmeseclassic.com

www.burmeseclassic.com



နင် ခြံထဲဆင်းသွားတယ်၊ ပြီးတော့ အခြားယောက်ျားတစ်ယောက်နဲ့ ခြံထဲမှာ တွေ့တယ်။ နင့်ရဲ့လုပ်ရပ်က သိပ်ကို တရားလွန်နေပြီ သိရဲ့လား။ နင်မပြောရင် နင့်ကို မနက်ကျ သူကြီးဆီခေါ်သွားပြီး နင့်ရဲ့အဖြစ်ကို တစ်ရွာလုံးသိအောင် ဖွင့်ချပစ်မယ်။ နင့်ကိုလည်းကွာမယ်''

ပြောသည့်အတိုင်း ကိုအောင်သိန်း တကယ်လုပ်မည်ကို စိန်မှုန်သိသည်။ သူကြီးရှေ့မှာသာ ဖွင့်ချခဲ့လျှင် မိမိတို့၏အဖြစ်ကို တစ်ရွာလုံးသိသွားပြီး အရှက်ကြီးစွာရတော့မည်။ မိမိကိုမျှော်မထားသော မိန်းမယုတ်အဖြစ် တစ်ရွာလုံးက စွပ်စွဲရှုတ်ချမည့်အပြင် လင်ပစ်မဘဝရောက်ရတော့မည်။ ထိုသို့ဖြစ်ပါက မိမိအနေဖြင့် ဤရပ်ဤရွာတွင် ဆက်လက်နေ၍ ဖြစ်မည်မဟုတ်တော့ပေ။

လင်မယားကွဲမည့်အပြင် မြို့၌ ကျောင်းတက်နေရသည့် သားလေးလူရဲ၏ဂုဏ်သိက္ခာကိုပါ တစ်သက်လုံး ညှိုးနွမ်းစေမည့် အမည်းစက်ကြီး ဖြစ်ရတော့မည်။

ဘယ်ဘက်ကကြည့်ကြည့် . . . ရလဒ်က မကောင်းပါချေ။





''အင်း . . . အဲဒီလို မိသားတစ်စုလုံး အရှက်တကွဲအကျိုးနည်းဖြစ်ရတာထက်စာရင် ကိုအောင်သိန်းကို ဖြစ်ရပ်မှန်ဖွင့်ပြောလိုက်တာကမှ တော်ဦးမယ်။ အစ်ကိုဘုန်းမြင့်မိုရ်ကို ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးထားမိပေမယ့် မတတ်နိုင်ဘူး။ ငါ ကိုအောင်သိန်းကို အမှန်အတိုင်း ဖွင့်မပြောလို့ မဖြစ်တော့ဘူး။ ပြီးတော့ . . . အစ်ကိုဘုန်းမြင့်မိုရ်တို့ သိုက်ပြောင်းတဲ့အခါ အစ်ကိုဘုန်းမြင့်မိုရ်ပြောသလို သိုက်ပြောင်းတဲ့ပန်းရထားကို ဓားနဲ့ခုတ် ဖြတ်ယူဖို့ဆိုတာ ငါလုပ်နိုင်မယ့်အလုပ်မျိုးမဟုတ်ဘူး။ အားကောင်းမောင်းသန် ယောက်ျားတစ်ယောက်လုပ်မှ ဖြစ်မှာ။ အဲဒီလို အားကောင်းမောင်းသန် ယောက်ျားတစ်ယောက်ရဲ့အကူအညီ ယူဖို့ဆိုတာလည်း ဘယ်ယောက်ျားရဲ့ အကူအညီယူမလဲ၊ ကိုအောင်သိန်းရဲ့အကူအညီယူတာ အသင့်တော်ဆုံးပဲ ဖြစ်မယ်၊ ဒီတော့ ကိုအောင်သိန်းကို အဖြစ်မှန်တွေဖွင့်ပြောပြလိုက်တာဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကောင်းဆုံးပါပဲ''

သို့ဖြင့် စိန်မှုန်က အဖြစ်သနစ်အားလုံးကို လင်ဖြစ်သူအား ဖွင့်ပြောရန် ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုအောင်သိန်း . . . လာ . . . အိပ်ခန်းထဲဝင်မယ်။ ဒီမှာဆို တော်ကြာ ဒေါ်ဆုံ နိုးလာစေ့ ကြားသွားရင် ရွာထဲ သတင်းပျံ့သွားနိုင်တယ်"

စိန်မှုန်က လင်ယောက်ျားကို အိပ်ခန်းထဲဆွဲခေါ်ခဲ့ပြီး အိပ်ခန်းတံခါးပိတ်ကာ ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်တော့၏။

သို့တိုင် ကိုအောင်သိန်းက မယုံသလိုလို ယုံသလို လုပ်နေသဖြင့် စိန်မှုန်က အထပ်ထပ်အခါခါ ကျိန်တွယ်ပြောရသည်။

"ကဲ . . . ကျွန်မပြောတာတွေအားလုံးကို ရှင် လုံးဝ လက်ခံယုံကြည်သွားရအောင် ဒီမနက်မိုးမလင်းခင်မှာ ရွာမြောက် ဘက် တောအုပ်ထဲ လိုက်ခဲ့ပေတော့"

"ကောင်းပြီလေ . . . နင်ပြောတဲ့ဥစ္စာစောင့်တွေ၊ သိုက် ပြောင်းတာကို ဒိဋ္ဌဓမ္မတွေ့မြင်ရရင်တော့ မယုံစရာမရှိပါဘူး"

"ဟုတ်ပြီ . . . ဒါဆို ရှင်ပြန်အိပ်ဦး။ ရွာဦးကျောင်းက အုန်းမောင်းခေါက်သံကြားရရင် ကျွန်မနိုးမယ်၊ ဓားရှည်ယူပြီး သာ လိုက်ခဲ့ပေတော့"

✳

မိုးသောက်လုလုအချိန်မို့ မြူနှင်းတို့က တဖွဲဖွဲကျလျက် ရှိသည်။

ထိုနှင်းထုထဲ တိုးလျက် ရွာမြောက်ဘက်ရှိ တောအုပ် ဆီသို့ ဦးတည်ကာ စိန်မှုန်တို့လင်မယား လျှောက်လှမ်းလာခဲ့ ပြီ။

လဆန်းလ၏ အလင်းပျပျကို အားပြုလျက် ကိုင်းမြက် ရှည်တို့ကြားမှ လူသွားလမ်းကြောင်းလေးအတိုင်း လျှောက်လှမ်း လာခဲ့ကြရာ ရွာနှင့်နှစ်ဖာလုံခန့် ဝေးကွာသည့်တောအုပ်ညို့ညို့ထဲ မကြာမီ ဝင်ရောက်လာနိုင်ခဲ့ပြီ။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာ . . . ရင်းတိုက်ပင်ကြီး"

ရင်းတိုက်ပင်ကြီး၏ရှေ့တွင် လူသွားလမ်းဖုံ့ဖုံ့ကို တွေ့ရသည်။ တောထဲ မျှစ်ချိုး မှိုရှာသူ ထင်းခုတ် ဝါးခုတ်သူတို့ သွားလာလေ့ရှိသည့် တောတွင်းလူသွားလမ်းကလေးဖြစ်သည်။

"လာ လာ . . . ကိုအောင်သိန်း၊ စိန်မှုန်တို့ ဒီထမသိုင်း ချုံကွယ်က စောင့်ရအောင်"

သူမတို့လင်မယား ရင်းတိုက်ပင်ခြေရှိ ထမသိုင်းချုံကို ကွယ်ကာ အသင့်နေရာယူထားလိုက်ကြ၏။

ညအမှောင်ထုပါးလျားသည်ထက် ပါးလျားလာပြီး မိုးသောက်လုလုတွင် နှင်းတို့က ဆုပ်ဆုပ်ဖွဲဖွဲ ပိုလို့ကျရောက်လာကြသည်။ ရှေ့တစ်လံကွာ နှစ်လံကွာထက် ပိုမမြင်ရတော့။

ဆိတ်ဆိတ်ငြိမ်နေသော တောထဲဝယ် ပုစဉ်းရင်ကွဲတို့၏ တောင်ပံခတ်သံတစီစီ ပုရစ်အော်မြည်သံတကျီကျီတို့သာ ဖုံးလွှမ်းလျက် ရှိတော့သည်။

တောတွင်းတစ်နေရာမှ တောင်ပံခတ်သံ တဖျပ်ဖျပ်နှင့် အတူ တောကြက်တွန်သံထွက်ပေါ်လာပြီး ခဏအကြာမှာပင် ပုစဉ်းရင်ကွဲအသံ၊ ပုရစ်မြည်သံတို့ပါ တိတ်သွားကာ တောက





ထူးထူးခြားခြား ဆိတ်ဆိတ်ငြိမ်သွားတော့၏။

ခဏအကြာမှာပင် ခြူသံတချွင်ချွင်ကို နှင်းလွှာထုထဲမှ ခပ်သဲ့သဲ့ကြားလာရသည်။

"ဟော . . . လာပြီ လာပြီထင်တယ် ကိုအောင်သိန်း"

စိန်မှုန်က ရင်းတိုက်ပင်စည်ကိုကပ်ကာ နှင်းဖြူဖြူတို့ ဖုံးလွှမ်းနေသည့် လူသွားလမ်းလေးဆီ ကဲကြည့်နေပြီး သူမ၏ နောက်၌ ရပ်ရင်း ကိုအောင်သိန်းက ဆောင်ဓား၏ဓားရိုးကို အသင့် ဆုပ်ကိုင်ထား၏။

"ချွင် ချွင် ချွင်"

ခြူသံတို့က ပိုမိုကျယ်လောင်လာခဲ့ပြီ။

"ဟော . . . ရောက်လာတော့မယ်။ ရှင် ပန်းရထားကို မိမိရရခုတ်နော်"

"အေးပါဟ"

ပင်လယ်သမုဒ္ဒရာလှိုင်းလုံးတို့ကြား မကြောက်မရွံ့ ရဲဝံ့စွာ တံငါမှဆိုးလုပ်ခဲ့သည့် ကိုအောင်သိန်းမှာ နာနာဘာဝ၊ ဝိနာဘာဝတို့နှင့် ရင်ဆိုင်တိုးပြီး ဥစ္စာစောင့်တို့ သိုက်အပြောင်းဝယ်ရသမျှ အရဲစွန့် ဖွဲ့ယူရမည့်အရေး လက်တွေ့လုပ်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုတော့ တုန်လှုပ်ချောက်ချားကာ အေးစက်စက် ဆောင်း နံနက်ဦးမှာပင် ဖောချွေးတို့ ပြန်လျက်ရှိတော့၏။

လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ဓားရိုး သည်ပင် လက်ဝါးမှထွက်သော ချွေးစေးတို့ကြောင့် ချော်ထွက် မလိုဖြစ်နေတော့သည်။

"ဟော လာပြီ ... ကိုအောင်သိန်း ရအောင်ခုတ် နော်"

စိန်မှုန်က ကိုယ်ကိုဘေးသို့ရှိုပြီး ရင်းတိုက်ပင်စည်၌ ကျောကပ်ကာ သူမ၏ယောက်ျားကို လက်မောင်းမှ ဆုပ်ကိုင် လျက် ရှေ့သို့တက်စေသည်။

ထိုစဉ်မှာပင် နှင်းဖြူဖြူဆုပ်ဆုပ်ကြားမှ ကကြိုးတန်းသ တို့ ဆင်ယင်ထားသည့် မြင်းဖြူကြီးလေးကောင်က ခြူသံ တချ ချင်ဖြင့် ရင်းတိုက်ပင်ကြီးရှေ့မှ ခြေတစ်လှမ်းချင်းလှမ်းလျက် ဖြတ်သန်းလာတော့၏။

မြင်းဖြူကြီးနှစ်ကောင်စီ ယှဉ်လျက်မြင်းဖြူလေးကော ဆွဲသည့် ရွှေရောင်ပန်းရထားကြီး ရင်းတိုက်ပင်အောက်မှ ဖြတ် သန်းရွေ့လျားလျက်ရှိစဉ် ပန်းရထားပေါ်၌ မားမားကြီးရပ်နေသည်





ဘုန်းမြင့်မိုရ်နှင့် မိန်းမပျိုနှစ်ဦးကို တွေ့ရရာ ကိုအောင်သိန်းမှာ ရင်သပ်ရှုမောဖြစ်နေတော့သည်။

ဇာတ်ပွဲထဲမှ မင်းညီမင်းသားတို့နှယ် ပိုးပဝါခေါင်းပေါင်း၊ ရွှေစလွယ်၊ ပိုးလုံခြည်တို့ဖြင့် ခံ့ညားလှသော ဘုန်းမြင့်မိုရ်ရော ရွှေစည်းပုံတို့ဆောင်းလျက် ဆံပင်ဖားလျားချကာ ပြောင်ပြောင် လက်လက်၊ ထိုင်မသိမ်းအင်္ကျီ ရွှေခြည်ထိုးထမီတို့ဖြင့် လှချင်တိုင်း လှနေကြသည့် မိန်းမပျိုလေးနှစ်ဦးကိုပါ တအံ့တဩ တွေ့နေရ သည်။

သူတို့၏နောက်တွင် တင်းပုတ်ကြီးများ ထမ်းထားသည့် ထောင်ထောင်မောင်းမောင်း လူညိုညိုမည်းမည်းကြီးနှစ်ဦး အပါအဝင် ပန်းရထားပေါ်မှ ဥစ္စာစောင့်ပုဂ္ဂိုလ်အားလုံးက ဘေးဘီ သို့ လုံးဝမကြည့်ဘဲ ရှေ့သို့သာ စူးစိုက်စွာကြည့်လျက် တိတ် ဆိတ်ငြိမ်သက်စွာဖြင့် ပန်းရထားပေါ် တရွေ့ရွေ့လိုက်ပါသွားကြ ပုံက နှင်းကန့်လန့်ကာကြားဝယ် အိပ်မက်နှယ် ထင်ယောင်မှားစေ ၏။

"ခုတ် ... ခုတ်လေ ... ခုတ်တော့လေ"

ရွှေသေတ္တာကြီးများ အစီအရင်ထပ်လျက် ပါသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ပန်းရထားကြီး၏ အမြီးပိုင်းသို့ပင် ရောက်လာခဲ့ပြီ ကိုအောင်သိန်း မှာ ဓားကိုကိုင်မြှောက်လျက် တွန့်ဆုတ်နေဆဲ။

"ခုတ်လေ ... ခုတ်တော့လေ"

စိန်မှုန်က နားနားကပ်ကာ တိုးတိုးဖွဖွ တိုက်တွန်းနေစဉ် မှာပင် ပန်းရထား၏ အမြီးပိုင်းက ရင်းတိုက်ပင်ရှေ့မှ လွန်မြောက် လုလု ဖြစ်နေပြီ။

"ခုတ်လေ ... ခုတ်ပါဆို"

မယားဖြစ်သူစိန်မှုန်က သူ့လက်မောင်းကို ဆုပ်ကိုင် လှုပ်ယမ်းတိုက်တွန်းလွန်းမက တိုက်တွန်းမှ ကိုအောင်သိန်းသည် အရဲကိုးကာ ရှေ့သို့ ခြေတစ်လှမ်းထွက်လိုက်ပြီး ပန်းရထား၏ အမြီးပိုင်းကို ဓားဖြင့် တအားခုတ်ပိုင်းဖြတ်ချလိုက်တော့သည်။

ဓားသွားနှင့် ပန်းရထား၏အစိတ်အပိုင်းတို့ ထိခတ်သံ စိုးစဉ်းမျှမထွက်ဘဲ ရွှေရောင်ပန်းရထားကြီး၏ ကနုတ်ပန်းတို့ ခြယ်မွန်းထားသည့် နောက်မြီးပိုင်းမှာ နှင်းလွှာထုထဲသို့ တိတိပပ ပြတ်ကျသွားပါတော့၏။

သို့သော် ပန်းရထားကြီးသည် အရွေ့မပျက်သလို ပန်း ရထားပေါ်မှ ဥစ္စာစောင့်တို့သည်လည်း သတိပင်ထားဟန်မတူဘဲ





မတုန်မလှုပ်ဖြင့် တရွေ့ရွေ့ ရှေ့သို့ တိုးရွေ့လိုက်ပါလျက်သာ ရှိလေသည်။

ခဏအကြာတွင်မူ ပန်းရထားကြီးတစ်ခုလုံးမှာ နှင်းလွှာ ထုထဲ တိုးဝင်ပျောက်ကွယ်သွားပါတော့၏။

ထိုအခါမှ ... ကိုအောင်သိန်းက လူသွားလမ်းသို့ လှမ်းထွက်လိုက်ကာ မြေအပြင်ဝယ် ပြားလိုက်ကျနေသည့် ပန်း ရထား၏ ပန်းကနုတ်အစိတ်အပိုင်းကြီးကို မယူကာ ကြည့်လိုက် ရာ–

အရဏ်ဦးအလင်းဖြူဖြူအောက်ဝယ် တလက်လက် တောက်ပနေသော စိန်ကျောက်ပတ္တမြားတို့ မြှုပ်နှံစီခြယ်ထား သည့် ရွှေစင်ရွှေသားအချပ်ကြီးဖြစ်ကြောင်း တွေ့ရပါတော့ သတည်း။

⁂



www.burmeseclassic.com

www.burmeseclassic.com

စိန်မှုန်တို့ရှိလာခဲ့သည့် ရွှေကနုတ်ပန်းရထား အမြီးပိုင်းကြီးမှာ အနံတစ်တောင်၊ အလျားနှစ်ထောင်နီးပါးခန့် ရှိသည့် အပြင် ထူလည်းထူသဖြင့် အလေးချိန်အတော်စီးလေသည်။

''စိန်မှုန် ... ဒါကြီးက ရွှေသားအစစ်ကြီးဟ၊ တော်တော် တန်ဖိုးရှိမယ်''

''ဟုတ်တယ် ... ကိုအောင်သိန်း၊ ဒါတွေကလည်း အဖိုးတန်ကျောက်တွေ မဟုတ်လား''

''ဟုတ်တယ်၊ ဒီနီနီလေးက ပတ္တမြားဖြစ်မယ်။ အင်း ... ပတ္တမြားသာဆို တော်တော်တန်မှာပဲဟ''





''ဒါထက် ကိုအောင်သိန်း ... ဒါကြီးကို အိမ်ဆီ မြန်မြန် သယ်သွားမှဖြစ်မယ်၊ ဒို့ပြင် ရွာသူရွာသားတွေ တွေ့သွားရင် စကားတွေပွပြီး ရှုပ်ကုန်မယ်''

''အေး ... ဟုတ်တယ်၊ မိုးမလင်းခင် အိမ်ဆီသယ်သွားမှဖြစ်မယ်''

နှင်းကျလွန်းသဖြင့် စိန်မှုန် ခေါင်းပေါင်းခဲ့သော ပုဆိုးဖြင့် ရွှေပန်းကနုတ်ကြီးကိုပတ်ကာ ရွာဆီ သူတို့လင်မယားနှစ်ယောက် သယ်ယူလာခဲ့ကြ၏။

ရွာဆီပြန်ရောက်တော့ နံနက်မိုးစင်စင်လင်းခဲ့ပြီ ဖြစ်သည်။

''ဟော ... ဒီလင်မယား စောစောစီးစီး ရွာပြင်က ပြန်လာကြသလား၊ ဘာများသွားလုပ်ကြတာတုံး''

အရေးထဲ ရွာအဝင်လမ်းတွင် ရွာထဲမှ ပေါက်တူးထမ်းထွက်လာသည့် ဦးလှကြိုင်ဆိုသူက စပ်စုနေသေးသဖြင့် သင့်လျော်သလို ဖြေလိုက်ရ၏။

''ထင်းပေါက်လေးတွေ တောစပ်မှာသွားကောက်တာပါ၊ အိမ်မှာ ထင်းကုန်နေလို့''



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျာ ... သူဌေးလင်မယားကများ ထင်းပေါက်အရှာထွက်သတဲ့။ တော်တော်ကပ်စေးနဲပါလား ... ဟား ဟား ဟား"

တော်ပါသေး၏၊ ဦးလှကြိုင်က မျက်စိမွဲသူမို့ ကိုအောင်သိန်း ပိုက်လာသည့် ကနုတ်ပန်းအထုပ်ကို သေသေချာချာ ကြည့်မသွားချေ။

အိမ်ရောက်တော့လည်း စိန်မှုန် အဖော်အလှော်ရစေရန် ခေါ်ထားသည့် ဒေါ်ဆုံ အိပ်ရာမှ မနိုးသေးသဖြင့် တော်တော့သည်။

ကိုအောင်သိန်းက ရွှေပန်းကနုတ်ကြီးကို အိမ်ပေါ်ထပ်သို့ သယ်သွားပြီး အိပ်ခန်းထဲမှ အိပ်ရာခုတင်ခေါင်းရင်း၌ ထောင်ထားလိုက်၏။

"ဒီအခန်းထဲကို ဒေါ်ဆုံမဝင်စေနဲ့ စိန်မှုန်၊ သေသေချာ ချာ ပြောထားနော်"

"ပြောထားရမှာပေါ့၊ ဒါထက် ဒါကြီး စိန်မှုန်တို့ ဘယ်လို ထုခွဲကြမတုန်းဟင်။ ခါတိုင်း ... စိန်မှုန်ရခဲ့တာက ရွှေကလပ် လေးတွေ၊ ရွှေဒင်္ဂါးပြားတွေ၊ ရွှေလက်ကောက်တွေဆိုတော့





ထုခွဲရောင်းချရတာ မခက်ခဲလှဘူးလေ။ ဒါကြီးကျတော့ ထုခွဲရ ခက်ပြီ"

"စိန်မှုန် ... ငါတို့မှာ အခု ငွေကြေးလည်း ပြည့်ပြည့် စုံစုံရှိတာပဲ ... ငွေမလိုသေးပါဘူး၊ အဲဒီကနုတ်ပန်းတွေထဲက ကျောက်တွေကိုတော့ ကော်ထုတ်ယူလိုက်ကြမယ်၊ အဲဒီကျောက် တွေ ထုခွဲတာနဲ့တင် ငါတို့ ငွေတွေအများကြီးရမှာဟ၊ ရွှေစင် ရွှေသား ကနုတ်ပန်းကြီးကျတော့ ထုရဖို့ရ ရောင်းချရခက်တယ်။ ဒီတော့ ... ငါ ဒီလိုစဉ်းစားမိတယ် စိန်မှုန်"

"အင်း ... ပြောပါဦး၊ ရှင်က ဘယ်လိုစဉ်းစားမိတာ တုံး"

"ငါတို့ ကျောက်တွေထုတ်ယူပြီးရင် အဲဒီပန်းကနုတ်ကြီး ကို ဒီအိမ်ကြီးရဲ့တစ်နေရာရာမှာ ဖြစ်ဖြစ်၊ ခြံဝင်းထဲကတစ်နေရာ ရာမှာဖြစ်ဖြစ် လျှို့ဝှက်မြှုပ်နှံသိမ်းဆည်းထားလိုက်ကြမယ်။ နောင်မှ အချိန်ယူပြီး တစ်စစီဖဲ့ပြီး အရည်ကြိုမယ်ဟာ"

"အရည်ကြိုမယ်၊ ရွှေကို အရည်ကြိုတာ ပန်းထိမ် သမားတွေပဲ လုပ်တတ်မှာ၊ ရှင်က ရွှေရည်ကြိုတတ်လို့လား"

"တွံတေးမှာ ငါ့အဖေဘက်ကတော်တဲ့ အစ်ကိုဝမ်းကွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိတယ်ဟ။ သူ့နာမည်က ကိုဖေအောင်တဲ့။ ပန်းထိမ်ဆရာပဲ။ သူ့ဆီမှာ သုံးလေးလလောက်သွားနေပြီး ရွှေအရည်ကြို့တဲ့ပညာကိုသင်မယ်။ ရွှေအတုံးအခဲလေးတွေလုပ်တဲ့ ပညာသင်မယ်။ ပြီးရင် ရွာပြန်လာပြီး အဲဒီရွှေပန်းကနုတ်ကြီးကို ဘယ်သူမှမသိအောင် အရည်ကြို့ကြမယ်။ ရွှေတုံးလေးတွေ၊ ရွှေချောင်းလေးတွေလုပ်ပြီး စုဆောင်းထားကြမယ်။ အဲဒီလို ရေရှည်စီမံကိန်းနဲ့ ဘယ်သူမှမသိအောင် တိတ်တိတ်ကြိတ်လုပ်ထားကြရင် မကောင်းဘူးလား စိန်မှုန်။ ဒါမှမဟုတ် ငါတို့ ဒီအိမ်နဲ့ခြံဝိုင်းကို ရောင်း၊ ရွှေပန်းကနုတ်ကြီးကိုယူပြီး အခြားမြို့ရွာတစ်ခုခုဆီ ပြောင်းသွားကြပြီးမှ ထုခွဲဖို့လုပ်ကြမလား''

''အို ... စိန်မှုန်ကတော့ ဒီရွာဒီအိမ်ကနေ ဘယ်မှမပြောင်းချင်ဘူး။ ဒီရွာက မပြောင်းချင်ဘာကတော့ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် စိန်မှုန်ရှိနေတဲ့ ဒီရွာဆီ အစ်ကိုဘုန်းမြင့်မိုရ်လာတွေ့မယ်လို့ ယုံကြည်ထားလို့ပဲ။ စိန်မှုန်တို့လင်မယားရဲ့ ကျေးဇူးရှင် အစ်ကိုဘုန်းမြင့်မိုရ်နဲ့ ပြန်တွေ့ချင်သေးတယ်။ ဒါကြောင့် ဒီရွာကနေ မပြောင်းချင်တာပဲ ...၊

ပြီးတော့ ... ဒီအိမ်ကြီးကိုလည်း စိန်မှုန် စိတ်တိုင်းကျ





ဆောက်ခဲ့တာ၊ ဒီအိမ်ကြီးကို စိန်မှုန် သံယောဇဉ်ရှိတယ်။ ဒါကြောင့် ဒီအိမ်ကနေ ဘယ်မှမပြောင်းချင်ဘူး''

''အေးလေ ... နင့်ရဲ့စိတ်ဓာတ်ကို ငါသိနေလို့လည်း အဲဒီလို စီစဉ်ချင်တာပဲ။ နင် သဘောတူတယ် မဟုတ်လား''

''သဘောတူတယ် ကိုအောင်သိန်း။ ရှင်ပြောတဲ့အတိုင်း လုပ်ကြတာပေါ့''

***

www.burmeseclassic.com

www.burmeseclassic.com



## မာယာကွန်ရက်

ဥစ္စာစောင့်ကပေးခဲ့လေသော ရွှေပန်းကနုတ်ကြီး
တန်ဖိုးကနည်းမည်မဟုတ်။ အလေးချိန်စီးလှသည့် ရွှေစင်
သားစစ်စစ်ကြီးဖြစ်သည်။ သို့သော် ဒါကြီးကိုထုခွဲဖို့က တော်တော်
ခက်သည်။

သူတို့လင်မယားမှာ ရွှေချိန် ဤမျှများပြားစွာ ရထားမှ
ရွာသူရွာသားတို့ကို မသိစေလိုပေ။

"တောက် . . . အဲဒီနေ့မနက်တုန်းက ငါခုတ်တာ နည်
နည်းလိုသွားတယ် စိန်မှုန်ရယ်၊ ဒီထက်သာ ကြိုခုတ်နိုင်





ရွှေချိန် ဒီထက်အများကြီးပိုရမှာဟ"

"အောင်မယ်လေး . . . ဒါတောင် ကျွန်မ အတင်းတိုက်
တွန်းလို့ပါနော်၊ ရှင့်ဘာသာဆို ကြောက်ဒူးတုန်နေတာနဲ့
ခုတ်ဖြစ်မှာ မဟုတ်ဘူး"

"ငါလည်း ဒီလောက်သွေးမနည်းပါဘူး စိန်မှုန်ရယ်၊
ခုဟာက နာနာဘာဝ ဝိနာဘာဝတွေနဲ့ ပက်ပင်းကြီးရင်ဆိုင်လုပ်
နေရမှာဆိုတော့ သွေးလန့်မိတာတော့အမှန်ပဲဟ၊ ငါ ပန်းရထား
ကို ခုတ်လိုက်ရင် အဲဒီပန်းရထားပေါ်မှာ မားမားမတ်မတ်ကြီးရပ်
ပြီး လိုက်ပါလာကြတဲ့ ဟိုလူမည်းမည်းကြီးတွေကများ တင်းပုတ်
နဲ့ လှည့်ထုမလားလို့ စိုးရိမ်မိလို့ တွန့်ဆုတ်ဆုတ် ဖြစ်နေရတာ
ဟ . . .၊

တကယ် စားနဲ့ခုတ်ချလိုက်တော့လည်း ပန်းရထားပေါ်ပါ
သွားတဲ့ သူတွေက တစ်ချက်တောင် လှည့်မကြည့်ကြဘူးနော်။
သူတို့ ဘာမှမသိသလိုပဲ။ ပြီးတော့ ဥစ္စာစောင့်တွေသိက်ပြောင်း
တာလည်း အဲဒီတစ်ခါပဲမြင်ဖူးလို့ အိပ်မက်လိုဖြစ်ပြီး ငေးကြောင်
နေမိတာလည်း ပါပါတယ်ဟာ"

ကိုအောင်သိန်းနှင့် စိန်မှုန်တို့က ရွှေပန်းကနုတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားသုံးလုံးနှင့် ကျောက်စိမ်းငါးလုံး၊ နီလာနှစ်လုံးတို့ကို ထိုးကော်ထုတ်ယူလိုက်ကြပြီး –

တစ်ညသန်းခေါင်ယံဝယ် ယင်းရွှေပန်းကနုတ်ကြီးကို ပတ္တူစတို့ဖြင့် အထပ်ထပ်ပတ်ပြီး အိမ်နောက်ပိုင်းရှိ ငှက်ပျောပင်များကြားတွင် မြေတူးကာ မြှုပ်နှံထားလိုက်ကြ၏။

ထို့နောက် . . . နှစ်ပတ်ခန့်အကြာတွင် ကိုအောင်သိန်းသည် ကျောက်ထုပ်လေးကိုယူကာ လွယ်အိတ်ထဲထည့်ပြီး တွံတေးရှိ အမျိုးများထံ စီးပွားရေးကိစ္စအတွက် သွားမည်ဟု သတင်းလွှင့်လျက် ရွာမှထွက်ခွာသွားလေ၏။

စိန်မှုန်ကမူ သူတို့မိသားစုလေး အနာဂတ်တွင် ကြီးပွားသည်ထက် ကြီးပွားချမ်းသာမည့်အရေးကိုတွေကာ ပီတိဝေဖြာမဆုံးဖြစ်လျက် ရွာ၌ ကျန်ရစ်ခဲ့ပါတော့သည်။

ကိုအောင်သိန်းသည် တွံတေးမြို့ရှိ အစ်ကိုဝမ်းကွဲတော်သူ ပန်းထိမ်ဆရာကိုဖေအောင်ထံ ရောက်ရှိသည်တွင် မိသားစုဆွေမျိုးသားချင်းကိစ္စများ၊ မာကြောင်းသာကြောင်းများ ပြောဆိုပြီးသည်နှင့် လာရင်းကိစ္စကိုပြောလိုက်တော့၏။

"အစ်ကိုဖေအောင့်ဆီမှာ ပန်းထိမ်အခြေခံပညာသင်ချင်





လို့ လာတာဗျ။ ပင်လယ်ထွက် ငါးဖမ်းတဲ့အလုပ်မလုပ်ချင်တော့ဘူး"

"ဟာ . . . ကြားသားမိုးကြိုး၊ ငါ့ညီက ပန်းထိမ်သင်ချင်သတဲ့လား၊ အင်းလေ . . . သင်ချင်တယ်ဆိုလည်း သင်ပေးရတာပေါ့ကွာ။ ငါးဖမ်းတဲ့အကုသိုလ်အလုပ်တော့ မလုပ်ပါနဲ့တော့ကွာ"

သို့ဖြင့် ကိုဖေအောင်အိမ်မှာပင်နေထိုင်ပြီး ပန်းထိမ်အခြေခံပညာရပ်တို့ကို ဆည်းပူးရင်း ပါလာသည့်ကျောက်များထဲမှ ကျောက်စိမ်းလေးတစ်လုံးကို ဦးစွာထုတ်ရောင်းရန် ကြိုးစားရ၏။

"အစ်ကိုဖေအောင် . . . ကျွန်တော့်မိန်းမရဲ့ဘွားအေကြီးအမွေအဖြစ်ပေးခဲ့တဲ့ ဒီကျောက်လေး ရောင်းချင်လို့ဗျာ၊ ရောင်းပေးစမ်းပါ"

"ဩော် . . . မင်းဟာက ကျောက်စိမ်းလေးပဲကွ။ အရည်အသွေး အတော်ကောင်းတာပဲ။ ငါနဲ့ခင်တဲ့ ကျောက်ပွဲစားမကျော့မေကို ပြကြည့်ပေးမယ်လေ"

ကိုဖေအောင်က ကျောက်ပွဲစားမကျော့မေ၏အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သိန်းကို ခေါ်သွားပြီး ကျောက်စိမ်းတုံးလေးကို ပြကြည့်ပေး၏။

မကျော့မေမှာ ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်ရှိမြို့များသို့ ကူးချည်သန်းချည်ပြုကာ ကျောက်ပွဲစားအလုပ် လုပ်နေသူဖြစ်သဖြင့် လွန်စွာ သွက်လက်ချက်ချာပြီး ခေတ်ဆန်ဆန်ဝတ်စားပြင်ဆင်တတ်သူဖြစ်သည်။

မကျော့မေက ကျောက်ကြည့်မှန်ဘီလူးလေးဖြင့် ကျောက်စိမ်းတုံးလေးကို အတန်ကြာ လှည့်ပတ်ကြည့်ပြီးနောက် ကျောက်ပိုင်ရှင် ကိုအောင်သိန်းကို ပြုံးကြည့်လိုက်သည်။

''ဒါ . . . သောင်းကျောက်ပဲ၊ နှစ်သောင်းကျော်လောက် ရနိုင်တယ်''

''ဗျာ . . . နှစ်သောင်းကျော်တောင်ရမယ် ဟုတ်လား''

''ဟုတ်တယ်၊ ကျော့ ဒီတစ်ခေါက်ရန်ကုန်သွားရင် ယူသွားပြီး အဆင်ပြေအောင်လုပ်ပေးမယ်လေ။ ယုံရင်တော့ အပ်လိုက်''

ကိုအောင်သိန်းက ကိုဖေအောင့်မျက်နှာကို လှမ်းကြည့်လိုက်သည်။





''မကျော့နဲ့ကျုပ်၊ အလုပ်လုပ်တာ လေးငါးနှစ်မကတော့ဘူးပဲ။ မကျော့ကတော့ ဒီတွံတေးက ကျောက်ပွဲစားတွေထဲမှာ အလုပ်လုပ်တဲ့နေရာ အတိကျဆုံးပဲ။ ယုံပြီသားပါ။ ကျုပ်ညီရဲ့ကျောက် အဆင်ပြေအောင်သာ လုပ်ပေးလိုက်ပါ''

သို့ဖြင့် မကျော့မေက ကိုအောင်သိန်းနှင့်အတူပါလာသည့် ကျောက်တို့ကို တစ်လုံးပြီးတစ်လုံး ရောင်းပေးသည်။

ကိုအောင်သိန်းကလည်း ပတ္တမြားများပါလာသည်ကို အသိမပေးဘဲ တန်ဖိုးပိုနည်းမည်ထင်ထားသည့် ကျောက်စိမ်းနှင့် နီလာတို့ကိုသာ တစ်လုံးချင်း ဦးစွာထုတ်ရောင်းစေလေသည်။

ယင်းသို့ အရောင်းအဝယ်လုပ်ရင်း ကိုအောင်သိန်းမှာ မကျော့မေနှင့် ပိုမိုရင်းနှီးလာခဲ့၏။

မကျော့မေမှာ မုဆိုးမလေးတစ်ဦးဖြစ်ပြီး ခေတ်ဆန်စွာ ဝတ်စားနေထိုင်တတ်သူမို့ အပျိုရုံးအောင် လှပတင့်တယ်သူလေးဖြစ်၏။ အရောင်းအဝယ်ကျင်လည်ကာ စကားပြောကြွယ်သူလေးဖြစ်သဖြင့် နီးနီးကပ်ကပ်၊ ရင်းရင်းနှီးနှီး ဆက်ဆံလာရသည်တွင် မကျော့မေ၏အလှ၊ မကျော့မေ၏အပြောတို့တွင် ကိုအောင်သိန်းနှစ်မျောမိန်းမူးစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မကျော့မေကလည်း ကိုအောင်သိန်းဆီမှ အဖိုးတန် ကျောက်တစ်လုံးပြီးတစ်လုံး ထွက်လာသဖြင့် အံ့အားသင့်မိသော် လည်း မိန်းမပါးတစ်ဦးဖြစ်သဖြင့် ယင်းကျောက်များ ဘယ်က သည်ကို ထဲထဲဝင်ဝင် မေးမြန်းစပ်စုခြင်းမပြုဘဲ ဈေးရအော ရောင်းပေးရင်း ပွဲခမြက်မြက်ကလေးယူကာ ကိုအောင်သိန်းကို အကောင်းဆုံးဖောက်သည်တစ်ဦးအဖြစ် လက်မလွှတ်စေရန် အပိုင်ကိုင်ထားလေ၏။

သို့ဖြင့် သူတို့နှစ်ဦးမှာ ရင်းနှီးသည်ထက် ရင်းနှီးလာက မကျော့မေ၏အိမ်သည် ကိုအောင်သိန်းအတွက် စားအိမ်သောက် အိမ် ဖြစ်လာတော့သည်။

မကျော့မေသည် ရန်ကုန်သွားသည့်အခါ ကိုအောင်သိန် ကို ခေါ်သွားလေ့ရှိလာပြီး ပိုက်ဆံဝါလားဖြစ်လာသည့် ကိုအော သိန်းနှင့် ဟိုတယ်တက်ကာ ပျော်ပျော်ပါးပါး စားသောက်ကြခြင်း ရန်ကုန်မြို့အနှံ့ လျှောက်လည်ကြခြင်းဖြင့် ရင်းနှီးမှု ပိုလာကြ တော့၏။

ကိုအောင်သိန်းမှာ တစ်သက်လုံး ဖောဖောသီသီကို တွယ် သုံးစွဲမှုမပြုနိုင်သည့်ငွေကို အလျှံပယ်ကိုင်တွယ် သုံးစွဲလာ





သဖြင့် အောက်ခြေလွတ်လာကာ မကျော့မေနှင့်အတူ ဟိုတယ် တက်ရခြင်း၊ ပျော်ပျော်ပါးပါး အတူသွား အတူလာရခြင်းကို သဘောကျပျော်မွေ့လျက် ရှိတော့၏။

တောသူအရိုးခံအလှသာရှိသော ဇနီးဖြစ်သူ စိန်မှုန်ကို ပင် မေ့လျော့ကာ မိန်းမလည်မကျော့မေ၏ မာယာညွတ်ကွင်းသို့ သက်ဆင်းမိပြီး နောက်ဆုံး မကျော့မေ၏အိမ်မှာပင် အတူနေ သည့်အဆင့်သို့ ရောက်လာလေသည်။ အစ်ကိုဖြစ်သူ ကိုဖေ အောင် သတိပေးတားမြစ်သည်ကိုပင် ဂရုမစိုက်တော့ချေ။

မကျော့မေသည် ကိုအောင်သိန်းအား အပျော့ဆွဲဖြင့် ဆွဲကာ သိမ်းသွင်းပြီး ကိုအောင်သိန်း အယုံကြီးယုံကာ ပုံအပ်လာ သည်။ ပတ္တမြားကျောက်တို့ကို တစ်လုံးပြီးတစ်လုံး ဈေးကောင်း ရစေရန် ရောင်းချပေးရင်း ယင်းအဖိုးတန်ကျောက်မျက်များ မည် သို့ရရှိလာသည်ကို အမျိုးမျိုး ချော့မော့မေးရာ နောက်ဆုံးဝယ် ကိုအောင်သိန်းသည် လျှို့ဝှက်ထားသည့်အကြောင်းအရာအားလုံး ကို ဖွင့်ပြောပြလိုက်ပါတော့သတည်း။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ပျောက်ဆုံးသွားသောရတနာ

သွေးစွန်းစံအိမ်

သံသယတစ္ဆေမ

တမလွန်မေတ္တာရှင်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## ပျောက်ဆုံးသွားသောရတနာ

ရွာမှထွက်သွားပြီး သုံးလခွဲခန့်အကြာတွင် ကိုအောင်သိန်း ရွာသို့ပြန်လာရာ မကျော့မေနှင့် မကျော့မေ၏မောင်ဝမ်းကွဲ ိုသူ မျိုးတင့်ပါ လိုက်ပါလာ၏။

ကိုအောင်သိန်းနှင့် မကျော့မေတို့၏သတင်းကို ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသမြို့များသို့ ငါးပိငါးခြောက်ကုန်ကူးနေသည့် ကုန်သည်ကိုညွန့်ဆွေမှတစ်ဆင့် ဘီလူးရယ်တစ်ရွာလုံး ပျံ့နှံ့လျက်ရှိရာ စိန်မှုန်လည်း နားမဆန့်အောင် ကြားရပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသတင်းကိုကြားရစဉ်က စိန်မှုန်မှာ ကိုယ့်နားကိုယ် မယုံနိုင်အောင်ဖြစ်သွားခဲ့ရ၏။ သို့သော် ကိုညွန့်ဆွေကိုယ်တိုင် ပြောပြသည့်တို့ကိုကြားရသည့်အခါမှာမူ စိန်မှုန်မှာ လင်ဖြစ်သူ ဖောက်ပြန်ပြောင်းလဲမှုသတင်းဆိုးတို့ကို မယုံ၍ မဖြစ်တော့ချေ

"စိန်မှုန် ...ငါ့ညီမ၊ အစ်ကိုလည်း ဘီလူးရယ်မှ သားမို့ တစ်ရွာတည်းသားအချင်းချင်း မဖြစ်သင့်တာမဖြစ် အောင် သိသမျှ မြင်သမျှ ဖောက်သည်ချပြီး သတိပေးရတာပါ ဟယ်၊ နင့်ယောက်ျားကို နင် အလိုလိုက်ပြီး သိပ်လွှတ်မထားနဲ့ နင်တို့ ဘယ်လိုဖြစ်ပြီး ချမ်းသာလာသလဲတော့ ငါမသိဘူး။ နင့်ယောက်ျားကတော့ ရန်ကုန်မြို့ထဲက တရုတ်ဟိုတယ်တွေ တက်ပြီး အဲဒီမကျော့မေဆိုတဲ့မိန်းမနဲ့ တတွဲတွဲလုပ်ပြီး ငွေကို ရေလိုသုံးနေတာပဲဟေ့၊ ငါကိုယ်တိုင် မျက်စိနဲ့တွေ့ခဲ့ရတာ၊ တွေ့ ရတာမှ တစ်ခါ မဟုတ်ဘူး။ ရန်ကုန်ရောက်တိုင်း ခဏခဏ တွေ့ရတာ။ သူတို့ကတော့ ငါ့ကို မမြင်ပါဘူး၊ မှုန်နေကြတာပေါ့ ...ဟင်း"

"အဲဒီမကျော့မေဆိုတာ ဘယ်လိုမိန်းမမျိုးလဲ အစ်ကို ညွန့်ဆွေ"





"အဲဒီမကျော့မေနဲ့ပတ်သက်ပြီး ငါ စုံစမ်းကြည့်ခဲ့တယ်။ ဟာ ...အဲဒီမိန်းမက မိန်းမလည်၊ မုဆိုးမ၊ တွံတေးဘက်ကလို့ ပြောတယ်၊ တောသူဆိုပေမယ့် သေသွားတဲ့သူ့ယောက်ျား ကျောက်ပွဲစားအောင်စိုးနဲ့ ရန်ကုန်ခဏခဏလိုက်ရင်းက အတော်ကိုလည်သွားခဲ့တာတဲ့၊ ရုပ်ကလည်း တောင့်တောင့်ဖြောင့် ဖြောင့်ပဲဟ၊ ဝတ်စားတာလည်း မြို့ကြီးသူရှုံးတယ်။ ဒီတော့လည်း နင့်ယောက်ျားကျပြီပေါ့ဟ"

"တော် ...တော်ပါတော့ အစ်ကိုညွန့်ဆွေရယ်၊ ကျွန်မ အဲဒီစကားတွေ မကြားပါရစေနဲ့တော့"

"အေး ...ငါလည်း မပြောချင်ပါဘူးဟာ။ မြို့သူတစ် ပိုင်းဖြစ်နေတဲ့ ကျော့မေဆိုတဲ့ မိန်းမလည်ရဲ့လက်ချက်နဲ့ နင်တို့ လင်သားစုလေး ဘဝပျက်သွားမှာစိုးလို့ ငါကိုယ်တိုင် သတိပေး စကားကို အမှန်းခံပြီး လာပြောရတာပါ"

"ဟုတ်ပါတယ် အစ်ကိုညွန့်ဆွေရယ်။ အစ်ကို့ရဲ့စေတနာကို လေးစားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ စိန်မှုန် လေ ကိုအောင်သိန်းကို လုံးဝယုံစားခဲ့တာ။ အဲဒီလို ဖောက်လွဲ ဖောက်ပြန်လုပ်မယ့် လူစားမျိုးလို့ လုံးဝထင်မထားခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ စိန်မှုန် ... လူဆိုတာ ဘယ်လောက်ပဲ ရှိးသ ရှိးသား ငွေရယ်၊ မိန်းမရယ်၊ အပျော်အပါးရယ်နဲ့ တွေ့ရ ညွတ်မပါသွားတဲ့သူဆိုတာ ရှာမှရှားတာဟ။ နင့်ယောကျ်ား တစ်သက်လုံး မသုံးဖူးတဲ့ငွေတွေ အထပ်လိုက်ကိုင်သုံးစွဲရပြ မာယာတစ်သိန်း အပလိန်းမိန်းမလည်း မိန်းမချောရဲ့ မြူဆွယ်မှုမှ သာယာနေပြီဟ။ အောက်ခြေလွတ်နေပြီ သိရဲ့လား။ နော တစ်ခါ ရွာကနေ ဘယ်မှမလွှတ်နဲ့တော့၊ အပိုင်ကိုင်နိုင်အော သာ ငါ့ညီမ ကြိုးစားတော့ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကိုညွှန်ဆွေရယ်"

ယင်းသို့လျှင် လင်ဖြစ်သူ၏သတင်းဆိုးတို့ကို နားမ အောင် ကြားထားရသည့် စိန်မှုန်မှာ မကျော့မေဆိုသော မိန်း လည်ကို လင်ဖြစ်သူက ရွာအထိ အိမ်ပေါ်အထိ ခေါ်တင်လ တော့ အံ့သြခြင်းနှင့်အတူ ဒေါသက ငယ်ထိပ်တက်မတတ် ပွက်ကာ ရင်ထဲဝယ် မချိမဆန့် ခံစားလာရတော့၏။

သို့သော် ... စိန်မှုန်မှာပင် ကိုယ်အားဖြင့် စိတ် အေးချမ်းသူ ယဉ်ကျေးသိမ်မွေ့သူဖြစ်ရာ လင်ယောကျ်ားဖြစ် ဧည့်သည်တို့ခေါ်လာသည်ကို မနှစ်မြို့ဟန် လုံးဝမပြဘဲ ခံ





ချက်တို့ကို အတင်းမျိုသိပ်ရင်း မျက်နှာမပျက်ရအောင် ထိန်းထား လေသည်။

"စိန်မှုန်ရေ ... ငါ့ရဲ့စီးပွားရေးကိစ္စတွေ အဆင်ပြေ အောင် ဆောင်ရွက်ပေးနေတဲ့ ရန်ကုန်က မကျော့မေနဲ့ သူ့ရဲ့ မောင် မျိုးတင့်တို့ကို ရွာဆီအလည်ခေါ်လာတာလေ"

"ဩော် ... ဟုတ်ကဲ့"

"ကျော့ ... ဒါ ကိုယ့်ရဲ့ဇနီးလေ"

လင်ဖြစ်သူ ကိုအောင်သိန်း၏ ပြောဟန် ဆိုဟန် လေသံ အသုံးအနှုန်းတို့ မြို့ဟန်ပါကာ ပြောင်းလဲနေပုံကို စိန်မှုန် အံ့သြခြင်း အခါခါဖြစ်ရသလို ရင်ထဲမှာ ကျဉ်နေအောင် ခံစားရ လေသည်။

စိန်မှုန်မှာ မည်မျှပင် ဟန်ဆောင်နေရစေကာမူ လာ ခြင်းမကောင်းသော ဧည့်သည်တို့ကို ဖော်ဖော်ရွေရွေ ဆက်ဆံမရ အောင် ဖြစ်နေရ၏။

သို့ကြောင့်လည်း လင်ယောကျ်ားဖြစ်သူက မိတ်ဆက် ပေးပြီးပြီးချင်းမှာပင် တစ်ချက် နှစ်ချက်မျှသာ မချိသွားဖြ ပြုံးပြ ပြီးနောက် အိမ်ပေါ်ထပ်သို့ တက်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သိန်းမှာ သူခေါ်လာသည့် ညှော်သည်တို့ကို စိန်မှုန်က အလိုက်အထိုက် ဖော်ဖော်ရွေရွေ မဆက်ဆံဘဲ ခပ်ဖယ်ဖယ် ဂရုမစိုက်သလို ပြုမူခြင်းအတွက် မကျော့မေတို့ မောင်နှမအပေါ် မျက်နှာပူမိသလို လူမှုရေးမသိရကောင်းလားဟု စိန်မှုန်အပေါ် ဒေါသဖြစ်သွားရလေသည်။

သို့ကြောင့် မကျော့မေတို့မောင်နှမကို အိမ်အောက်ထပ်ရှိ အခန်းလွတ်များတွင် ဒေါ်ဆုံအား နေရာချထားခိုင်းလိုက်ပြီးနောက် အိမ်ပေါ်ထပ်သို့ တက်လိုက်သွားမိတော့၏။

သူ အိပ်ခန်းထဲဝင်လိုက်တော့ စိန်မှုန်က ကြမ်းပြင်ပေါ် ခြေချလျက် ခုတင်စွန်းတွင်ထိုင်ကာ ပြတင်းပေါက်မှနေ၍ အဝေးသို့ အံကြိတ်ရင်း ငေးငူကြည့်နေသည်ကို တွေ့ရလေသည်။

ကိုအောင်သိန်းက ဒေါသကိုမျိုသိပ်ရင်း စိန်မှုန်အနီးသို့ ချဉ်းကပ်သွား၏။

''စိန်မှုန် ...နင်ဘယ်လိုဖြစ်တာလဲ။ သုံးလကျော်လောက် ခွဲခွာနေပြီးမှ ငါပြန်လာတာကို ဝမ်းမသာနိုင်ရလောက်အောင် နင် ဘာဖြစ်နေသလဲဟင်''

စိန်မှုန်က သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ သူမ၏





မျက်နှာက တင်းမာလို့နေ၏။

''ဝမ်းသာစရာလား၊ ရှင်က ရှင့်မယားငယ်ကို မျက်နှာပြောင်တိုက်ပြီး ရွာအထိ အိမ်ပေါ်အထိ ခေါ်တင်လာတာကို ဝမ်းသာစရာလားဟင်''

''ဘာ ဘာ ... နင် ဘာပြောလိုက်တယ်။ ရိုင်းလှချည်လားဟင်''

ကိုအောင်သိန်းမှာ ရွာနှင့်အလှမ်းဝေးလှသော တွံတေးနှင့် ရန်ကုန်မြို့တော်ကြီးမှာ သူ ရှုပ်ထားသမျှ ရွာမှ မည်သူမျှ မကြားသိနိုင်ဟု ယုံကြည်ယူဆထားသဖြင့် ဖိဟောက်လိုက်၏။

''ရိုင်းတာက ရှင် ...သိရဲ့လား၊ အရှက်မရှိတာက ရှင်။ အဲဒီမကျော့မေဆိုတဲ့ မုဆိုးမကျောက်ပွဲစားမိန်းမလည်နဲ့ ရှင် ရန်ကုန်မှာ ဟိုတယ်တွေတက်ပြီး တွဲခုတ်နေတာတွေကို ဒီဘီလူးရယ် တစ်ရွာလုံး သိနေကြတယ် သိရဲ့လား။ တွံတေးက အဲဒီဟာမရဲ့အိမ်မှာ ရှင်တို့ ညားနေကြတာကိုလည်း တစ်ရွာလုံး သိနေကြတယ် သိရဲ့လား''

''ဟင်''

ကိုအောင်သိန်း လွန်စွာ တုန်လှုပ်ချောက်ချားသွား



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။

"ကဲ ... ဘယ်မှာလဲ၊ ရှင်ကျောက်တွေ သွားရောင်းခဲ့တဲ့ ငွေတွေ၊ ဟင်း ဟင်း ... အဲဒီဟာမနဲ့တွဲခုတ်ပြီး သုံးဖြုန်းခဲ့လို့ ကုန်ခဲ့ပြီ မဟုတ်လား"

ကိုအောင်သိန်းမှာ ဘာပြော၍ ပြောရမှန်းမသိတော့။ ခိုးထုပ်ခိုးထည်နှင့် အမိခံထားရသလို ဖြစ်နေသဖြင့် မရှန်းသာ မလှုပ်သာ ဖြစ်သွားရတော့၏။

ခဏကြာ ငိုင်နေပြီးမှ လွယ်ထားဆဲဖြစ်သည့် သားရေလွယ်အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးလိုက်သည်။

"ရော့ ... ဒီမှာ ငွေငါးသောင်း"

"အဲဒီငွေနဲ့ ကျွန်မက ဘာလုပ်ရမှာလဲ။ ရှင်ယူသွားတဲ့ ကျောက်တွေက သိန်းကျောက်တွေရှင့်၊ သိန်းနဲ့ချီပြီး တန်ဖိုးရှိတဲ့ ကျောက်တွေ၊ အဲဒီကျောက်တွေ ဘယ်မှာလဲ"

"ဟ ... အဲဒီကျောက်တွေထုခွဲပြီးလို့ ဒီပိုက်ဆံ နင့်ကို ပေးတာပေါ့"

"ဒါဆို ကျန်တဲ့ပိုက်ဆံတွေကရော"

"ကုန်ပြီ"





"ဘာ ... ဩော် ဟော် ... ရှင့်မယားငယ်နဲ့ သုံးလို့ ဖြုန်းလို့ ကုန်ပြီပေါ့ ဟုတ်လား"

စိန်မှုန်က ထိုင်ရာမှထရပ်လိုက်သည်။

"ဒီမှာ အခု ရှင့်မယားငယ်ကို အိမ်ပေါ်ခေါ်လာတာ ဘာသဘောလဲ။ ဘာကိစ္စလဲ"

"မယားငယ် မယားငယ်နဲ့ မပြောပါနဲ့ကွာ၊ ကြားသွားရင် မကောင်းပါဘူး၊ နင်နဲ့ စီးပွားရေးကိစ္စပါ တိုင်ပင်ရအောင် ခေါ်လာတာပါ"

"ဘာမှတိုင်ပင်စရာမလိုဘူး၊ အကောင်းဆုံးက ရှင့်မယားငယ်ကိုပါ ခေါ်ပြီး ဒီအိမ်ကနေ အမြန်ဆုံး ပြန်ထွက်သွားဖို့ပဲ၊ အဲဒီပိုက်ဆံတွေလည်း မလိုချင်ဘူး ရှင်ပြန်ယူသွား"

"ဩော် ... နင်က ဒီလိုလား၊ ကောင်းပြီလေ တွေ့ကြသေးတာပေါ့ ... တောက်"

ကိုအောင်သိန်းက တောက်ခတ်ကာ ခြေဆောင့်ထွက်သွားတော့၏။

စိန်မှုန်သည် အိပ်ခန်းတံခါးကို ထပိတ်ချက်ထိုးပြီး နောက် အိပ်ရာပေါ်မှောက်အိပ်ကာ ခေါင်းအုံး၌ မျက်နှာအပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

သူမ၏ဘဝ အမှန်တကယ် ပျက်သွားပြီဖြစ်ကြောင်း သေချာသွားပြီမို့ ရင်တစ်ခုလုံး ပြိုကွဲသွားခဲ့ရပြီ။

ဆင်းရဲစဉ်က တူနှစ်ကိုယ်တဲအိုပျက်မှာ ထမင်းရည်ပူ အတူလျှက်ကာချစ်ခဲ့ကြသည့် မိမိတို့လင်မယားမှာ ငွေကြေးပြည့် စုံကြွယ်ဝလာမှ ချစ်ခြင်းတို့ သစ္စာတို့ ပျက်ပြယ်ပြီး ရန်ဘက်လုံး လုံး ဖြစ်ခဲ့ရပြီ။

ယခင်က သူမ အသည်းနှင့်အောင်ချစ်ခဲ့ရသည့် သူမ၏ လင်ယောကျ်ားမှာ ယခုတော့ သူမ အမုန်းဆုံး အရွံရှာဆုံးသူ ဖြစ်ခဲ့ရပြီ။

သူမ၏ဘဝပျက်ရခြင်း၊ ရင်နင့်ရခြင်းထက် သူမတို့၏ ရင်သွေးသားလေး မိတကွဲ ဖတကွဲဖြစ်ရမည့်အရေးကိုတွေးကာ စိတ်ထိခိုက်မဆုံးအောင် ခံစားကြေကွဲနေရတော့၏။

တွေးတိုင်း ကိုအောင်သိန်းအပေါ်တွင် မုန်းတီးနာကြည်း ၍ မဆုံးတော့ပါ။

⁂

ထိုနေ့တစ်နေ့လုံး စိန်မှုန် အိမ်ပေါ်ထပ်မှ ဆင်းမလာ တော့ချေ။

ကိုအောင်သိန်းနှင့် ညှိသည်တို့ကို ဒေါ်ဆုံကပဲ ချက် ပြုတ်ခူးခပ်ကျွေးရသည်။

ညနေစာစားပြီးနောက် ခြေမကြီး (၁) မျိုးတင့် ရှာပြင် ကွင်းစပ်ဘက် လမ်းလျှောက်ထွက်သွားစဉ် အိမ်ရှေ့စံပယ်ရုံ နံဘေးမှ ခုံတန်းလေးတွင် မကျော့မေက ထိုင်နေပြီး ကိုအောင် သိန်းကအနီးတွင် မတ်တတ်ရပ်လျက်မှ ခပ်တိုးတိုးပြောဆို ဆွေး နွေးနေသည်။

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျော့ . . . ကိုယ်တို့အကြောင်းကို စိန်မှုန်သိသွားပြီ"

မကျော့မေ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။

"ဟင် . . . ဘာ . . . ဘာသိတာလဲ"

"အားလုံး သိသွားပြီ။ ကိုယ်တို့ တွဲတေးမှာ အတူနေကြတာရော၊ ရန်ကုန်မှာ ဟိုတယ်တက်တာတွေရော၊ ငွေတွေဖြုန်းလို့ ကုန်တာတွေရော သိသွားပြီ၊ စိန်မှုန်တင်မကဘူး တစ်ရွာလုံး သိနေကြပြီတဲ့"

"အို ဒီလောက်ဝေးလံတဲ့နေရာကဟာ ဘယ်လိုလုပ်သိကုန်ကြတာလဲ။ ကေန္တ ကိုဖေအောင်ကြီးလက်ချက်နဲ့ တူတယ်"

"မပြောတတ်ဘူး၊ ရန်ကုန်က ကိစ္စတွေပါ သိနေတာတော့ စဉ်းစားစရာပဲ၊ ကဲ ထားပါ . . . အဲဒါတွေက အရေးမကြီးဘူး။ အရေးကြီးတာက ဟိုပန်းကနုတ်ကြီးကို ဖော်ယူဖို့ပဲ၊ စိန်မှုန်နဲ့တော့ ညှိလို့ရမှာမဟုတ်တော့ဘူး"

"ဒါ . . . ဒါဆို ကျော့တို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်ရမှာလဲ၊ စိန်မှုန်မသိအောင် အဲဒီရွှေပန်းကနုတ်ကြီး ဖော်ယူပြီး လစ်ပြေးကြမယ်"





"ရှင့်မိန်းမကို ရှင် တကယ်ပြတ်လို့လား"

"အို . . . ပြတ်ပြီးသားပဲ၊ ကိုယ်မပြတ်တာက ကျော့ကိုပါ၊ ကျော့ကို ကိုယ်သိပ်စွဲနေပြီ သိလား။ ကျော့ကို ဘယ်လိုမှ မခွဲနိုင်တော့ဘူးကွယ်"

ကိုအောင်သိန်းက ပြောပြောဆိုဆိုဖြင့် ခုံတန်းလျားမှာ ငထိုင်ပြီး မကျော့မေ၏ကိုယ်လုံးအိအိကို အားပါးတရ ထွေးက်လိုက်၏။ သူမက ပြန်တွန်းဖယ်လိုက်သည်။

"ကဲပါ . . . ခုနေအချိန်မှာ အဲဒါတွေ အရေးမကြီးဘူး။ ဟိုဟာကြီးကိုရဖို့ပဲ အရေးကြီးတယ်၊ ကျော့တို့ရည်မှန်းထားတဲ့ အတိုင်း အောင်မြင်ရင် ကျော့ရဲ့တစ်ကိုယ်လုံး သဘောရှိ ကလောဒ် သိပြီလား . . . ခစ် ခစ် ခစ်"

"ဟဲ ဟဲ ဟဲ . . . ဟုတ်ပြီ ဟုတ်ပြီ။ အဲဒီကိစ္စဒီညပဲ အကောင်အထည်ဖော်ပြီး မနက်ဖြန်မနက် မိုးမလင်းခင် မော်တော်စင်းလုံးငှားပြီး လစ်ကြမယ်"

"အိုကေ . . . ဒါမှ ကျော့ရဲ့ချစ်ဒါလင်ကြီး၊ ဟင်း ဟင်း ဟင်း . . . ခစ် ခစ် ခစ်"

*

www.burmeseclassic.com

www.burmeseclassic.com

လဆုတ်ရှစ်ရက်နေ့ညမို့ လရောင်က မှုန်ဝါးလွှန်းလှ

သည်။

သက်ကြီးခေါင်းချချိန်လွန်ကတည်းက ဘီလူးရယ် တ

ရွာလုံး တုတ်တုတ်မျှမလှုပ်တော့ ဆောင်းည၏ အေးစက်စ

မဟူရာခြုံလွှာအောက်တွင် အိမ်တံခါး၊ တဲကဲလားတို့ပိတ်

တစ်ရွာလုံး တိတ်ဆိတ်လျက်ရှိချေပြီ။

တစ်ခါတစ်ရံ . . . ရွာလယ်ပိုင်းရှိ အိမ်တစ်အိမ်မှ တ

တစ်ဦး၏ ဘုရားရှိခိုးသံ၊ ကြေးစည်ရိုက်သံတို့လွင့်ပျံလာ

ပြီး တစ်ချက်တစ်ချက် ကလေးငိုသံအချို့ကို ကြိုကြားကြို





ကြားရခြင်းမှအပ တစ်ရွာလုံး ဆိတ်ဆိတ်ငြိမ်လျက်။

ရွာမြောက်ပိုင်းရှိ ခြံဝင်းကျယ်ထဲမှ စိန်မှုန်တို့၏ အုတ်ပတ်ကားတက် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသည်လည်း လဆုတ်ည ညဥ့်လွှာရုံအောက်တွင် လူသံသူသံ တိတ်ဆိတ်လျက်ရှိ၏။

ဒေါ်ဆုံပို့ပေးသည့် ညစာကိုစားပြီးကတည်းက အိပ်ရာပေါ်တက်ခွေနေသည့် စိန်မှုန်မှာ အိမ်အောက်ထပ်ညှေ့ခန်းကြီးထဲတွင် ညှေ့သည်တို့နှင့် စကားစမြည်ပြောပြီးနောက် ကိုအောင်သိန်းအိမ်ပေါ်ထပ်သို့ တက်လာတော့ တခေါခေါဟောက်ကာ အိပ်မောကျလျက်ပင်နေချေပြီ။

ကိုအောင်သိန်းက စိန်မှုန်၏နံဘေးတွင် အသာဝင်လှဲလိုက်ပြီး စိန်မှုန် တကယ်အိပ်မအိပ် အကဲခတ်စောင့်စားနေလိုက်သည်။

သို့ဖြင့် သန်းခေါင်ယံလုလုသို့ ရောက်လာသည်တွင် တုတ်တုတ်မျှ မလှုပ်ဘဲ တခေါခေါအိပ်မောကျနေသည့် စိန်မှုန်ကို တစ်ချက်ငုံ့ကြည့်ပြီးနောက် အိပ်ရာခုတင်ပေါ်မှ ကိုအောင်သိန်းအသာလျှောဆင်းလိုက်၏။

ပြီးတော့ အိပ်ခန်းတံခါးကို အသံမမြည်အောင် ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကြံ့လမ်းသို့ လှမ်းထွက်လိုက်သည်။

သူက စကြံ့လမ်းအတိုင်း လှေကားထိပ်သို့ လျှောက်လာပြီးနောက် ကျွန်းလှေကားကြီးထက်မှ ခပ်သွက်သွက် ခြေဖွနင်းကာ ဆင်းလာလိုက်၏။

သူ လှေကားရင်းသို့ရောက်တော့ မကျော့မေနှင့် မျိုးတင့် (ခ) ခြေမကြီးတို့ အသင့်စောင့်နေကြသည်ကို တွေ့ရလေသည်။

“ဒေါ်ဆုံ အိပ်နေပြီမဟုတ်လား ကျော့”

“အိပ်တာကြာပြီ၊ ဒီကတောင် သူ့ဟောက်သံကို ကြားရတယ်”

ကိုအောင်သိန်းက အသာနားစွင့်လိုက်ပြီးနောက် မျိုးတင့်၏ လက်ထဲမှ ပေါက်တူးကို မျက်လုံးဝေ့ကြည့်ကာ ပြုံးလိုက်၏။

“ကဲ . . . ကျော့ . . . အိမ်နောက်ဖေးပေါက်ကပဲ ထွက်ကြရအောင်”

ခဏအကြာမှာပင် သူတို့သုံးဦး နောက်ဖေးပေါက်မှ ထွက်လာခဲ့ကြပြီး –

ခြံစပ်နားရှိ ငှက်ပျောပင်အုပ်အုပ်ဆီ လျှောက်လှမ်းလာခဲ့ကြကာ ငှက်ပျောပင်တန်းကြားရှိ မြေကွက်လပ်တစ်နေရာ၌





ကိုအောင်သိန်းက ခြေလှမ်းတို့ကို ရပ်လိုက်လေသည်။

ပြီး သူက မကျော့မေ၏လက်ထဲမှ လက်နှိပ်ဓာတ်မီးကို ယူလိုက်ကာ မြေပြင်သို့ ခပ်အုပ်အုပ် မီးထိုးကြည့် စစ်ဆေးလိုက်သည်။

“ဒီနေရာဆိုတာ သေချာရဲ့လား . . . ကို”

“သေချာတယ် ကျော့၊ ငှက်ပျောပင်တွေရဲ့ အနေအထားနဲ့ ဟောဟိုခြံစပ်က ကုက္ကိုပင်ကြီးရဲ့ အကွာအဝေးကို မှတ်သားထားတာ။ ကဲ . . . မောင်မျိုးတင့် ဒီနေရာကို တူးကွာ။ ခပ်ဖြည်းဖြည်းဖွဖွတူး။ တော်ကြာ . . . ရွှေကနုတ်ကိုထိသွားမယ်”

မျိုးတင့်က ကိုအောင်သိန်းညွှန်ပြသည့်နေရာကို တူးဆွတော့ မြေကြီးကပွနေသဖြင့် တူးဆွရသည်မှာ မခက်ခဲလှပါ။

အတော်လေးတူးဆွပြီး မြေစာခဲတို့ကို ပေါက်တူးဖြင့် ယက်တင်ရာ သုံးပေကျော်ကျော်ခန့် အနက်ရှိသော ရှည်မျော မျော လေးထောင့်ကျင်းတစ်ကျင်း ဖြစ်ပေါ်လာ၏။

သို့သော် ရွှေကနုတ်ကိုတော့ အစအနမျှပင် မတွေ့ရချေ။

“ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"မ ... မရှိ ... မရှိတော့ပါလား"

"ရွှေ ရွှေကနုတ် မရှိတော့ပါလား"

"အို"

ကိုအောင်သိန်းရော မကျော့မေပါ တုန်လှုပ်ချောက်ချား သွားကြတော့၏။

"ရွှေ ... ရွှေကနုတ်မရှိတော့ဘူး ကျော့"

"အို ... မရှိရအောင် ဘယ်ရောက်သွားလို့လဲ"

"မ ... မသိဘူး ကျော့"

"ဒီနေရာဆိုတာရော သေချာရဲ့လားရှင့်"

"သေချာပါတယ် ကျော့ရဲ့၊ ဒီနေရာမှာ မြှုပ်ထားခဲ့လို့ လည်း မြေပွပြီး တူးဖော်ရတာ လွယ်နေတာပေါ့"

"ဟုတ်ပြီ ... အဲဒါ ရှင့်မိန်းမရဲ့လက်ချက်ပဲဖြစ်ရမယ်၊ သူနေရာရွှေ့ထားလိုက်ပြီ"

မကျော့မေ၏ ယူဆချက်မှန်နိုင်သည်ဟု ကိုအောင်သိန်း တွေးလိုက်၏။

"ဟုတ်တယ် ကျော့၊ အဲဒီမိန်းမ နေရာရွှေ့ထားတာ ဖြစ်ရမယ်၊ သူ့ကို မေးကြည့်မှဖြစ်မယ်"





မကျော့မေက အလင်းပျပျသာရှိသည့် မှောင်ရိပ်ထဲမှာ ပင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးနောက် တွေးတွေးဆဆ ဖြင့် အကြံပြုသည်။

"သူ့ကို ဒီညတော့မမေးလေနဲ့ ကိုယ်၊ ရုတ်ရုတ်ရက် ရက်ဖြစ်သွားရင် ကျော့တို့ ရည်ရွယ်ချက်ပျက်သွားမယ်၊ ဒီတော့ ဒီလိုလုပ်၊ မနက်ဖြန်နေ့လယ်ကျရင် ကျော့တို့ တစ်နေရာရာ ရှောင်နေမယ်၊ ဒေါ်ဆုံကိုပါ ခေါ်သွားမယ်။ အိမ်မှာ ဘယ်သူမှ မရှိတုန်း ရှင် သူ့ကို ချော့သာမေးပေတော့၊ အကြမ်းပတမ်းတော့ သွားမကိုင်နဲ့၊ မစိန်မှုန်ကိုကြည့်ရတာ ပျော့ပျော့လေးနဲ့ အတော် ခေါင်းမာမယ့်ပုံပဲ၊ တော်ရုံနဲ့တော့ ပြောမှာမဟုတ်ဘူး"

"ရတယ် ... ကိုယ်ရအောင်မေးပြမယ်။ တော်တော် လူလည်ကျတဲ့ဟာမ ... တောက်"

မြေပြန်ဖို့ပြီးနောက် အိမ်ဘက်ပြန်လျှောက်လာကြစဉ် မကျော့မေက သူမ၏ထင်မြင်ချက်ကို ထပ်ပြောသည်။

"စိန်မှုန်က နုံမလိုလိုနဲ့ တော်တော်လည်တဲ့မိန်းမပဲ။ ကျော့နဲ့ ကိုယ်တို့ရဲ့သတင်းကြားပြီးကတည်းက သူက အဲဒီ ရွှေကနုတ်ကြီးကို နေရာရွှေ့ပစ်လိုက်တာဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျော့ . . . အဲဒီလိုပဲဖြစ်မယ်၊ တော်တော်လည်တဲ့ဟာမ၊ တွေ့ကြသေးတာပေါ့ကွာ . . . ဟောက်"

သူတို့ မှုန်ဝါးဝါးလဆုတ်လရောင်အောက်တွင် အိမ်ဘက်ဆီ လျှောက်လှမ်းလာကြသည်ကို အိမ်ပေါ်ထပ်ရှိ ခပ်ဟဟ ဖြစ်နေသည့် ပြတင်းတံခါးရွက်ကြားမှ တစ်စုံတစ်ဦးက ချောင်းငုံ့ကြည့်လျက် ရှိလေ၏။

ထိုသူမှာ စိန်မှုန်ပင်ဖြစ်ပြီး စိန်မှုန်က ထိုလူစုကို လှမ်းငုံ့ကြည့်ရင်း နှုတ်ခမ်းကို မဲ့ပစ်လိုက်လေသည်။

❋ ❋ ❋



## သွေးစွန်းစံအိမ်

နောက်နေ့နေ့လယ်ခင်း နံနက်စာစားပြီးနောက်။

"ဒေါ်ဆုံ ညှော်သည်တွေက ရွာဦးဘုရားဖူးချင်လို့တဲ့၊ လိုက်ပို့လိုက်ဗျာ၊ ဆရာတော်ကျောင်းလည်းဝင်ခဲ့ပေါ့"

"ဟုတ် . . . ဟုတ်ကဲ့"

ကိုအောင်သိန်းက မကျော့မေနှင့်မျိုးတင့်တို့ကို ဒေါ်ဆုံနှင့် ထည့်လိုက်လေသည်။

အိမ်မှာလူရှင်းသွားမှ အိမ်ရှေ့တံခါးမကြီးကို အတွင်းမှ ချက်ထိုးပိတ်လိုက်ပြီးနောက် အိမ်ပေါ်ထပ်သို့ တက်လာခဲ့၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ခန်းထဲလှမ်းဝင်လာခဲ့တော့ စိန်မှုန်က ပြတင်းတံခါးဝဝယ် ရပ်လျက် ရွာလမ်းဘက်ဆီသို့ လှမ်းကြည့်နေလေသည်။

''စိန်မှုန်''

ကိုအောင်သိန်းက ဒေါသကိုမျိုသိပ်လျက် အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်၏။

စိန်မှုန်က ကျောခိုင်းလျက်နေရာမှ သူ့ဘက်သို့ ခပ်ဖြည်းဖြည်းလှည့်ကြည့်သည်။ သူမ၏မျက်နှာက ကျောက်ပြင်နှယ်တင်းမာလျက်ရှိ၏။

ကိုအောင်သိန်းက စိန်မှုန်နှင့် တစ်လံကွာခန့်အထိလျှောက်လှမ်းသွားပြီး ခါးထောက်ရပ်လိုက်ကာ စိန်မှုန်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လျက် ခပ်မာမာမေးလိုက်လေသည်။

''စိန်မှုန် ... နင် ရွှေကနုတ်ကြီးကို ငါတို့မြှုပ်ထားတဲ့နေရာကနေ တူးဖော်ပြီး ဘယ်ကိုရွှေ့ထားလိုက်သလဲ''

စိန်မှုန်က သူ့မျက်နှာကို စူးစူးရဲရဲပြန်စိုက်ကြည့်ပြီး မဲ့၊ မခန့် ပြုံးလိုက်လေသည်။

''ဘယ်ကိုပဲရွှေ့ရွှေ့ ... ကျွန်မအပေါ် သစ္စာမဲ့တဲ့ ရှင်





သိစရာမလိုပါဘူး''

''ဘာ ... နင် ခွေးစကားမပြောနဲ့။ အဲဒီရွှေကနုတ်ကိုနင် တစ်ယောက်တည်းပိုင်တာ မဟုတ်ဘူး။ နင့်အစွမ်းအစတစ်ခုတည်းနဲ့ ရထားတာမဟုတ်ဘူး၊ ငါ့ရဲ့အစွမ်းအစ ကြိုးစားမှုပါပါတယ်၊ ဒါကြောင့် အဲဒီရွှေကနုတ်ကို နင်တစ်ယောက်တည်းမပိုင်ဘူး၊ ငါလည်း ပိုင်တယ်၊ နင်တစ်ယောက်တည်း အပိုင်စီးလို့ မရဘူး၊ ပြော ... အဲဒီရွှေကနုတ်ကြီး ဘယ်မှာထားသလဲ''

စိန်မှုန်က ခါးထောက်လိုက်ပြီး နှုတ်ခမ်းကို မဲ့လိုက်၏။

''ဒီမှာ ... ကိုအောင်သိန်း၊ အဲဒီရွှေကနုတ်မှာပါလာတဲ့ကျောက်သံပတ္တမြားတွေကို ရှင်ရပြီးပြီလေ၊ အဲဒီတော့ ရှင့်ဝေစုအတွက် ပြီးပြီပေါ့၊ ကျန်တဲ့ ရွှေကနုတ်ဟာ ရှင်နဲ့ဘာမှမဆိုင်ဘူး၊ ဒါကြောင့် ရွှေကနုတ်ရဲ့အကြောင်းလည်း မေးစရာမလိုဘူး''

''ဘာ ... နင် နင် လူပါးဝလှချေလား၊ ငါ့ကို ဒီလိုအချိုးမျိုးနဲ့ လာလုပ်လို့မရဘူး၊ နင်ပြောမလား မပြောဘူးလား၊ မပြောရင်တော့ သေဖို့သာပြင်ပေတော့၊ သစ္စာဖောက်မ၊ တစ်ကိုယ်ကောင်းမ''

ကိုအောင်သိန်းက လည်ပင်းညှစ်ရန် ရှေ့သို့ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလိုက်လေသည်။

စိန်မှုန်က သူ့မျက်နှာဆီ လက်ညှိုးငေါက်ငေါက်ထိုးကာ ခက်ထန်စွာဟန့်တားလိုက်၏။

"ရှင် ... ရှေ့မတိုးနဲ့နော်၊ နောက်မှ ကျွန်မ အဆိုး မဆိုနဲ့၊ ရှင်သာ သစ္စာဖောက်၊ တစ်ကိုယ်ကောင်းသမား၊ ညတုန်းက ရှင်နဲ့ရှင့်ရဲ့မယားငယ်ရယ်၊ သူ့ရဲ့ တိတ်တိတ်ပုန်းလင်လေး ရယ်၊ ၄က်ပျောတောထဲမှာ ရွှေကနုတ်ကိုသွားတူကြတာ မဟုတ် လား။ ရှင်တို့နဲ့မထိုက်တော့ ရှင်တို့ မရဘူးလေ၊ ဟုတ်တယ် မဟုတ်လား ... ဟား ဟား ဟား

"ကောင်မ သေဖို့သာပြင်ပေတော့"

ကိုအောင်သိန်းမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ စိန်မှုန် ကို ခုန်အုပ်လိုက်ပြီး သူမ၏လည်ပင်းကို အားကုန်ညှစ်တော့၏။

"သေစမ်း ... သေစမ်း ကောင်မ"

"အစ် ... အစ်"

ထိုသို့ဖြစ်လာမည်ကို စိန်မှုန် ကြိုတွေးထားပြီး ဖြစ် ၏။ သူမ၏လည်ပင်းကို တကယ်သေအောင်ညှစ်ပြီမှန်း သိ လိုက်သည်နှင့် ညာဘက်လက်ဖြင့် ထဘီကို ဖြည်ချွတ်လိုက်ပြီး





ပေါင်၌ သားရေကြိုးဖြင့် ချည်တုပ်ထားသည့် သားရေဓားအိမ် ထဲမှ ဓားမြှောင်ကိုထုတ်ကာ ကိုအောင်သိန်း၏ဝမ်းဗိုက်ကို ထိုး ထည့်လိုက်တော့၏။

"စွပ်"

"အား"

ဝမ်းဗိုက်၌ စူးခနဲ ဖြစ်သွားသည်ကို ခံစားသိလိုက်သည်၌ စိန်မှုန် သူ့ကို တစ်ခုခု လုပ်လိုက်ပြီမှန်း သိလိုက်ရာ လန့်ဖျပ်ကာ သူမကို လွှတ်ပြီး နောက်သို့ ကပျာကသီ ဆုတ်ခွာလိုက်၏။

သူ့ဝမ်းဗိုက်၌ တန်းလန်းစိုက်နေသည့်ဓားမြှောင်ကို အံ့သြထိတ်လန့်စွာ တွေ့ရပြီ။

"ဟင် ... နင် နင် ငါ့ကို ဓားနဲ့ထိုးတယ် ဟုတ်လား"

"ဟုတ်တယ် ... ရှင်နဲ့တန်တာ အဲဒါပဲ"

"တောက်"

ကိုအောင်သိန်းက ဝမ်းဗိုက်၌ စိုက်ဝင်နေသည့် ဓား မြှောင်ကို အားစိုက်ကာ ဆွဲနုတ်လိုက်၏။

ဓားမြှောင်က သွေးသံရဲရဲဖြင့် သူ့လက်ထဲတွင် ပါလာခဲ့ ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ စိန်မှုန်က သူမ၏အန္တရာယ်ကို ရိပ်မိသွားပြီး ရှေ့၌ ကာဆီးနေသည့် ကိုအောင်သိန်းကို ကွေ့ပတ်ပြေးထွက်လိုက်သည်။

သို့သော် ကျားနာကြီး ကိုအောင်သိန်းက ဝဲဘက်လက်ဖြင့် သူမ၏လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲလိုက်ပြီး လက်ယာဘက်လက်မှ ဓားမြှောင်ဖြင့် သူမ၏ကျောပြင်ကို အားကုန်စိုက်ထိုးလိုက်တော့၏။

''စွပ်''

''အောင်မယ်လေး''

ထို့နောက်မှာမူ သူမနှင့်သူတို့မှာ တစ်ဦးပေါ်တစ်ဦး ထပ်လျက် သွေးအိုင်ထဲလဲကျကာ အသက်ငင်လျက် ရှိကြလေ၏။ စိန်မှုန် မြတ်နိုးလှသည့် စံအိမ်ကြီးကား သွေးစွန်းခဲ့ချေပြီတည်း။

*

လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံကာ လင်မယားနှစ်ယောက် တစ်ဦးကိုတစ်ဦး ဓားဖြင့် အပြန်အလှန်ထိုးသတ်သည့် ယင်းလူသတ်ပွဲကြီး၏ နိဂုံးရလဒ်သည်ကား တစ်ဦးကပွဲချင်းပြီးသေကာ တစ်ဦးက ထောင်ကျသွားရခြင်းပင် ဖြစ်၏။

စိန်မှုန်မှာ ပွဲချင်းပြီးသေပြီး ကိုအောင်သိန်းမှာ အသက်မသေဘဲ မကျော့မေနှင့်ရွာလူကြီးတို့၏ ဦးဆောင်မှုဖြင့် ဘိုကလေးဆေးရုံသို့ ဦးစွာပို့ခြင်းခံရကာ ထိုမှ မော်တော်ဖြင့်ပင် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခံရပြီး အချိန်မီ သွေးသွင်းခွဲစိပ်ကုသမှုခံရသောကြောင့် အသက်အန္တရာယ်မှ လွတ်ခဲ့ရလေသည်။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူသတ်မှုဖြင့် ထောင်ခုနစ်နှစ် ကျခဲ့ရာ မကျော့မေမှာ ထောင်ဝင်စာပင်လာမတွေ့တော့ဘဲ သူ့ကို စွန့်ခွာသွားခဲ့လေသည်။

သူ ထောင်မှလွတ်လာတော့ သူ့သားလူရဲကို ဘိုကလေး၌ ရှာ၍မတွေ့တော့ချေ။ သူ၏အိမ်ထောင်ရေးဖောက်ပြန်မှု သတင်းဆိုးကြောင့် သူ့ကို စိတ်နာပြီး ထောင်ဝင်စာလည်း လာမတွေ့သလို ဘိုကလေးမှလည်း ထွက်ခွာသွားပြီဟု သိရ၏။

သူ ထောင်ကလွတ်တော့ ဇာတိရွာ ဘီလူးရယ်သို့ ပြန်သွားခဲ့သည်။ စိန်မှုန်မသေမီက ဝယ်ထားခဲ့သည့် လယ်ကွက်အချို့ကို ရောင်းပြီး စားသောက်နေထိုင်ခဲ့ရ၏။

နောက်တော့ ထောင်ထဲမှာကတည်းက ရလာသည့် ရင်ကြပ်ပန်းနာ ခံစားရကာ ထိုမှ မြစ်ပွားနာဖြစ်လာပြီး ဆေးဆရာမျိုးစုံဖြင့် ကုသခဲ့ရသည်။

ရွာနီးချုပ်စပ်မှ ဆေးဆရာမျိုးစုံဖြင့် ကုသ၍ မရသောကြောင့် ရှိသည့်ငွေလေးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ခေတ်မီဆေးဝါးများဖြင့် ကုသရန်နှင့် သားဖြစ်သူကို မသေမီ တစ်ကြိမ်တစ်ခါ တွေ့ခွင့်ရလို့ရငြား ရည်ရွယ်ချက်ထားပြီး ရန်ကုန်သို့





တက်ရန် ဆုံးဖြတ်လိုက်လေသည်။

ကျွန်ုပ်၏ ငယ်သူငယ်ချင်းအောင်သိန်း (ခေါ်) သူကြီး၏ မှတ်တမ်းမှာ ဤနေရာ၌ ပြီးဆုံးခဲ့လေရာ မှတ်တမ်း၏နောက်ဆုံးပိတ်၌ သူ့ဆန္ဒကို အောက်ဖော်ပြပါအတိုင်း ရေးထိုးထားလေသည်။

"ကျွန်တော်၏အမှားများကို သားဖြစ်သူအား တွေ့ရလျှင် ပြောပြဝန်ခံပြီး သူ့မိခင်ကို သတ်မိသည့်အတွက်ပါ တောင်းပန်လိုပါသည်။

ပြီးလျှင် ကျွန်တော်၏သားကိုယ်တိုင် ဘီလူးရယ်ရွာမှ ကျွန်တော်တို့၏ အိမ်ကြီးဆီသွားရောက်ကာ ရွှေကနုတ်ကြီးကို မတွေ့တွေ့အောင် ရှာဖွေလျက် ထုခွဲစေလိုပါသည်။ ထုခွဲရရှိသည့် ငွေတို့ကို သားဖြစ်သူ ရင်းနှီးစားသောက်ရန်နှင့် အထူးသဖြင့် သူ့မိခင်အတွက် ရည်စူးလှူဒါန်းပေးစေလိုပါသည်"

ကျွန်ုပ်သည် သူငယ်ချင်းဖြစ်သူ လူမိုက်ကြီး၏ဘဝ နိဂုံးမလှမပ ချုပ်ရပုံကိုတွေးရင်း သံဝေဂများစွာရလျက် ရှိတော့သည်။

ခက်သည်က ကျွန်ုပ်၏လက်ပေါ်တွင် သူ သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် သူ့တာဝန်မှာ ကျွန်ုပ်၏တာဝန်နှယ် ဖြစ်နေရတော့သည်။ ကျွန်ုပ်ထံ အားကိုးတကြီးရောက်လာရှာသည့် သူ့ဆန္ဒနှစ်ခုအနက် တစ်ခုကိုမူ ကျွန်ုပ် မဖြည့်တင်း မကူညီနိုင်ခဲ့ချေ။

ထိုဆန္ဒမှာ သူ၏ရောဂါကို ရန်ကုန်၌ ခေတ်မီဆေးဝါးများဖြင့် ကုသရန် ဖြစ်ပါ၏။

သူသည် ကျွန်ုပ်ထံရောက်ရောက်ချင်း သေဆုံးသွားခြင်းဖြစ်သောကြောင့် ထိုဆန္ဒအတွက် ကျွန်ုပ် မကူညီ မဖြည့်တင်းပေးနိုင်ခဲ့ချေ။

သူ၏နောက်ထပ်ဆန္ဒသည်ကား သူ့အား စွန့်ခွာသွားခဲ့သည့် သားဖြစ်သူကို ရှာဖွေပြီး ဝန်ချတောင်းပန်ရန်နှင့် လျှို့ဝှက်ပျောက်ဆုံးနေသော တန်ဖိုးကြီးမားလှသည့် ရွှေပန်းကနုတ်ကြီးကို ရှာဖွေဖော်ထုတ်ကာ ထုခွဲရောင်းချရန် ယင်းသို့ ထုခွဲရောင်းချပြီးနောက် သူ၏ဇနီးစိန်မှုန်အတွက် အလှူအတန်းပြု အမျှအတန်းပေးဝေရန်နှင့် သားဖြစ်သူ ရင်းနှီးစားသောက်ဖို့ ပေးရန်ပင် ဖြစ်ပါ၏။

ကျွန်ုပ်အနေဖြင့် သူငယ်ချင်းဖြစ်သူ လူမိုက်ကြီး၏ ပထမဆန္ဒကို မဖြည့်တင်းနိုင်သည့်တိုင် ဒုတိယဆန္ဒကို ကူညီဖြည့်တင်း





ပေးရန် တာဝန်ရှိသည်ဟု ခံစားရပါသည်။

ထို့ကြောင့် ရန်ကုန်၌ ရောက်နေသည်ဟု သတင်းသဲ့သဲ့ကြားရသည့် အောင်သိန်း၏သား-သူ့ရဲကို ဦးစွာရှာဖွေရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

“သူငယ်ချင်းအောင်သိန်းရေ . . . မင်းရဲ့ဆန္ဒပြည့်ဝအောင် သူငယ်ချင်းကောင်းပီသစွာ ငါ ကူညီဖြည့်တင်းပေးပါ့မယ်ကွာ”

*

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အနေဖြင့် သူငယ်ချင်းအောင်သိန်း (ခေါ်) သူကြီး၏သား လူရဲအား ရှာဖွေရန်အတွက် လူရဲ၏ဓာတ်ပုံငယ်တစ်ပုံသာ အထောက်အကူအဖြစ် ရရှိလေသည်။

ယင်းဓာတ်ပုံမှာလည်း လွန်ခဲ့သောခုနစ်နှစ်၊ ရှစ်နှစ်ခန့်က ရိုက်ထားသည့်ပုံဖြစ်ရာ အတန်ငယ် ဝါကျင့်ကျင့်ဖြစ်နေသည့်အပြင် လူရဲ လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်ခန့်ကပုံဖြစ်သဖြင့် ဆယ့်ငါးနှစ်သားအရွယ်ကပုံပင် ဖြစ်၏။

ယခုဆိုလျှင် လူရဲမှာ အသက်နှစ်ဆယ့်သုံးနှစ်ခန့်ရှိပြီဖြစ်ရာ ဓာတ်ပုံထဲက ငယ်ရုပ်နှင့် အရွယ်ရောက်ပြီဖြစ်သော





ယခု ရုပ်အဆင်းမှာ အတော်ကွာခြားနိုင်ပေသည်။

မည်သို့ဆိုစေ ကျွန်ုပ်သည် လက်ထဲ၌ရှိသည့် ယင်းဓာတ်ပုံလေးကိုပင် အားပြုကာ ရှာဖွေရမည်ဖြစ်ပါ၏။

သို့ဖြင့် ကျွန်ုပ်သည် အောင်သိန်း၏အသုဘ ရက်လည်ပြီးနောက်နေ့မှာပင် လွယ်အိတ်တစ်လုံးကိုလွယ်ကာ ရန်ကုန်မြို့ထဲရှိ စာအုပ်တိုက်များရှိရာသို့ အလုပ်ကိစ္စဖြင့် ထွက်ရသည်တွင် လူရဲ၏ဓာတ်ပုံကို လိုရမယ်ရအဖြစ် တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲ ထည့်ယူခဲ့လေသည်။

ကျွန်ုပ်သည် ရန်ကုန်မြို့ထဲရှိ စာအုပ်တိုက်များ၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း စသည့် မဂ္ဂဇင်းတိုက်များသို့ လှည့်လည်သွားလာရင် စာပေမိတ်ဆွေ စာရေးဆရာ၊ ကဗျာဆရာများနှင့် လမ်းဘေးလက်ဖက်ရည်ဆိုင်ထိုင်ကာ လက်ဖက်ရည်သောက်ရင်း ဓာတ်ပုံထဲမှ လူရဲနှင့်တူသည့်လူငယ်ကို ခရီးသွားဟန်လွှဲ ရှာဖွေရလေသည်။

ယင်းအပြင် ကျွန်ုပ်၏ စာပေမိတ်ဆွေအပေါင်းအသင်းကိုအား လူရဲ၏ ဓာတ်ပုံလေးကိုပြကာ အကူအညီတောင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီဓာတ်ပုံထဲက လူငယ်လေးနဲ့တူတဲ့ အသက်နှင်ဆယ့်နှစ်၊ နှစ်ဆယ့်သုံးအရွယ် လူငယ်ကိုတွေ့ရင် လက်တို့ကြစမ်းပါဗျာ . . . နော်''

''နေပါဦး ဆရာအဂ္ဂရဲ့ . . . အဲဒီကလေးနဲ့ ခင်ဗျားဘယ်လိုပတ်သက်လို့လဲဗျ''

''ကျွန်တော့်သူငယ်ချင်းရဲ့ ပျောက်ဆုံးနေတဲ့သားပါဗျာ၊ သူ့ကိုပြန်တွေ့ဖို့ အရေးကြီးနေလို့ဗျ၊ သူ့နာမည်က လူရဲတဲ့''

''အေးပါဗျာ . . . ဒီဓာတ်ပုံကို သေသေချာချာ ကြည့်ထားပါ့မယ်၊ ဒီဓာတ်ပုံထဲကရုပ်နဲ့တူတဲ့ လူငယ်တွေ့ရင် ဆရာအဂ္ဂကို ပြောပါ့မယ်''

''အေးဗျာ . . . ကျေးဇူးပါပဲ''

သို့သော် ရက်သတ္တနှစ်ပတ်ကျော်သည့်တိုင် ထူးခြားမှု မရှိချေ။

သို့ဖြင့် နောက်ဆုံးတွင် သတင်းစာအချို့၌ ကြော်ငြာ ထည့်ခေါ်ရန် စိတ်ကူးရလာပြီး သူရိယ၊ သူကြီးဂေဇက်၊ မြန်မာ့ အလင်း စသည့်သတင်းစာတို့တွင် အောက်ဖော်ပြပါကြော်ငြာကို နှစ်ရက်ဆက်ထည့်လိုက်လေသည်။





**အမြန်ဆုံးလာရောက်တွေ့ဆုံပါ။**

ဘိုကလေးမြို့တွင်နေထိုင်ခဲ့သည့် မစိန်မှုန်၏သား မောင်လူရဲအတွက် ထူးခြားအဖိုးတန်သော လက်ဆောင်ထူးပေးရန်ရှိသည်။ အောက်ဖော်ပြပါလိပ်စာအတိုင်း လာခဲ့ပါရန်။

ယင်းကြော်ငြာ၏အောက်တွင် ကျွန်ုပ်၏နာမည်နှင့် လိပ်စာကို ထည့်လိုက်လေသည်။ သို့သော် သုံးလေးလကြာသည်အထိ ထူးခြားမှုမရှိချေ။

တစ်မနက်ခင်း၌မူ အသက်နှစ်ဆယ်ကျော်ကျော်ခန့်ရှိ ဖြူဖြူချောချော လူငယ်တစ်ဦးသည် ကျွန်ုပ်၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေ၏။

''စာရေးဆရာကြီး အဂ္ဂဝဏ္ဏကို တွေ့ချင်လို့ပါ ခင်ဗျာ''

''ဪ . . . အေး . . . လာကွဲ့ ထိုင်''

ကျွန်ုပ်သည် ဧည့်ခန်းထဲမှ ကြိမ်ဆက်တီခုံတစ်လုံးတွင် ထိုလူငယ်ကို နေရာထိုင်ခင်းပေးပြီး လာရင်းကိစ္စကို မေးမြန်းရလေသည်။

ကျွန်ုပ်အနေဖြင့် ရုပ်ရည်အတော်သန့်ပြန့်သော်လည်း ခပ်နွမ်းနွမ်း အဝတ်အစားတို့သာ ဝတ်စားထားသည့် ထိုလူငယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်ုပ်ထံ မကြာခဏ ရောက်လာလေ့ရှိသော စာပေဝါသနာ ရှင်လူငယ်များကဲ့သို့သော လူငယ်တစ်ဦးဖြစ်မည်ဟုပင် ထင်လိုက် မိလေ၏။

သို့သော် ထိုလူငယ်ကိုမူ တစ်နေရာ၌ တွေ့ဖူးသလိုလို စိတ်ဝယ်ခံစားရလေသည်။

"ကဲ ... ကျုပ်နဲ့တွေ့ချင်တာ ဘာကိစ္စများတုံး၊ ဆိုပါဦး ကွဲ့"

"ဟို ... ဒီသတင်းစာထဲက ကြော်ငြာကိစ္စပါ ခင်ဗျာ"

လူငယ်က နွမ်းကြေလျက်ရှိသော သတင်းစာအဟောင်း ကို ဖြန့်ကာပြရှာလေသည်။

"ဒီ ... ဒီကြော်ငြာထဲက လူရဲဆိုတာ ကျွန်တော်ပါပဲ ခင်ဗျာ၊ မနေ့ညနေကမှ သတင်းစာဟောင်းထဲမှာ ကြော်ငြာတွေ့ လို့ လာခဲ့တာပါ"

"ဟော"

ကျွန်ုပ်လည်း အံ့အားသင့်သွားရာမှ လူငယ်အား ခဏ ထိုင်ခိုင်းလိုက်ပြီး တပည့်ဖြစ်သူ မောင်ဖေဒါအား အိမ်ပေါ်ထပ်ရှိ စာရေးစားပွဲအံဆွဲထဲမှ လူရဲ၏ဓာတ်ပုံကို ယူခိုင်းလိုက်ရလေသည်။





ဓာတ်ပုံလက်ထဲရောက်လာသည့်တွင် ဝါကျင့်ကျင့် ဓာတ်ပုံထဲမှ လူငယ်လေးနှင့် ကျွန်ုပ်၏ရှေ့တွင်ရောက်နေသော လူငယ်ချောချောကို အတန်ကြာ တိုက်ဆိုင်ကြည့်နေမိလေ၏။

"အင်း ... ဒါကြောင့်၊ မောင်ရင့်ကို တစ်နေရာရာမှာ တွေ့ ဖူးသလိုလို ရှိတယ်ထင်တာ။ ဒါထက် မောင်ရင့်အဖေရဲ့ ရုပ်ရည်သွင်ပြင်ကို ပြောပြနိုင်မလား"

"ဟုတ်ကဲ့ ... ကျွန်တော် ပြောပြနိုင်ပါတယ် ခင်ဗျာ"

ထို့နောက် ... ယင်းလူငယ်က ကျွန်ုပ်၏ငယ်သူငယ် ချင်း အောင်သိန်း (ခေါ်) သူကြီး၏ ရုပ်ရည်သွင်ပြင်ကို ပြောပြရာ တစ်ထပ်တည်းဖြစ်နေသောကြောင့် ကျွန်ုပ် ကျေနပ်မိလေသည်။

"ဟုတ်ပြီ ... ဒါထက် မောင်ရင်က မောင်ရင့်ရဲ့အဖေ ကို ထောင်ဝင်စာတစ်ခေါက်တစ်ကျင်းတောင် သွားမတွေ့ဘူးလို့ သိရတယ်။ အဲဒါ ... ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ အဖေနဲ့အမေရဲ့ဇာတ်လမ်းမှာ အဖေ့ရဲ့သစ္စာမဲ့မှု၊ လော်လည်ဖောက်ပြားမှု၊ ရက်စက်မှုတွေ ကြောင့် ကျွန်တော့်ရဲ့အမေ သေခဲ့ရတာပါ။ ရိုးသားအေးချမ်းပြီး ကျွန်တော့်ကို ပညာတတ်ကြီး သိပ်ဖြစ်စေချင်တဲ့အမေ သေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာပါ . . .၊ ဒါကြောင့် . . . အဖေ့ကို စိတ်နာပြီး ထောင်ဝင်စာ သွားမတွေ့ခဲ့ပါဘူး။ အဖေ ထောင်ကထွက်လာတော့မယ်လို့ သိရတော့လည်း ဘိုကလေးက ကျွန်တော့်သူငယ်ချင်းအိမ်မှာ နေရာက ရန်ကုန်ကို ခြေရာဖျောက်ပြီး ထွက်လာခဲ့တာပါ။ အမေ သေပြီး အဖေ ထောင်ကျသွားတဲ့အတွက် ကျွန်တော် ဟိုက်စကူး ဖိုင်နယ် အောင်ခဲ့ပေမယ့် တက္ကသိုလ်မတက်ခဲ့ရဘူး . . .၊

အမေ့ရဲ့ပညာတတ်ဖြစ်စေချင်တဲ့ဆန္ဒ ပျက်ပြယ်ခဲ့ရတာဟာ အဖေ့ရဲ့သစ္စာမဲ့ မှုကြောင့်ပဲ။ အမေကတော့ အဖေ့အပေါ် သစ္စာရှိမယ့်အမျိုးသမီးပါ''

''ဟုတ်ပါပြီလေ . . . မောင်ရင့်မှာလည်း မောင်ရင့် ခံစားချက်နဲ့ မောင်ရင်ပဲပေါ့။ ဒါပေမဲ့ ဆရာ့ရဲ့သူငယ်ချင်း အောင်သိန်းဟာလည်း သေခါနီးမှာ သူ့ရဲ့မိုက်ပြစ်တွေအတွက် သံဝေဂ ရပြီး နောင်တအများကြီး ရခဲ့ပါတယ်ကွယ်။ သူက သူ့ရဲ့အပြစ်တွေကို ဝန်ခံပြီး မောင်ရင့်ကို တောင်းပန်ချင်တဲ့ဆန္ဒ ပြင်းပြသွားရှာတယ်။ ပြီးတော့ . . .''

ဤတွင် လူရဲက လက်ဝါးတစ်ဖက်ကာလျက် ကျွန်ုပ်ကို တားလေသည်။





''ခဏလေးဆရာ . . . သည်းခံပါ။ ကျွန်တော် စကား ဖြတ်ပြောပါရစေ။ သတင်းစာထဲက ဆရာ့ရဲ့ကြော်ငြာမှာ အမေ့ရဲ့ နာမည်ပဲပါပြီး အဖေ့နာမည်မပါခဲ့တဲ့အတွက် အမေနဲ့ပတ်သက်ပြီး ကြော်ငြာတယ်လို့ ထင်တာနဲ့ လာခဲ့တာပါ ဆရာ။ အဖေနဲ့ပဲ ပတ်သက်မှန်းသိရင် ကျွန်တော်မလာပါဘူး။ သတင်းစာကြော်ငြာ ထဲမှာ ထူးခြားအဖိုးတန်တဲ့ လက်ဆောင်ထူးပေးစရာရှိတယ်လို့ ဆိုထားတယ်နော်။ ဒါပေမဲ့ . . . အဲဒီလက်ဆောင်ဟာ ဘယ် လောက်ပဲ တန်ဖိုးရှိရှိ ဘယ်လောက်ပဲထူးခြားထူးခြား အဖေနဲ့ ပတ်သက်တာဆိုရင်တော့ . . . ကျွန်တော် လက်မခံပါရစေနဲ့ ဆရာ''

''မဟုတ်သေးဘူး လူရဲ၊ ဆရာ အကြံပေးချင်တာက မောင့်ရင့်ဖခင်ရဲ့မှတ်တမ်းကို သေသေချာချာဖတ်ပါ။ မှတ်တမ်းရဲ့ အဆုံးမှာ ရေးထားတဲ့သူ့ရဲ့ဆန္ဒကို ဂရုစိုက်ဖတ်ပါ။ အဲဒီလိုဖတ်ပြီးမှ မောင်ရင်ရှေ့ဆက်ဘာလုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်စေ ချင်တယ်''

ကျွန်ုပ်၏စကားအဆုံးတွင် လူရဲသည် အတန်ကြာ ငေး ငူငူ ဖြစ်သွားရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က နောက်တစ်ကြိမ် ထပ်မံတိုက်တွန်းပြီးနောက် ဒန်းဟေးလ်ဆေးတံကြီးကိုခဲလျက် တမှုန်းမှုန်းဖွာရင်း ကုလားထိုင်နောက်မှီကို ကျောမှီထားပြီး သူ့မျက်နှာကို စိုက်ကြည့်နေလိုက်လေ၏။ သူက အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ခပ်လေးလေး ပြောသည်။

''ကောင်းပါပြီဆရာ ... ဆရာ့ရဲ့စေတနာကိုလေးစားတဲ့အနေနဲ့ ဆရာပြောတဲ့မှတ်တမ်းကို ဖတ်ပါ့မယ်''

''ဟုတ်ပြီ ... မောင်ရင် ဖတ်လည်း ဖတ်သင့်ပါတယ်၊ အဲဒီမှတ်တမ်းဖတ်လိုက်ရင် ... မောင်ရင့်အဖေနဲ့အမေရဲ့ အကြောင်းကို မောင်ရင် သေသေချာချာ နားလည်သွားမယ်လို့ ထင်တယ်''

သို့ဖြင့် လူရဲကို ကျွန်ုပ်၏အိမ်မှာပင် နံနက်စာထမင်းစားစေပြီး အိမ်ရှေ့ဝရန်တာရှိ ပက်လက်ကုလားထိုင်၌ သက်သောင့်သက်သာထိုင်စေကာ သူ့ဖခင်၏မှတ်တမ်းကို သေသေချာချာ အချိန်ယူဖတ်စေလိုက်လေသည်။

သူ မှတ်တမ်းကိုဖတ်ရှုပြီးသည်တွင် ညနေသုံးနာရီထိုးပြီ ဖြစ်ပါ၏။





လူရဲက မှတ်တမ်းကိုဖတ်ပြီးသည်တွင် အတန်ကြာ ငေးငိုင်နေလေ၏။

''ဘယ်လိုလဲလူရဲ ... ကျုပ်ပေးချင်တဲ့ အဖိုးမဖြတ်နိုင်တဲ့ ထူးကဲလက်ဆောင်ဆိုတာ ဘာလဲဆိုတာ တွေ့ပြီလား''

''ရွှေပန်းကနုတ်ကြီးကို ပြောတာလား ဆရာ''

''အဲဒီပန်းကနုတ်ကြီးကို တွေ့အောင်ရှာပြီး မောင်ရင်ရဲ့မိခင်၊ ဖခင်တို့အတွက် ရည်းစူး အလှူအတန်းလုပ် အမျှအတန်း ပေးဝေဖို့တာဝန်ဟာ ကျုပ်ပေးချင်တဲ့ အဖိုးတန်ထူးကဲတဲ့ လက်ဆောင်ပဲကွဲ့''

''ဩော် ... ဒါပေမဲ့ အဲဒီပန်းကနုတ်ကြီးကိုရှာဖွေဖို့ လွယ်ပါ့မလားဆရာ။ ကျွန်တော် ရှာနိုင်ပါ့မလား မသိဘူး''

''အလုပ်တစ်ခုကို မလုပ်ခင်မှာ ဖြစ်မှဖြစ်ပါ့မလားလို့ ချိတုံချတုံ မဖြစ်သင့်ဘူးကွဲ့။ ဖြစ်အောင် ဘယ်လိုလုပ်မလဲလို့ပဲ တွေးသင့်တယ်ကွဲ့၊ မောင်ရင့်ကို ကျုပ်လည်း လိုက်ပါပြီး ကူညီပါ့မယ်''

ကျွန်ုပ်၏စကားကြောင့် လူရဲ၏မျက်နှာက ဝင်းခနဲ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာလည်း ကျွန်တော်နဲ့အတူ ဘီလူးရယ်ရွာကို လိုက်မယ်လား။ ဆရာသာလိုက်မယ်ဆိုရင် ကျွန်တော် အားအရမ်းရှိသွားပြီပေါ့"

"ဟုတ်ပြီ ... ဒါဆို ဘီလူးရယ်ရွာကို မောင်ရင်သွားဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"

"ဆရာလိုက်မယ်ဆိုရင် သွားမယ်ဗျာ"

"ဟုတ်ပြီ ... ရွှေပန်းကနုတ်ကြီးကိုပါ ရအောင်ရှာမယ် ပေါ့"

"ရှာမယ်၊ ရှာလို့တွေ့ရင် ထုခွဲပြီး မိဘတွေအတွက် အလှူအတန်းလုပ်မယ်၊ အမျှဝေမယ်ဗျာ"

ဆုံးဖြတ်ချက်ခိုင်မာစွာ ပြောလိုက်သည့် လူရဲ၏စကားကို နားထောင်ပြီးနောက် ကျွန်ုပ် ကျေနပ်စွာ ပြုံးလိုက်မိပါတော့၏။

✳ ✳ ✳



## သံသယစာစွဲမ

ဘီလူးရယ်ရွာမှာ ဘိုကလေးမြစ်ဝအနီး မိန်းမလှကျွန်း၏ တစ်ဖက်ကမ်းရှိ ရွာလေးဖြစ်၏။

ထိုရွာလေးတွင် ရေလုပ်ငန်းလုပ်ကိုင်သူတို့သာ များပြား စွာနေထိုင်ကြပြီး လယ်ယာကိုင်းကျွန်းလုပ်သူ လေးငါးဦးခန့်သာ ရှိသည်။

ရွာတွင် ငါးပိ ငါးခြောက်လုပ်ငန်းကိုပါ လုပ်ကိုင်ကြရာ စီးပွားရေး အတန်ငယ် ချောင်လည်သူများသော်လည်း ကြွယ်ပိုး ကြွယ်ဝရှိသူဆို၍ ငါးဖမ်းစက်လှေနှစ်စင်းပိုင်သည့် သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင်မိသားစုနှင့် ကိုအောင်သိန်း၊ မစိန်မှုန်တို့မိသားစုသာ ရှိသည်ဟု ဆိုကြ၏။

အိမ်ကြီးအိမ်ကောင်းဟူ၍လည်း သူကြီးဦးအုန်းခိုင်တို့၏နှစ်ထပ်တိုက်ကြီးနှင့် ကိုအောင်သိန်း၊ မစိန်မှုန်တို့၏ အုတ်ပတ်ကားတက် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတို့သာ ရှိလေသည်။

သို့သော် . . . လူရဲ အမွေဆက်ခံရရှိသည့် ယင်းအုတ်ပတ်ကားတက် နှစ်ထပ်အိမ်ကြီးမှာ မစိန်မှုန်သေဆုံးပြီး အောင်သိန်း ထောင်ကျနေသည့် ခုနစ်နှစ်ပတ်လုံး လူသူမနေထိုင်ခဲ့သည့်အပြင် အောင်သိန်း ထောင်မှထွက်လာပြီး နေထိုင်သည့် တစ်နှစ်ကျော်ကျော်အချိန်မှာလည်း ပြုပြင်ခြင်းမရှိသဖြင့် ခြံကြီးတစ်ခုလုံး ချုံနွယ်ပိတ်ပေါင်းတို့ ရှုပ်ထွေးလျက် ရှိချေ၏။ အိမ်ကြီးမှာလည်း ပြုပြင်သန့်ရှင်းခြင်းမရှိသောကြောင့် အိမ်၏ရှေ့နောက်ဝဲယာအနှံ့ တိုက်ကပ်ပန်းပင်တို့ နွယ်ယှက်တက်နေကြကာ အပေါ်ထပ်ပျဉ်ထောင်နံရံတို့ကို ရေနံချေး ထပ်မသုတ်သည်မှာ ကြာပြီဖြစ်၍ ဖြူဖပ်ဖြူရော်ဖြစ်လျက် ရှိလေသည်။

အပေါ်ထပ် ပြတင်းတံခါးရွက် သုံးလေးခုမှာ ပတ္တာတို့ တစ်ဖက်ပြုတ်လျက် ရှိကြပေ၏။ ယင်းတံခါးရွက်တို့မှာ ချက်ပြုတ်





ကာ ပွင့်ဟနေကြပြီး လေတိုက်တိုင်း ပြတင်းပေါင်ကို တဒိုင်းဒိုင်း ရိုက်ခတ်လျက် ရှိကြလေသည်။

အိမ်ကြီး၏ အမိုးစွန်းသွပ်ပြားအချို့မှာ လန်လျက်ရှိရာ လေပင့်တိုက်တိုင်း တပြန်းပြန်းမြည်လျက် ရှိလေ၏။

ထိုသို့ လူသူခြောက်ကပ်ကာ ဖုန်းဆိုးမြေဖြစ်လျက်ရှိသည့် ယင်းအိမ်ကြီးသို့ လူရဲနှင့်အတူ ကျွန်ုပ်ရောက်ရှိလာခဲ့ရပြီ ဖြစ်ပါ၏။

"အိမ်နဲ့ခြံကိုတော့ တော်တော်ရှင်းယူရမယ်နော် ဆရာ"

"ဟုတ်တယ်ကွဲ့ . . . မပြုပြင် မရှင်းလင်းတာကြာတော့လည်း ဒီလိုပဲပေါ့။ ရပါတယ်ကွာ။ ရွာထဲမှာ ခြံနဲ့အိမ်ကို ရှင်းပေးမယ့်သူ ရှိမှာပါ။ ပိုက်ဆံပေးပြီး ရှင်းခိုင်းရမှာပေါ့"

"ဟာ . . . ပိုက်ဆံဆိုလို့ ကျွန်တော့်မှာ ငွေတစ်ထောင်လောက်ပဲပါတယ် ဆရာရဲ့။ ငွေကို သိပ်သုံးလို့ဖြစ်မှာမဟုတ်ဘူး။ ခြံနဲ့အိမ်ကို ကိုယ့်ဘာသာပဲ ရှင်းပါတော့မယ်။ လူငှားငှားရင် ပိုက်ဆံပေးနေရမှာဗျ"

"နေပါစေကွာ၊ ကျုပ်မှာ ပိုက်ဆံ လုံလုံလောက်လောက် ပါ,ပါတယ်။ ဒီနေ့တော့ ရှိစေတော့ မနက်ဖြန်မှ ရှင်းလင်းရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြတာပေါ့''

သို့ဖြင့် ရောက်ရောက်ချင်း ညနေမှာမှ အိမ်ပေါ်ထပ်မှ အခန်းလွတ်နှစ်ခန်းကိုရှင်းပြီး ဘိုကလေးမှဝယ်လာခဲ့သည့် ထမင်းထုပ်တို့ကို စားကာ ခရီးပန်းလာသောကြောင့် စောစောပင် အိပ်ရာဝင်ခဲ့ကြလေသည်။

နောက်နေ့နံနက်တွင်မူ ကျွန်ုပ်သည် ရွာထဲသို့ လျှောက်သွားကာ အိမ်နှင့်ခြံရှင်းပေးမည့် အလုပ်သမား ငှားရလေ၏။

''ဩော် ...ဦးလေးက တစ္ဆေမအိမ်ကြီးကလား''

''ဘယ်လို တစ္ဆေမအိမ်ဟုတ်လား''

''ဟုတ်တယ်လေ၊ နှစ်ထပ်ပျဉ်ထောင် အုတ်ပတ်ကာ တက်အိမ်ဆိုလို့ ရွာမှာ အဲဒီအိမ်ပဲရှိတယ်လေ။ အိမ်ရှေ့ခြံစပ်မှာ ကြသောင်းဝါးရုံကြီးရှိတယ်''

''ဟုတ်ပါတယ် ... အဲဒီအိမ်ပါပဲ''

''အဲဒီအိမ်မှာ တစ္ဆေမတစ်ကောင် ရှိတယ်ဗျ။ ဒါကြောင့် တစ်ရွာလုံးက တစ္ဆေမအိမ်လို့ခေါ်ကြတယ်''

''တစ္ဆေမဟုတ်လား၊ ဘယ်က တစ္ဆေမလဲ''

''လွန်ခဲ့တဲ့ရှစ်နှစ်လောက်က အဲဒီအိမ်ရှင် ဒေါ်စိန်မှုန်





အစိမ်းသေသေပြီး ခြောက်လှန့်နေလို့ တစ္ဆေမအိမ်လို့ ခေါ်ကြတာဗျ''

ကျွန်ုပ်က ရွာလယ်လမ်းတစ်နေရာတွင် မျက်နှာချင်းဆိုင်ဆုံမိသည့် ရွာသားလူငယ်တစ်ဦးကို ခြံရှင်းလုပ်သား ရရှိစေရန် အကူအညီတောင်းမိရာမှ ထိုလူငယ်နှင့် စကားလက်ဆုံကျနေမိခြင်း ဖြစ်သည်။

''ဩော် ... ဒီလိုလား၊ ဒါထက် အဲဒီတစ္ဆေမက ဘယ်လိုများ ခြောက်လှန့်လို့လဲကွဲ့''

''ခြောက်တာကတော့ နည်းမျိုးစုံပဲဗျ။ ညဘက်ဆို အဲဒီအိမ်ခြံရှေ့က ဘယ်သူမှ ဖြတ်မလျှောက်ရဲဘူး။ တစ္ဆေမက ဆံပင်ဖားလျားချပြီး ခြံထဲမှာ လျှောက်သွားနေလို့ဗျ။ အဲဒီခြံရှေ့က ဝါးရုံကြီးကလည်း လေမတိုက်ဘဲ လှုပ်လိုလှုပ်၊ အိမ်ပေါ်ထပ်က ပြတင်းတံခါးချပ်တွေက လေမတိုက်ဘဲ ဖွင့်လိုက် ပိတ်လိုက်ဖြစ်လိုဖြစ်၊ အို ... အစုံပါပဲဗျာ''

''အေးကွာ ... အဲဒီအိမ်ဟာ ကျုပ်သူငယ်ချင်းရဲ့အိမ်ပါပဲ။ စောစောက မောင်ရင်ပြောတဲ့ တစ္ဆေမရဲ့ယောက်ျား အိမ်ပိုင်ရှင်ဟာ ကျုပ်ရဲ့သူငယ်ချင်းပဲလေ။ ခု ... သူငယ်ချင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို စောင့်ရှောက်ဖို့ သူငယ်ချင်းရဲ့သား မောင်လူရဲနဲ့အတူ လာခဲ့တာပဲကွဲ့။ အဲဒီလူရဲဟာ အဲဒီအိမ်ကြီးကို အမွေဆက်ခံ ရရှိခဲ့တဲ့ အိမ်ပိုင်ရှင်အသစ်ပါပဲ။ ကဲ . . . ခြံနဲ့အိမ် ရှင်းပေးမယ့် အလုပ်သမားနှစ်ယောက်လောက် ရနိုင်မလားကွာ''

''ရပါတယ် ဦးရဲ့။ ကျွန်တော့်သူငယ်ချင်း အဒူလေး လှမြင့်နဲ့ ဖင်မဲထွန်းသိန်းတို့ကို လွှတ်လိုက်ပါ့မယ်။ နေ့တွက်တော့ ကြည့်ပေးလိုက်ပေါ့''

''အေးပါကွယ် . . . အေးပါ''

အလုပ်သမားငှားရှာရပြီမို့ စိတ်အေးသွားရသော်လည်း တစ္ဆေမခြောက်သည်ဟု သိလိုက်ရသဖြင့် စိတ်ထဲမှာမူ အတော် စနိုးစနောင့်ဖြစ်ကာ စိတ်လေးလေးဖြင့် အိမ်သို့ပြန်လာခဲ့ရတော့၏။

✳

နှစ်ရက်လုံးလုံး ရှင်းလင်းလိုက်သည့်အခါမှာမူ ခြံကြီးမှာ တော်တော် သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

ယင်းသို့လျှင် ခြံရှင်းသည့်နှစ်ရက်တာကာလအတွင်း ဖင်မဲထွန်းသိန်းအတွက် နံနက်စာ ထမင်းလာပို့သည့် ထွန်းသိန်း ၏ညီမ နှင်းသွယ်နှင့် လူရဲမှာ အတော်လေး ရင်းရင်းနှီးနှီး ဖြစ်သွားသည်ကို ကျွန်ုပ် သတိပြုမိလေသည်။

ဖင်မဲထွန်းသိန်းနှင့် အဒူလေးလှမြင့်တို့ ခြံနောက်ဘက်ရှိ များကို ရှင်းလင်းနေစဉ် ထမင်းချိုင့်လာပို့သည့် နှင်းသွယ်နှ



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့က ခြံရှေ့ရှိ စပယ်ရုံနံဘေးမှ ခုံတန်းလေး၌ထိုင်ရင်း ရင်းရင်းနှီးနှီး စကားပြောဖြစ်သည်ကို တွေ့ရလေ၏။

ခြံထဲရှင်းပြီးတော့ ခြံရှင်းလုပ်သားတို့အား အိမ်ထဲကိုပါ ဆက်ရှင်းစေရာ နှင်းသွယ်လည်း ဆက်လက်လာဖြစ်သွားပြီး လူရဲနှင့် ပိုမိုရင်းနှီးခဲ့ရလေသည်။

အိမ်ထဲရှင်းလင်းပြီးသည့် ညနေမှာပင် လူရဲသည် ခြံရှေ့ ပိုင်း စံပယ်ရုံနံဘေး၌ ထိုင်နေသော ကျွန်ုပ်၏အနီးသို့ ချဉ်းကပ် လာကာ စကားစလေသည်။

''ဆရာ ... လောကမှာ တစ္ဆေသရဲ ရှိတယ်ဆိုတာကို ယုံလား''

''ယုံတာပေါ့ကွဲ့။ ဓမ္မပဒအဋ္ဌကထာမှာ ကြံရာမရ နေစရာ နီစရာ ကပ်စရာမရှိတဲ့ တစ္ဆေမကို မြတ်စွာဘုရားက တရားပြ ဆုံးမတော်မူပြီး ဇေတဝန်ကျောင်းတော်နားက သစ်ပင် မှာ နေခွင့်ပေးခဲ့တော်မူတယ်'' လို့ ပါရှိတယ်လေ။ ဘုရား ဟောထဲက ပေတဝတ္ထု၊ ဝိမာနဝတ္ထုတွေမှာလည်း တစ္ဆေသ ရှိကြောင်း အထင်အရှားပါတာပဲ၊ လူတွေဟာ သေလွန်ခါနီးမှ လောဘရမ္မက် တဏှာဆိုတဲ့ ဥစ္စာပစ္စည်းအပေါ် စွဲလမ်း





လောဘစိတ်ဖြစ်ခဲ့ရင် တစ္ဆေ၊ သရဲ၊ သဘက်စတဲ့ ပြိတ္တာဘဝ ရောက်ရတာပဲကွဲ့၊ ခြောက်လှန့်တတ်တဲ့အတွက် တစ္ဆေတိလို့ ခေါ်ဆိုရာက တစ္ဆေ၊ တစ္ဆေဆိုပြီး ဖြစ်လာရတာပါပဲ။ သူတို့ဟာ သူတို့ရှိနေကြောင်း သိစေချင်တဲ့အတွက် ကိုယ်ထင်ပြတာမျိုး၊ သူတို့အတွက် ကောင်းမှုကုသိုလ်လုပ်စေချင်လို့ အနံ့ပေးတာမျိုး၊ ကြောက်အောင် ခြောက်လှန့်တာမျိုးတွေ လုပ်တတ်ကြတယ်ကွဲ့၊ ဒါထက် ... လူရဲက ဘာဖြစ်လို့ အခုမှ မေးရတာလဲ''

''ဟို ... နှင်းသွယ်က ပြောလို့ပါ။ ဒီ ... ဒီအိမ်ကြီးနဲ့ ခြံကြီးထဲမှာ တစ္ဆေမတစ်ကောင်ရှိတယ်တဲ့။ ခြံနားနဲ့အိမ်အနား ကပ်လာသူ မှန်သမျှကို ခြောက်လှန့်တယ်တဲ့''

ကျွန်ုပ် သက်ပြင်းရှိုက်လိုက်မိတော့၏။

''အေး ... ဘာပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့ရည်ရွယ်ချက်က ရွှေပန်းကနုတ်ကို ရအောင်ယူဖို့ပဲမဟုတ်လား။ ဒါကြောင့် ... တစ္ဆေဆိုတာတွေကို အာရုံမထားပါနဲ့။ ရွှေပန်းကနုတ်ကြီး အမြန်ဆုံး ရရှိဖို့ကိုပဲ အာရုံစိုက်ပါကွယ်''

တကယ်တော့ ... ယင်းရွှေပန်းကနုတ်ကြီးကို လျှို့ဝှက် စွာ ဖော်ထုတ်ဖို့အရေးမှာ လက်တွေ့ အကောင်အထည်ဖော်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခက်လှကြောင်း ကျွန်ုပ်သိပါသည်။

သို့သော် ... အောင်သိန်း၏ မှတ်တမ်းအရဆိုလျှင် ထိုရွှေပန်းကနုတ်ကြီးမှာ ဤအိမ် ဤခြံကြီးထဲ ရှိနေမှာ သေချာသည်။

''အင်း ... ဒီကမ္ဘာလောကကြီးထဲမှာ အဲဒီရွှေပန်းကနုတ်ကြီး ဘယ်မှာရှိတယ်ဆိုတာကို သိတဲ့သူဟာ သေသွားတဲ့ မစိန်မှုန်တစ်ယောက်ပဲရှိတယ်။ မစိန်မှုန်ဟာ အဲဒီရွှေပန်းကနုတ်ကြီးကို လျှို့ဝှက်ထားတဲ့အခါမှာ အခြား ဘယ်သူ့ကိုမှ ပြောမှာ၊ အသိပေးမှာ မဟုတ်ဘူး။ ဒါကြောင့် အဲဒီရွှေပန်းကနုတ်ကြီးကို ဘယ်နေရာမှာ ဝှက်ထားသလဲဆိုတာကို သူတစ်ယောက်ပဲ သိမယ်၊ သူကလည်း သေသွားပြီဆိုတော့ မခက်ဘူးလား။ တကယ်လို့ သူသာ တစ္ဆေမ တကယ်ဖြစ်ခဲ့မယ်ဆိုရင် အဲဒီ တစ္ဆေမက ညွှန်ပြမှ ရွှေပန်းကနုတ်ကြီးရှိတဲ့နေရာကို အတိအကျ သိရမှာပဲ''

ကျွန်ုပ်သည် ယင်းသို့တွေးပြီး ရွှေပန်းကနုတ်ကြီးကို ရှာဖွေတွေ့ရှိဖို့အရေးမှာ တစ္ဆေမ မစိန်မှုန်နှင့် ဆက်သွယ်မှုရရှိရန် ကြိုးစားဖို့နှင့် မိမိတို့ဘာသာ ကြိုးစားရှာဖွေဖို့သာရှိကြောင်း သိမြင်





မိလေ၏။ တစ္ဆေမ မစိန်မှုန်မှာ လူရဲ၏ မိခင်ဖြစ်နေသဖြင့် ယင်းတစ္ဆေမအကြောင်းကို လူရဲအား မပြောချင်ပေ။

ထို့ကြောင့် တစ္ဆေမနှင့်ဆက်သွယ်မှုရရန် မိမိဘာသာ ကျိတ်ကြိုးစားရန် ဆုံးဖြတ်မိပြီး ကိုယ်တိုင် ကြိုးစားရှာဖွေရန် လည်း လူရဲကို တိုက်တွန်းရလေ၏။

''ကဲ ... လူရဲရေ ... အိမ်နဲ့ခြံရှင်းတာတော့ ပြီးသွားပြီ။ ဒီတော့ ရွှေပန်းကနုတ်ကြီးကို ကျုပ်တို့ ရှာဖွေဖို့ပဲ လိုတော့တယ်။ မောင်ရင်က ဒီအိမ်ကြီးရဲ့အိမ်ပေါ်ထပ်တစ်ခုလုံးမှာ ချောင်ကြိုချောင်ကြားမကျန် ရှာပေတော့။ ကျုပ်က အိမ်အောက်ထပ်မှာရှာမယ်။ အိမ်ထဲမှာ ရှာလို့မတွေ့မှ ခြံထဲ ဆင်းရှာကြတာပေါ့''

''ဟုတ်ကဲ့၊ ဒါထက် ကျွန်တော် ရွာထဲမှာ ဆေးလိပ်လေးဘာလေး သွားဝယ်လိုက်ဦးမယ်။ ဆရာ ဘာမှာဦးမလဲခင်ဗျ''

''ဘာမှ မမှာပါဘူးကွယ်။ ချက်ဖို့ ပြုတ်ဖို့လည်း ဝယ်ပြီးပါပြီ။ ချက်ပြုတ်ပြီးတာနဲ့ ကျုပ်ကစရှာတော့မှာပါ''

''ဟုတ်ကဲ့၊ ကျွန်တော်လည်း ပြန်လာတာနဲ့ ရှာမှာပါ။ ချက်တာပြုတ်တာတော့ ကျွန်တော် မချက်တတ်ဘူးခင်ဗျ။ ကိုကလေးမှာတုန်းကလည်း ကျောင်းအိပ်ကျောင်းစားနေခဲ့ရတာဆို



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအိမ်မှာနေတော့လည်း သူတို့အိမ်က ချက်ကျွေးတာ စားခဲ့ရတယ်လေ။ ရန်ကုန်ရောက်တော့လည်း ကျွန်တော် အလုပ်လုပ်တဲ့ ကားဝပ်ရှော့အိမ်ကပဲ ကျွေးတာဆိုတော့ တစ်ခါမှကို မချက်ပြုတ်ခဲ့ရဘူး ဆရာရဲ့''

''အေးပါ . . . အေးပါ၊ မောင်ရင်ရဲ့အကြောင်းပြချက်က ခိုင်လုံလှပါပေတယ်။ ကျုပ်ကတော့ ကျုပ်လက်ပေါ်မှာတင် သေသွားတဲ့ ငယ်သူငယ်ချင်းကြီးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လေတော့ မီးဖိုချောင်လည်း ဝင်ရဦးတော့မှာပေါ့။ ကျုပ်လည်း ရန်ကုန်ကအိမ်မှာဆို တပည့်လေး မောင်ဗေဒါ ချက်ပြုတ်ပေးတာကိုပဲ အခန့်သားစားခဲ့ရသူပါ၊ ဒါပေမဲ့ . . . မောင်ရင့်ကို တစ်ခုတော့ ပြောလိုက်မယ်။ ယောကျ်ားကောင်းဖြစ်ချင်ရင် အတတ်ပညာမျိုးစုံ တတ်ထားရတယ်။ အတတ်ပညာတွေကို သင်ယူခွင့်ကြုံလျက်သားနဲ့ ဟိုအကြောင်းပြ ဒီအကြောင်းပြရှောင်ပြီး ပညာယူဖို့ ရှောင်တတ်သူဟာ လူချွန်လူမွန်ယောကျ်ားတစ်ယောက် ဘယ်တော့မှ မဖြစ်ဘူး။ တကယ်ဆို ကျုပ် ချက်ပြုတ်နေတုန်း ကြက်သွန်လေးနွှာ၊ ငရုတ်သီးလေးထောင်းရင်းနဲ့ ချက်ပြုတ်တဲ့ပညာကို ယူလို့ရတာပဲ''





''ဟုတ် . . . ဟုတ်ကဲ့ပါဆရာရယ်။ နောင်တော့ ကူလုပ်ပေးရင်း ပညာယူပါ့မယ်နော်။ ခုတော့ ဟို ရွာထဲသွားပြီး''

''အေးပါ . . . ရွာထဲသွား ဆေးလိပ်ဝယ်တာကို အကြောင်းပြပြီး နှင်းသွယ်တို့အိမ် ဝင်လည်မလို့ မဟုတ်လား''

''ဆရာကလည်း သိလျက်သားနဲ့ . . . ဟဲ ဟဲ ဟဲ''

လူရဲက ရယ်ကျဲကျဲဖြင့် လက်တစ်ဖက်မြှောက် နှုတ်ဆက်ကာ ထွက်သွားရာ ကျွန်ုပ်လည်း သူ့ကိုပြုံးကြည့်ကျန်ရစ်ရာမှ အိမ်ရှေ့တံခါးကို သွားစေ့ပိတ်လိုက်ပြီး အိမ်ထဲဘက်သို့ ပြန်လှည့်လိုက်စဉ် ကျွန်ုပ်၏မျက်လုံးအကြည့်တို့က အိမ်ပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးဆီသို့ အမှတ်မထင်ရောက်ရှိသွားရာ

''ဟင်''

လှေကားတစ်ဆစ်ချိုးတွင် ဆံပင်ရှည်ဖားလျားချထားသည့် မိန်းမတစ်ယောက်သည် ကျွန်ုပ်ရှိရာဆီ ကျောခိုင်းရပ်နေကြောင်း တွေ့ရသဖြင့် ကျွန်ုပ်မှာ ကြက်သီးဖြန်းခနဲထသွားပါတော့၏။

ကျွန်ုပ်သည် သွေးနည်းလှသူမဟုတ်ဘဲ ကျွန်ုပ်၏ မိတ်ဆွေ အိုးနင်းခွက်နင်းဘိုးသူတော်ကြီးနှင့်အတူ ဂန္ဓာရီခရီး



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ထွက်ဖူးသည့်အပြင် သုသာန်တို့၌ သူတရားရှုမှတ်သည့်အခါ အဖော်လိုက်ဖူးသောကြောင့် တစ္ဆေသရဲတို့ကို ကြောက်ရွံ့စိတ်မရှိပါ။

သို့သော် ဆိတ်ဆိတ်ငြိမ်နေသည့် ဉာဏ်နှစ်ထပ်အိမ်ကြီးထဲတွင် တစ်ယောက်တည်းကျန်နေခိုက် ဆံပင်ဖားလျားနှင့် ထိုမိန်းမကို မျှော်လင့်မထားသည့်အချိန်တွင် ရုတ်တရက်တွေ့လိုက်ရသဖြင့် လူမ လန့်သည့်တိုင် သွေးလန့်သလို ဖြစ်သွားရကြောင်း ဝန်ခံပါ၏။

ခဏချင်းမှာပင် ကျွန်ုပ်၏ သွေးလန့်ခြင်းလည်း ပျက်ပြယ်သွားရာ ယင်းမိန်းမမှာ တစ္ဆေမ မစိန်မှုန်ဖြစ်မှာသေချာသဖြင့် ထိုတစ္ဆေမနှင့်တော့ အဆက်အသွယ်ရပြီဟူ၍ ဝမ်းသာသွားရကာ ကျွန်းလှေကားကြီးဆီသို့ ခြေလှမ်းကြဲကြီးများဖြင့် လျှောက်လှမ်းသွားလိုက်မိတော့၏။

ကျွန်ုပ် ထိုသို့လျှောက်လှမ်းသွားလိုက်သည်နှင့် ထိုတစ္ဆေမသည်လည်း လှေကားတစ်ဆစ်ချိုးမှနေ၍ လှေကားအတိုင်း အိမ်ပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားပါတော့သည်။

''မစိန်မှုန် ... မစိန်မှုန် ... နေပါဦး''





ကျွန်ုပ်က လှမ်းအော်ခေါ်ရင်း လှေကားအတိုင်း ပြေးတက်လိုက်သွားရာ တစ္ဆေမသည်လည်း လှည့်၍မျှ မကြည့်ဘဲ ခပ်သွက်သွက် ဆက်တက်သွားလေ၏။

ထို့ကြောင့် ... လှေကားတစ်ဆစ်ချိုးသို့ ကျွန်ုပ်ရောက်သည့်တွင် တစ္ဆေမမှာ လှေကားထိပ်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

''မစိန်မှုန် ... မစိန်မှုန် ခဏနေပါဦး''

ကျွန်ုပ်က ထပ်မံအော်ခေါ်ရင်း လှေကားတစ်ဆစ်ချိုးမှနေ၍ ပြေးတက်လိုက်ရာ တစ္ဆေမက စင်္ကြံတစ်ဖက်သို့ ချိုးကွေ့လျှောက်လှမ်းသွားသဖြင့် ကျွန်ုပ်၏မြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့၏။

လှေကားထိပ်သို့ ကျွန်ုပ်ရောက်ရှိသွားသည့်အခါမှာမူ တစ္ဆေမ၏အရိပ်အယောင်သော်မျှ မတွေ့ရတော့ချေ။

''ဟင် .... ဘယ်ရောက်သွားပါလိမ့်၊ စင်္ကြံလမ်းမှာလည်း မရှိပါလား''

အနီးဝန်းကျင်မှ အခန်းများထဲမှာ ရှာကြည့်သော်လည်း မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သက်ပြင်းကြီးချပြီး ခေါင်းကိုသာ ခါယမ်းလိုက်မိတော့၏။ မည်သို့ဖြစ်စေ တစ္ဆေမ မစိန်မှုန်နှင့် အဆက်အသွယ်ရရန် လမ်းစ စတင်ပွင့်ပြီဟု ခံစားရသဖြင့် စိတ်ထဲမှ ကျိတ်ဝမ်းသာသွားမိပါတော့၏။

သို့သော် ... ကျွန်ုပ်၏အတွေ့အကြုံ သည့်ထက်ပိုပြီး မထူးမခြားမချင်း လူရဲကိုမပြောပြရန် ဆုံးဖြတ်လိုက်မိပါတော့၏။

သို့တိုင် တစ္ဆေမ မစိန်မှုန်ကြားစေရန်မှု အော်ပြောလိုက်မိတော့သည်။

"မစိန်မှုန်ရေ ... ကျုပ် အခုလုပ်နေတာ ကျုပ်ရဲ့ကိုယ်ကျိုး လုံးဝမပါပါဘူးဗျာ။ ခင်ဗျားတို့လင်မယားနဲ့ ခင်ဗျားတို့ရဲ့ သားလေး လူရဲရဲ့အကျိုးအတွက်ပါ။ ကျုပ်ကို သံသယမဝင်ပါနဲ့၊ သံသယမဝင်ပါနဲ့ဗျာ"

✳ ✳ ✳



## တမလွန်မေတ္တာရှင်

ထို့နောက်ရက်များတွင် ကျွန်ုပ်နှင့်လူရဲတို့သည် ချောင်ကြိုချောင်ကြားမကျန် အိမ်ကြီးထဲအနှံ့ သုံးရက်လုံးလုံး ရှာဖွေကြသော်လည်း ရွှေပန်းကနုတ်ကြီးကို အစအနမျှပင် မတွေ့ရချေ။

အိမ်ထဲရှာဖွေပြီး၍ ခြံထဲကိုရှာဖွေရာ၌လည်း ကျွန်ုပ်က ခြံကြီး၏ရှေ့ပိုင်းမှာရှာဖွေပြီး လူရဲက ခြံနောက်ပိုင်းအနှံ့ ရှာကြလေသည်။

ခြံရှေ့ ခြံနောက် ခြံဘေးတို့ရှိ မသင်္ကာသည့်နေရာတို့ကို

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏အောက်ထပ်အနောက်ဘက် စတိုခန်းထဲမှ သံတူရွင်း ငန်းပြားတို့ ယူကာ တူးဆွရှာကြသော်လည်း ရွှေတိုရွှေစ အရိပ်အယောင်မျှပင် မရရှိကြချေ။

ယင်းသို့ လက်တွေ့ကြိုးစားရှာဖွေမရသော်လည်း ညဘက် သန်းခေါင်ယံခန့် ကျွန်ုပ်အိပ်ရာမှ တစ်ရေးနိုးတိုင်း တစ္ဆေမ၏ အရိပ်အယောင်တို့ကို တွေ့ရစမြဲ ကြုံရစမြဲဖြစ်၏။

ညဥ့်သန်းခေါင်ယံကာလ အိပ်ရာမှ ကျွန်ုပ် တစ်ရေးနိုးသည်နှင့် စကြံ၌ လူတစ်ယောက်လမ်းလျှောက်နေဟန် ခြေသံတရှပ်ရှပ်ကို ကြားရတတ်မြဲဖြစ်သည်။

ကျွန်ုပ်နှင့်လူရဲတို့မှာ အိမ်ပေါ်ထပ်၌ တစ်ယောက်တစ်ခန်း အိပ်စက်ကြရာ လူရဲမှာမူ လူငယ်ပီပီ စားကောင်း အိပ်ကောင်းအရွယ်ပေမို့ တစ်ညတာလုံး မထတမ်း တောက်လျှောက် အိမ်ပျော်လေ့ရှိပြီး ကျွန်ုပ်မှာမူ လူကြီးဖြစ်သည့်အတိုင်း တစ်ညတွင် နှစ်ခါ သုံးခါ နိုးစမြဲဖြစ်၏။

ကျွန်ုပ်သည် အိပ်ရာမှတစ်ရေးနိုးတိုင်း လက်နှိပ်ဓာတ်မီးလေးယူကာ အိမ်အောက်ထပ်သို့ ဆင်းပြီး ရေအိမ်၌ ဆီးသွားလေ့ရှိရာ ယင်းသို့ အိမ်အောက်သို့ဆင်းသည့်အခါ တစ်ကြိမ်မဟုတ်





တစ်ကြိမ် တစ္ဆေမ မစိန်မှုန်၏အရိပ်အယောင်ကို တွေ့ရတတ်လေ့ရှိပေသည်။

ယင်းသို့တွေးတိုင်း –

“မစိန်မှုန် ... ကျုပ်တို့ကို ကူညီပါဗျာ။ ခင်ဗျားရဲ့သားလေး လူရဲရဲ့ဘဝအတွက် အထောက်အပံ့ဖြစ်စေဖို့နဲ့ ခင်ဗျားတို့လင်မယားအတွက် အလှူကြီးပေးပြီး အမျှအတန်းပေးဝေ သာဓုအနုမောဒနာခေါ်နိုင်စေဖို့ ခင်ဗျားလျှို့ဝှက်ထားတဲ့ ရွှေပန်းကနုတ်ကြီးရှိရာအရပ်ကို ညွှန်ပြပေးပါ”

ဟု နှုတ်မှ ခပ်တိုးတိုးရွတ်ဆိုတောင်းပန်မှု ပြုသော်လည်း ထိုတစ္ဆေမမှာ ဖြူးခနဲ ဖြောက်ခနဲ ကိုယ်ထင်ပြပြီး ပျောက်သွားလေ့သာ ရှိလေ၏။ တစ်စုံတစ်ရာ ထူးထူးခြားခြား ညွှန်ပြကူညီခြင်းမရှိချေ။ အိပ်မက်ပေးခြင်းလည်း မရှိချေ။

နောက်ပိုင်းရက်များတွင် လူရဲသည် ရွှေပန်းကနုတ်ကြီးကို ရှာဖွေရန်ထက် ရွာသူအပျိုချော နှင်းသွယ်တို့အိမ်သို့ သွားရောက်လည်ပတ် ပိုးပန်းရန်သာ စိတ်ဝင်စား ပျော်မွေ့နေပုံရလေသည်။

နှင်းသွယ်၏အစ်ကို ဖင်မဲ (ခေါ်) ထွန်းသိန်းမှာ သချော

www.burmeseclassic.com

www.burmeseclassic.com



သက္ကာရကောင်းပြီး လူရဲကိုလည်း ခင်မင်နေသဖြင့် သူညီမနှင့် လူရဲ အရောတဝင်နေသည်ကို အပြစ်မမြင်ဘဲ သဘောတူ ကြည်ဖြူနေပုံရသည်ဟု လူရဲပြောပြသဖြင့် ကျွန်ုပ်သိရလေ၏။

"နေပါဦး မောင်လူရဲရဲ့ ... မင်းနဲ့နှင်းသွယ်တို့ရဲ့ အခြေအနေက ဘယ်လိုလဲ"

ကျွန်ုပ်က မနေနိုင်သဖြင့် တစ်နေ့ဝယ်မေးမိရာ လူရဲက ရယ်ကျဲကျဲဖြင့် ဖြေသည်။

"ကျွန်တော်တို့ ရည်းစားဖြစ်နေကြပြီ ဆရာ"

"အေး ... ကျုပ်ထင်သားပဲ၊ နို့ ... မောင်ရင်က ဒီရွာသူကိုယူပြီး ဒီရွာမှာ အခြေချဖို့ ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့ ... တခြားမှာလည်း ကျွန်တော့်မှာ အခြေချစရာနေရာမှမရှိဘဲ ဆရာရယ်။ ဒီရွာမှာ ကျွန်တော့်မိဘပိုင် လယ်ယာမြေမရှိပေမယ့် အိမ်ကြီးရခိုင်နဲ့ ခြံကြီးတော့ ရှိသေးတာပဲလေ"

"အေး ... အိမ်နဲ့ခြံပိုင်းရှိပေမယ့် ရင်းနှီးစားသောက်စရာ ငွေကြေးမရှိလေတော့ မောင်ရင့်အဖေလိုပဲ တံငါလုပ်စားမလို့လား။ မောင်ရင်က ဘွဲ့ရပညာတတ်မဟုတ်ပေမယ့် မြို့မှာဆို





ကားဝပ်ရှော့တစ်ခုခုမှာ ဝင်လုပ်လို့ရတာပဲ။ ဒီရွာမှာဆိုရင်တော့ ပင်လယ်ထွက် ငါးရှာပြီး ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း အသက်မွေးရမှာပဲကွဲ့"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာရယ်၊ နှင်းသွယ်ကလည်း ဒီရွာလေးကို ချစ်တယ်တဲ့။ သူ့အဖေ အမေကို မခွဲနိုင်ဘူးတဲ့။ ဒီတော့ ... သူနဲ့လက်ထပ်ပြီးရင် တစ်ကောင်ကြွက်တစ်မျက်နှာ ကျွန်တော့်အနေနဲ့ ဒီရွာမှာပဲ အခြေချရတော့မှာပေါ့ ဆရာရယ်"

"အေးကွာ ... ခက်တာက မင်းရဲ့ ဘဝခြားသွားပြီဖြစ်တဲ့ အမေကလည်း မင်းရဲ့ဘဝ တင့်တောင်းတင့်တယ် ဖြစ်စေဖို့ မကူညီဘူး။ သူကူညီလို့ ရွှေပန်းကနုတ်ကြီးကိုသာရရင် မင်းအနေနဲ့ ရင်းနှီးဖို့ငွေတွေရပြီး ဘဝမှာ သက်သောင့်သက်သာနဲ့ ချောင်ချောင်လည်လည်နေရမှာကွ။ မင်းအမေက ဥစ္စာခြောက်ပြီး မကူညီတော့ခက်တာပေါ့"

ကျွန်ုပ်နှင့်လူရဲတို့မှာ အိမ်အောက်ထပ်ညှော်ခန်းကြီးထဲရှိ ကြိမ်ဆက်တီခုံများတွင် ထိုင်ကာ စကားပြောနေကြခြင်းဖြစ်ရာ အိမ်ပေါ်ထပ်သို့တက်သည့် ကျွန်းလှေကားကြီးမှာ ကျွန်ုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်တွင် ရှိလေသည်။

ကျွန်ုပ်က တစ္ဆေမ မစိန်မှုန်ကို အပြစ်တင်စကားများ စပြောနေမိစဉ် အိမ်ပေါ်ထပ်ဆီမှ တစ်စုံတစ်ဦးဆင်းလာသည်ကို လှမ်းတွေ့လိုက်ရလေ၏။

လူရဲမှာမူ ကျွန်းလှေကားကြီးကို ကျောခိုင်းထိုင်နေသဖြင့် ထိုလူရိပ်ကိုမမြင်ချေ။

ကျွန်ုပ်ကမူ ကုလားထိုင်နောက်မှီကို ကျောမှီထိုင်ရင်း ဒန်းပေါ်းလ်ဆေးတံကြီးခဲထားလျက်မှ လူရဲ၏ခေါင်းကိုကျော်လျက် ကျွန်းလှေကားကြီးဆီ လှမ်းကြည့်နေမိလေ၏။

ဆံပင်ဖားလျားချကာ ခပ်နွမ်းနွမ်းရှုန်သားအင်္ကျီ လက်ရှည် ဝါကျင့်ကျင့်နှင့် ချိတ်ထမီအဝါဖျော့ဖျော့ ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည့် မစိန်မှုန်သည် ညိုးလျလျမျက်နှာဖြင့် လှေကားထစ်များအတိုင်း တစ်လှမ်းချင်း ဆင်းလာနေသည်ကို တွေ့နေရသည်မှာ ကျွန်ုပ်အဖို့ အိပ်မက်ထဲ၌ မြင်မက်နေရသလို ခံစားရလေ၏။

သူမ၏အသံတိတ် လှုပ်ရှားမှုကို ကျွန်ုပ် ဆိတ်ငြိမ်စွာ စောင့်ကြည့်နေစဉ် ကျွန်ုပ်၏ရှေ့ရှိ ကြိမ်ဆက်တီခုံ၌ ခေါင်းငိုက်





စိုက်ချထိုင်နေသော လူရဲထံမှ စကားသံ ထွက်လာတော့သည်။

“ဆရာရယ် . . . ကျွန်တော့်မိဘတွေဟာ တစ်ချိန်က ချမ်းသာခဲ့တယ်ဆိုပေမယ့် ခုအချိန်မှာတော့ ကျွန်တော်က မွဲပါ၊ ဒီခြံနဲ့အိမ်ကြီးကို အမွေဆက်ခံရရှိတာကလွဲလို့ ခြူးတစ်ပြားတောင် လက်ထဲမရှိတော့ပါဘူး။ ရန်ကုန်ကနေပါလာတဲ့ ငွေတစ်ထောင်လည်း ကုန်ပြီလေ။ ခုတောင် ဆရာကျွေးလို့ စားနေရတာ။ အမေ လျှို့ဝှက်ထားခဲ့တယ်ဆိုတဲ့ ရွှေပန်းကနုတ်ကြီးကိုလည်း ရှာလို့ ရတော့မယ် မထင်ပါဘူးဗျာ . . .၊

နှင်းသွယ်က ပြောတယ် . . . ဒီအိမ်ကြီးမှာ အမေက တစ္ဆေအဖြစ် ရှိနေတယ်တဲ့။ ကျွန်တော်တော့ မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်ကိုရောက်တာ တစ်လကျော်ခဲ့ပြီပဲ။ ဘယ်လိုတစ္ဆေသရဲရဲ့ အရိပ်အယောင်မှ ကျွန်တော် မတွေ့ရဘူး။ အဲဒါ . . . အမေ မရှိလို့ပေါ့ . . .၊

အမေသာ ဒီအိမ်ကြီးထဲမှာ တစ္ဆေအဖြစ်ရှိနေမယ်ဆိုရင် သူဝှက်ထားတဲ့ ရွှေပန်းကနုတ်ကြီးရှိတဲ့နေရာကို ကိုယ်ထင်ပြလို့ပဲဖြစ်ဖြစ် သူ ညွှန်ပြမှာပါပဲ။ ဒါမှမဟုတ် အိမ်မက်ပေးပြီး ပြနိုင်တာပဲ မဟုတ်လား။ အမေဟာ ဒီအိမ်ကြီးထဲမှာ တစ္ဆေမ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တကယ်မရှိလို့ပဲလား။ ဒါမှမဟုတ် … ကျွန်တော့်အပေါ် သားတစ်ယောက်အဖြစ် အသိအမှတ်မပြုတော့လို့ပဲလား၊ ကျွန်တော့်ကို မချစ်တော့လို့ပဲလား မသိပါဘူးဗျာ …၊

ရှာလို့လည်းမတွေ့၊ အမေကလည်းမပြန်နဲ့ ကျွန်တော် တံငါသည်ဖြစ်ဖို့ပဲ ရှိတော့တာပေါ့ ဆရာရယ်။ ကျွန်တော် နေပူမိုးရွာမရှောင် ပင်လယ်ထဲမှာ သက်စွန့်ဆံဖျား ပင်ပန်းဆင်းရဲနေတာကို အမေ တမလွန်က တွေ့ရင်တော့ စိတ်ချမ်းသာမှာ မဟုတ်ပါဘူး''

လူရဲက ဖြည်းဖြည်းလေးလေးပြောနေရာ လှေကားတစ်ဆစ်ချိုး၌ မလှုပ်မချောက်ရပ်နေသည့် မစိန်မွှန်သည် ခေါင်းငိုက်စိုက်ချလျက် နားထောင်နေဟန်ရှိပြီး ဆံနွယ်မျှင်တို့က သူမ၏ ဖြူဖပ်ဖြူရော် မျက်နှာသွယ်သွယ်အား ဖုံးကွယ်လျက် ရှိလေ၏။

ငြိမ်သက်နေရာသည့် သူမထံမှ ရှိုက်သံသဲ့သဲ့ထွက်လာသည်ကို ကျွန်ုပ် ကြားရသလိုရှိစဉ်မှာပင် သူမက ကျွန်းလှေကားကြီးအတိုင်း တစ်လှမ်းချင်း ဆက်ဆင်းလာပြီး ခေါင်းငိုက်စိုက်ချလျက် အိမ်နောက်ဘက်ဆောင်ဆီ ဦးတည်ကာ ဧည့်ခန်းကို ဖြတ်လျှောက်သွားလေသည်။





ကျွန်ုပ်က သူမ၏ရွေ့လျားမှုကို လိုက်ကြည့်နေရာ ကျွန်ုပ်ကို ခေါင်းမော့ကြည့်လာသည့် လူရဲသည် ကျွန်ုပ်မျက်လုံးစူးစိုက်ကြည့်နေရာဆီ အံ့အားတသင့်လှည့်ကြည့်လေ၏။

သူသည်မူ မည်သည့်အရာမျှ တွေ့မြင်ပုံမရချေ။

''ဆရာ … ဘာလဲဆရာ''

''လူရဲ … မင်းအမေ မင်းအမေ''

''ဗျာ''

ကျွန်ုပ်သည် သူ့အမေ တစ္ဆေမအရိပ်အယောင်ပြတိုင်း လူရဲ စိတ်ထိခိုက် ထိတ်လန့်မည်စိုး၍ မည်သည့်အခါကမျှ ပြောပြခြင်း မပြုခဲ့သော်လည်း ယခုမူ လွှတ်ခနဲ ပြောလိုက်မိတော့၏။

''အမေ ဟုတ်လား၊ ဘယ် … ဘယ်မှာလဲ ဆရာ''

''သူ့ကို ကျုပ်တွေ့နေတာကြာပြီလူရဲ၊ သူကတော့ မင်းကို အရိပ်အယောင်ရော၊ ကိုယ်ထင်ရော ဘယ်တော့မှမပြဘူး။ သားဖြစ်တဲ့ မင်းစိတ်ထိခိုက်သွားမှာစိုးလို့ ထိတ်လန့်သွားမှာစိုးလို့ မပြတာဖြစ်မှာပေါ့ကွာ။ ခု သူရှိနေတယ်။ ဟော … နောက်ဖေးဘက်ကို ဝင်သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နှုတ်မှ တတွတ်တွတ်ရေရွတ်ပြောဆိုရင်း ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထလိုက်ရာ လူရဲလည်း ရောယောင်ကာ ထရပ်လေ၏။

နောက်ဖေးဆောင်ဘက်သို့ လျှောက်လှမ်းသွားသည့် မစိန်မှုန်၏နောက်သို့ ခြေတစ်လှမ်းချင်း ဖွဖွလှမ်းလျက် ကျွန်ုပ် လိုက်သွားမိသည်တွင် လူရဲသည်လည်း ဘုမသိ ဘမသိဖြင့် ကျွန်ုပ်၏နောက်မှ လိုက်ပါလာလေသည်။

ခါတိုင်းဆိုလျှင် . . . မစိန်မှုန်သည် ကျွန်ုပ်ကို ဖြီးခနဲ ဖြောက်ခနဲမျှသာ ကိုယ်ထင်ပြပြီး ပျောက်ကွယ်သွားလေ့ရှိရာ ယခုမူ . . . ထူးထူးခြားခြား ပျောက်ကွယ်သွားခြင်း မရှိဘဲ တောက်လျှောက် ကိုယ်ထင်ပြနေသဖြင့် ကျွန်ုပ်မှာ အံ့သြနေ မိလေသည်။

မစိန်မှုန်သည် အိမ်နောက်ဖေးဆောင်ကိုပါ ဖြတ်သွား ပြီး နောက်ဖေးတံခါးဆီ ဆက်လက်လှမ်းလျှောက်သွားရာမှ သူမ ၏တစ်ကိုယ်လုံး နောက်ဖေးတံခါးချပ်ကြီးထဲ မြုပ်ဝင်ပျောက် ကွယ်သွားသည်ကို အံ့ပမက်မက်သူနှယ် ကျွန်ုပ် မြင်တွေ့နေရ လေ၏။





"ဟာ . . . သူ သူ အိမ်အပြင်ဘက်ထွက်သွားပြီကွ လူရဲ"

ကျွန်ုပ်သည် နောက်ဖေးတံခါးချက်ကို ဖြုတ်လိုက်ပြီး တံခါးရွက်ကို ဆွဲဖွင့်လိုက်ရာ နောက်ဖေးပေါက်နှင့် တစ်ဆက် တည်းရှိနေသော သံမံတလင်း လောင်းထားသည့် ရေချိုးခုံပေါ် တွင် နောက်ကျောခိုင်းလျက် ရပ်နေသည့် မစိန်မှုန်ကို တွေ့ရ လေသည်။

"သူ . . . သူ ရေချိုးခုံပေါ်မှာ ရပ်နေတယ် လူရဲ"

နှုတ်မှ တိုးတိုးဖွဖွပြောရင်း ကျွန်ုပ် ကြောင်ငေးကြည့် နေစဉ်မှာပင် မစိန်မှုန်၏ပုံရိပ်သည် တဖြည်းဖြည်း ဝေဝါးပါးလျား သွားရာမှ နေလာနှင်းနှယ်ပျောက်ကွယ်သွားပါတော့၏။

"သူ . . . သူမရှိတော့ဘူး လူရဲ"

"ဗျာ . . . ဆ . . . ဆရာ့ကို အမေက ကိုယ်ထင်ပြတာ လား ဆရာ"

"ဟုတ်တယ် လူရဲ၊ သူက ငါတို့ကို ဒီရေချိုးခုံအထိ ခေါ်လာခဲ့တာ . . . ခု ပျောက်သွားပြီ"

ကျွန်ုပ်က မချင့်မရဲပြောရင်း ရေချိုးခုံကို စူးစိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်မိ၏။ ယင်းသို့ စူးစူးရဲရဲကြည့်ရင်း အသိဉာဏ်တစ်ချက် လက်ခနဲဖြစ်သွားရတော့သည်။

"ဟာ ... ဒီ ... ဒီရေချိုးခုံနေရာကို ပြချင်လို့လား မသိဘူး"

"လူ ... လူရဲ စတိုခန်းထဲက ပေါက်ချွန်းတွေ၊ တူတွေ၊ စို့တွေသွားယူစမ်း၊ ဒီရေချိုးခုံကြီးကို ထုခွဲကြည့်ကြမယ်"

လူရဲလည်း ကရိယာတန်ဆာပလာများ ယူဆောင်လာလေလျှင် ကျွန်ုပ်နှင့်လူရဲသည် သံမံတလင်းခုံကြီးကို ဦးစွာ သံစို့ဖြင့် ရိုက်ဖွဲ့လျက် အက်ကြောင်းများ ဖြစ်ပေါ်အောင် ကြံဆောင်ကြလေ၏။

ပြီးလျှင် ... ပေါက်ချွန်းတို့ဖြင့် တက်ညီလက်ညီ ဖြိုခွဲဖျက်ကြရာ ကျွန်ုပ်တို့နှစ်ဦးစလုံး ချွေးပြိုက်ပြိုက်ကျပြီး ညနေစောင်းလုလုတွင်မှ သံမံတလင်းလောင်းထားသည့်ရေချိုးခုံမှာ ပြိုကွဲသွားပါတော့၏။

ထို့နောက် အောက်ခံမြေသားကို တူရွင်းငန်းပြားဖြင့် ဆက်တူးကြရာ –

"ဒေါင် ဒေါင်"





"ဟာ ... ဒီမှာ သံသေတ္တာတစ်လုံးပါလား"

မကြာမီမှာပင် အလတ်စားအရွယ် သံသေတ္တာတစ်လုံးကို တူးဖော်ရရှိလေ၏။

သံချေးအထပ်ထပ်တက်နေသည့် သံသေတ္တာ၏ မျောက်လက်ကို တူဖြင့် ရိုက်ဖျက်ပြီး သေတ္တာအဖုံးကို ဖွင့်လိုက်လေလျှင် အတွင်း၌ ပတ္တူစများဖြင့် အထပ်ထပ်ရစ်ပတ်ထားသည့် ခပ်ပြားပြားအရာနှစ်ခုကို တွေ့ရတော့၏။

ထိုအရာတို့ကိုကြည့်ပြီး ကျွန်ုပ် လွန်စွာဝမ်းသာသွားတော့၏။

"ဟား ... ရပြီကွ ရပြီ"

လူရဲသည်လည်း လွန်စွာဝမ်းသာသွားပါတော့၏။

"မောင်လူရဲ ... မင်းချမ်းသာပြီကွ၊ ချမ်းသာပြီ။ ဒါတွေကို ထုခွဲရောင်းချပြီး မင်းရဲ့ဘဝကို ထူထောင်ပေတော့"

"ဝမ်း ... ဝမ်းသာလိုက်တာ ဆရာရယ်။ ဒါ ... ဒါတွေဟာ အမေပေးတာနော်"

"ဒါပေါ့ကွ ... မင်းရဲ့တမလွန်ကအမေ ပေးတာပဲ၊ မင်းကို မင်းရဲ့အမေက ချစ်ပါတယ်ကွ။ သူက ချက်ချင်း မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ငါတို့ရဲ့အခြေအနေကို စောင့်ကြည့်ချင်လို့ဖြစ်မယ် ... မောင်လူရဲရဲ့။ ငါ့ကိုရော မင်းကိုပါ စိတ်ချသွားရမှ ခုလို သူမြှုပ်နှံထားတဲ့နေရာကို ပြရှာတာပဲဖြစ်မယ်''

ထိုအခါ လူရဲသည် မြေပြင်၌ ဒူးနှစ်ဖက်ထောက်လိုက်ကာ လက်အုပ်ချီလျက် ရင်ဘတ်၌ကပ်လိုက်ပြီး –

''အမေရယ် ... အမေ့ရဲ့ စေတနာမေတ္တာကို ပစ်မှားမိသလို ဖြစ်မိတာခွင့်လွှတ်ပါဗျာ။ အမေ့ရဲ့ကျေးဇူး ကြီးမားလှပါတယ်ဗျာ။ သား အမေ့ကို သိပ်ကျေးဇူးတင်ပါတယ်။ ဒီပစ္စည်းတွေ ထုခွဲရောင်းချပြီးရင် ဒီအိမ်ကြီးမှာပဲ သား အလှူကြီးအတန်းကြီးပေးပါ့မယ်။ အဲဒီအလှူပွဲမှာ အမေနဲ့အဖေကို ရည်စူးပြီး အမျှဝေတဲ့အခါ အမေ သာဓုခေါ်နိုင်အောင် ကြိုးစားပါနော်။ အမေ သာဓုခေါ်နိုင်အောင် ကြိုးစားပါနော်''

ဟု နှုတ်မှ တတွတ်တွတ် ရေရွတ်ရင်း မျက်ရည်တို့က သူ၏ပါးပြင်တို့ပေါ်သို့ စီးလိမ့်ကျလျက် ရှိပါတော့သတည်း။

✳

BURMESE CLASSIC .com

ဤသို့ဖြင့် ...

တစ်လအတွင်း ရွှေပန်းကနုတ်ကြီးကို ရန်ကုန်သို့ တက်ကာ ထုခွဲရောင်းချပြီးနောက် ...

တရွှေမအိမ်ဟု ဘီလူးရယ်ရွာသူရွာသားတို့ ခေါ်တွင်ခဲ့ကြသော နှစ်ထပ်အုတ်ပတ်ကားတက် ပျဉ်ထောင်အိမ်ကြီးတွင် ရွာဦးကျောင်းဆရာတော်အမှူးပြုသည့် သံဃာတော်ငါးပါးအား ပင့်ဖိတ်ကာ ဆွမ်းကျွေးပြီး တစ်ရွာလုံးကိုလည်း ဖိတ်ကြားကာ ကျွေးမွေးအလှူဒါနပြုပါလေ၏။ ဆရာတော်ဘုရားတို့ကလည်း ပရိတ်တရားတော်များ ရွတ်ဆိုချီးမြှင့်တော်မူကြလေ၏။

ယင်းအလှူပွဲတွင် အလှူဒါယကာ လူရဲက သူ၏ [illegible]

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



လွှန်သွားပြီဖြစ်သော မိဘနှစ်ပါးကို ရည်စူးလျက် ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပါ၏။

"အဖေနဲ့အမေရေ . . . သားပြုသမျှ ကုသိုလ်တို့အတွက် အမျှပေးဝေပါတယ်ခင်ဗျာ၊ သာဓုခေါ်ကြပါနော်။ အဖေနဲ့အမေရေ . . . အမျှ အမျှ အမျှ"

ယင်းနောက် တစ်လခန့်အကြာတွင် လူရဲသည် သူ၏ ချစ်သူလေး နှင်းသွယ်နှင့် ပျော်ပျော်ပါးပါးကြီး လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲပြီးလျှင် . . .

ငါးပိ ငါးခြောက်ဒိုင်အဖြစ် စီးပွားရေးကို အခြေတကျ လုပ်ကိုင်ကာ ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းပါတော့သည်။

ကျွန်ုပ်သည်လည်း မြစ်ဝကျွန်းပေါ်ဒေသမှ ထူးဆန်းလှသည့် မိသားစုသုံးဦး၏ အဖြစ်အပျက်တို့ကို အခြေခံလျက် ဤမည်သော တမလွန်သစ္စာ လုံးချင်းဝတ္ထုကြီးကို ရေးသားခွင့်ရခဲ့ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြာအင်္ဂ

ခု နှစ် စဉ် ကြယ် စာ ပေ

# စိတြာအင်္ဂ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
ငေ်မြိုင်မောင်နှမ
ရိုင်းမေတ္တာ
၁၀။ နံ့သာအိမ်ကြီး ရေကြာဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒ္ဒယကေရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား


www.burmeseclassic.com

www.burmeseclassic.com

